ကလေး သူငယ်များ အတွက်

# သုတ ရတနာ သိုက်

## အပင်များ





လာဂေါတစ် ဂလော်ကာ



ရွှေရောင်တောင်စလပ်



ဒိုင်ဆင်ထရာပင်ပု



တောင်ပေါ်အဝါရောင်ဗိုင်အိုလက်



တောင်ပေါ်ဇော်မွှား



ဂျင်ရှင်



ဂျပန်တောင်ပေါ်သစ်ခွ



ခေါင်းလောင်းပွင့်



တောင်ပေါ်အဗင်



နေ့နှင်းပန်း



အောက်ဆီထရော့ပစ်



ကျောက်ပန်း



ဟာကူဆာနာ ပရင်မြူလာ



နာစစ်ဆတ်ပွင့်ကဲ့သို့သော အင်နီမိုနီ



လောက်စဝပ်



ကိုလမ်ဗိုင်းပင်ပု



အာနီကာ



ထင်းရှူးပင်ပု

ကလေး သူငယ်များ အတွက်

# သူတ ရတနာ သိုက်

အပင်များ

ကိုဒန်းရှား၏

ကလေးသူငယ်များအတွက်

ရောင်စုံစွယ်စုံကျမ်း မူရင်းကိုမှီး၍

**အက်ဖ်အီးပီ** အင်တာနေရှင်နယ် ပီတီအီးလီမိတက်က

တည်းဖြတ်သည့် မူကို

အဆင့်မြင့်ပညာဦးစီးဌာနနှင့်

တိုင်း-လိုက်ဖ် စာအုပ်တိုက်တို့က

မြန်မာပြန်ဆိုထုတ်ဝေသည်။

ဟေသာ ယုမွန်

ပထမပုံနှိပ်ခြင်း အုပ်ရေ ၅၀၀၀၀

၁၉၈၄ ခုနှစ် ဩဂုတ်လ

# အမှာစာ

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ရှိ ကလေးသူငယ်များ ဗဟုသုတ တိုးတက်ပွားများစေရန် ရည်ရွယ်၍ **ကလေးသူငယ်များအတွက် သုတရတနာသိုက်** ဟူသောအမည်ဖြင့် ဤကျမ်းကို ပညာရေးဝန်ကြီးဌာနက စီစဉ်ထုတ်ဝေလိုက်ပါသည်။

အဆိုပါကျမ်း၏မူရင်းမှာ Kodansha ကုမ္ပဏီမှ ဂျပန်ဘာသာဖြင့် ထုတ်ဝေသော ရောင်စုံစွယ်စုံကျမ်းဖြစ်ပါသည်။ ထိုစွယ်စုံကျမ်းကိုမှီး၍ Far East Publication International Pte Limited မှ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော The Children's Treasury of Knowledge ကျမ်းကို အဆင့်မြင့်ပညာဦးစီးဌာနနှင့် Time-Life စာအုပ်ကုမ္ပဏီတို့ပူးတွဲ၍ မြန်မာပြန် ကျမ်း တစ်စောင်အဖြစ် ရောက်အောင် ကြိုးပမ်းကြခြင်းဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာနက ဤသို့စီစဉ်ထုတ်ဝေရာ၌ နိုင်ငံတော်၏ပညာရေးကို ကမ္ဘာ့ပညာရေးအဆင့်မီစေရန် ကြိုးပမ်းနေသည့်အားလျော်စွာ မြန်မာကလေးသူငယ်များသည် ကျောင်းပြဋ္ဌာန်းစာများအပြင် ပညာရပ်ဆိုင်ရာ အထွေထွေဗဟုသုတများကိုလည်း အလွယ်တကူ ရယူဆည်းပူးနိုင်ကြပါစေဟူသော အာသီသထားရှိပါသည်။

ဤ **သုတရတနာသိုက်** တွင်–

၁။ ယူနီဗာ့ဆ်နှင့် ရာသီဥတု
၂။ အပင်များ
၃။ ကမ္ဘာဦးသက်ရှိများ
၄။ ရေအောက်သက်ရှိများ
၅။ အင်းဆက်ပိုးများ
၆။ တိရစ္ဆာန်များ
၇။ သင်္ချာ
၈။ အီလက်ထရွန်နစ်နှင့် စွမ်းအင်
၉။ ပို့ဆောင်ရေးယာဉ်များ
၁၀။ ဝါသနာပါရာ အပန်းဖြေစရာ

ဟူ၍ ဝိဇ္ဇာသိပ္ပံအသိပညာ အတတ်ပညာ စသည့် သုတရတနာများ ပါဝင်ကြပါသည်။ ထိုသုတရတနာများ သိုမှီးရာဖြစ်သောကြောင့် ကျမ်း၏အမည်ကို **သုတရတနာသိုက်** ဟူ၍ မှည့်ခေါ်ခြင်း ဖြစ်ပါသည်။

ဤကျမ်းကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ မွန်မြတ်သောစေတနာဖြင့် ပြန်ဆိုကြသော ဆိုင်ရာဆိုင်ရာ ပညာရှင်ပုဂ္ဂိုလ်ကြီးများသည် စေ့စပ်သေချာစွာ ပြန်ဆိုစိစစ်ကြပါသည်။ သို့သော် ဘာသာတစ်ခုမှ အခြားဘာသာတစ်ခုသို့ တိတိကျကျ ပြန်ဆိုရန်မှာ မလွယ်ကူလှသော ကိစ္စတစ်ရပ်ဖြစ်ပါသည်။ တစ်ဘာသာနှင့် တစ်ဘာသာမှာ အနက်အဓိပ္ပာယ် အကျယ်အကျဉ်း အနက်အတိမ် စသည့် ခြားနားမှုများရှိမြဲဖြစ်ရာ မူရင်းအဓိပ္ပာယ် တိကျစေရန် အချို့အချို့သော မူရင်းဘာသာစကားလုံးများကို မြန်မာဘာသာသို့ မပြန်ဆိုပဲ

အသံမျှသာ ဖလှယ်ထားပါသည်။ ဤသို့ အသံဖလှယ်ထားခြင်းကြောင့် မူရင်းဘာသာစကားနှင့် ရင်းနှီးမှု အကျိုးကိုလည်း ကလေးသူငယ်များ ရရှိနိုင်ပါသည်။

ပညာရှင်များ ယခုသုံးထားသော စကားလုံးများနှင့် အဓိပ္ပာယ်များထက် ပိုမိုကောင်းမွန်သင့်မြတ်သည့် စကားလုံးများ အဓိပ္ပာယ်များကို ဤကျမ်းကို လေ့လာဖတ်ရှုသူများက အကြံပေးစေလိုပါသည်။ ထိုသို့ အကြံပေးချက်များကို လေးလေးစားစား လေ့လာပြီး ဆီလျော်သည့်အချက်အလက်နှင့် စကားလုံးများကို အစားထိုးပြောင်းလဲရန် အသင့်ဖြစ်ပါသည်။

ဤကျမ်းတွင် ပါဝင်သည့် ပညာရပ်ဆိုင်ရာ အထွေထွေဗဟုသုတများကို လိုသလိုရွေးနုတ်၍ ဆည်းပူးနိုင်ကြပါသည်။ ကလေးသူငယ်များအတွက်ဟု ဆိုသော်လည်း ဤကျမ်းကို ဖတ်ရှုလေ့လာခြင်းဖြင့် ကလေးလူကြီးမရွေး ဗဟုသုတပွားများ၍ အသိဉာဏ်များ ပိုမိုအားကောင်းလာကြမည်။ ထိုထက် တစ်ဆင့်တက်၍ သိလိုစိတ် စူးစမ်းရှာဖွေလိုစိတ်နှင့် သုတပွားလိုစိတ်များ ဆက်ကာဆက်ကာ ဖြစ်ပေါ်လာကြပါက ဤကျမ်းထုတ်ဝေရခြင်း၏ရည်ရွယ်ချက်အောင်မြင်သည်ဟု မှတ်ယူရပေမည်။

ပညာရေးဝန်ကြီးဌာန

# မာတိကာ


စာမျက်နှာ

အပင်များ ၇

အပင်လောက ၈

ဆင့်ကဲဖြစ်စဉ်ဇာစ်မြစ်များ ၁၀
ဆဲလ် ၁၂
လိုက်လျောညီညွတ်ခြင်း ၁၄

ရှေးဦးအပင်များ ၁၈

မျိုးစေ့မရှိသောအပင်များ ၂၀

ပင်လယ်ရေမှော်များ ၂၀
မှိုများ ၂၂
လိုင်ကင်များ ၂၄
ရေညှိနှင့်လစ်ဗာဝပ်များ ၂၅
ဖန်းပင်နှင့် ဖန်းနွယ်ဝင်အပင်များ ၂၆

မျိုးစေ့ဖော်အပင်များ ၃၀

ကိုနီဖာပင်များ ၃၁

အပွင့်ဆောင်ပင်များ ၃၄

ကြီးထွားခြင်း ၃၅
မျိုးပွားခြင်း ၃၆

စေ့ရွက်စုံမျိုးရင်းများ ၃၈

နှင်းဆီမျိုးရင်း ၅၀
ပဲမျိုးရင်း ၅၂
ရာဘာမျိုးရင်း ၅၈
အာလူးမျိုးရင်း ၇၃
ပင်စိမ်းမျိုးရင်း ၈၀
ကော်ဖီမျိုးရင်း ၈၂
ဗူးမျိုးရင်း ၈၃

စေ့ရွက်ထီးမျိုးရင်းများ ၈၆

မြက်မျိုးရင်း ၈၈
နှင်းပန်းမျိုးရင်း ၉၄

သဘာဝ၏ဟန်ချက်ညီခြင်း ၁၀၀

ဝေါဟာရစာရင်း ၁၁၁

မျက်နှာဖုံး

အရှေ့တောင်အာရှအပူပိုင်းဒေသရှိ သစ်တောသည် ဤစာအုပ်တွင် ဖတ်ရှုရမည့် အပင်များစွာတို့ ပေါက်ရောက်သည့် နေရာဖြစ်သောကြောင့် ၎င်းသစ်တောအကြောင်းကို သိနားလည်ရန် ခက်ခဲတော့မည် မဟုတ်ပေ။

# အပင်များ

ကျွန်ုပ်တို့သည် ပတ်ဝန်းကျင်ရှိ အပင်တို့ကို တွေ့မြင်နေကျဖြစ်သောကြောင့် အထူးတလည် သတိမပြုမိတတ်ကြပေ။ သက်ရှိအားလုံးတို့မှီခိုရာမှာ အပင်များဖြစ်သည်။ လူ့အသုံးအဆောင်များကို အပင်များမှရသည်။ တိရစ္ဆာန်များလည်း အပင်များကိုမှီခိုရသည်။ အသားမစားတိရစ္ဆာန်က အပင်ကိုစားသည်။ အသားစားတိရစ္ဆာန်က အပင်စားတိရစ္ဆာန်ကို စားသည်။ အပင်တို့ကမူ နေရောင်ခြည်မှ စွမ်းအင်ကိုရယူပြီး 'ကာဗွန်ဒိုင်အောက်ဆိုဒ်' နှင့် ရေတို့ကို ပေါင်းစပ်ကာ မိမိတို့အတွက်အစာကို မိမိတို့ဘာသာ ပြုလုပ်နိုင်သည်။



ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားသော ပဒုမ္မာကြာသည် အပြစ်ကင်းစင်သည့် အထိမ်းအမှတ်ကို ဆောင်သည်။

ဤမြေပုံသည် ကမ္ဘာပေါ်တွင် အပင်များပျံ့နှံ့ပုံကို ပြသည်။ လေ၊ မိုးနှင့် အပူချိန်တို့အလိုက် တောအမျိုးမျိုး ဖြစ်ပေါ်သည်။ ထိုတောများကို ပေါက်ရောက်နေသော အပင်အမျိုးအစားအလိုက် အမည်မှည့်ခေါ်သည်။ ဒေသတခုတွင် မည်သည့်အပင်မျိုးပေါက်နိုင်၊ မပေါက်နိုင် ဆိုသည်မှာ မြေဆီလွှာအခြေအနေ၊ ရာသီဥတု၊ ရေရရှိမှုအစရှိသော ပတ်ဝန်းကျင် အခြေအနေအားလုံးအပေါ်တွင် မူတည်သည်။

အပင်တို့သည် ၎င်းတို့နှင့် လိုက်လျောညီညွတ်သော တောတွင်သာ ပေါက်နိုင်သည်။ ပင်လယ်၊ တောင်၊ မြစ် အစရှိသည့် အဆီးအတားများအပြင် ရာသီဥတုကလည်း ဒေသတခုလုံး၏ သက်ရှိလောကနှင့် အသွင်အပြင်ကို ပြောင်းလဲစေသည်။ ကမ်းခြေရှိ တောင်တန်းများသည် အပေါ်မှ ဖြတ်သွားသော လေကို မိုးရွာစေသောကြောင့် တောင်၏တဘက်ခြမ်းတွင် အပင်များထူထပ်စွာ ပေါက်နိုင်သည်။ ကျန်တဘက်ခြမ်းတွင်မူ ရေမရှိသောကြောင့် သဲကန္တာရပေါက်အပင်မျိုးများသာ ပေါက်နိုင်သည်။ ပို၍အေးသောဒေသတို့တွင်'ကိုနီဖာ' (ထင်းရှူးစသည့်) အပင်မျိုးများသာ ပေါက်နိုင်သည်။ ထိုသို့ပေါက်သောကြောင့် ၎င်းတောများကို ကိုနီဖာသစ်တောဟု ခေါ်သည်။

## သက်ရှိများကို အမျိုးအစားခွဲခြားခြင်း

သိမြင်ဖူးသော အပင်များစွာရှိသော်လည်း ၎င်းတို့အားလုံးကို မှတ်မိနိုင်ရန် မလွယ်ပေ။ အပွင့်ဆောင်ပင် (အပွင့်ပွင့်သောအပင်) အမျိုးမျိုးကပင် အရေအတွက်နှစ်သိန်းခွဲခန့်ရှိသည်။၎င်းတို့အားလုံးအကြောင်းကိုရေးသားဖော်ပြရန် စာမျက်နှာ ငါးသိန်းခန့် လိုအပ်မည်။ ထို့ကြောင့် အပင်များကို သဘာဝကျကျ လေ့လာလိုသောအခါ ပထမဦးစွာ ချဉ်းကပ်ပုံ သတ်မှတ်ရသည်။

မျိုးခွဲပညာရှင်တို့က လက္ခဏာတူသော အပင်များကို အုပ်စုများ ဖွဲ့ထားသည်။ ဤသို့ ပြုလုပ်ခြင်းသည် 'အမျိုးအစားခွဲခြားခြင်း' ဖြစ်သည်။



### အပင်များပျံ့နှံ့နေပုံပြ လမ်းညွှန်

အာရှအရှေ့ပိုင်းနှင့် ဥရောပအလယ်ပိုင်းရှိ သစ်တောများတွင် ဆောင်းဦး၌ အရွက်ကြွေသော ဝက်သစ်ချစသည့် အပင်များနှင့် အမြဲစိမ်းသော ထင်းရှူးစသည့် အပင်များ ရောနှောပေါက်သည်။

မြောက်ပိုင်း အာတိတ်နီးဒေသတွင် အပ်ပုံအရွက်ရှိ ရွက်ကြွေပင်များ ပေါက်သည်။ ၎င်းတို့အနက် အစိမ်းရောင် ပိရမစ်ပုံရှိသော 'လတ်ချ်'ပင်များ အများဆုံးဖြစ်သည်။ ဆောင်းဦးတွင် အရွက်ကြွေသည်။

အစွန်းအကျဆုံး မြောက်ပိုင်းဒေသတွင် အပ်ပုံအရွက်ရှိ အမြဲစိမ်းပင်များ ပေါက်သည်။ ၎င်းတို့အနက် ထင်းရှူးပင်၊ 'ဖား'ပင် နှင့် 'စပရု'ပင်များ အများဆုံးဖြစ်သည်။

အပူပိုင်းဒေသရှိ ပူနွေးစွတ်စိုသော သစ်တောကြီးများတွင် သစ်ပင်ကြီးများ အထပ်ထပ်ရှိသည့်အပြင် ၎င်းတို့အပေါ်တွင် နွယ်ပင်များလည်းရှိသည်။

၁၈ ရာစုနှစ်များတွင် ထင်ရှားခဲ့သော ရုက္ခဗေဒပညာရှင် ကားလဗွန်လင်နေက အပင်များကို အမည်နှစ်လုံးတွဲဖြင့် မှည့်ခေါ်သည်။ ရှေ့အမည်သည် မျိုးစုဖြစ်ပြီး နောက်အမည်မှာ မျိုးစိတ်ဖြစ်သည်။ လက္ခဏာတူ မျိုးစိတ်တစ်စုကို မျိုးစုဟု ခေါ်သည်။

နီးစပ်သောမျိုးစုများကိုစု၍ မြက်၊ အုန်း၊ နှင်းပန်းမျိုးရင်းများ စသည်ဖြင့် မျိုးရင်းဖွဲ့သည်။ မျိုးရင်းအချို့တွင်မူ မျိုးစုတမျိုးတည်းသာ ပါဝင်သည်။

သတ္တဝါများကိုလည်း မျိုးစိတ်၊ မျိုးစု၊ မျိုးရင်း စသည်ဖြင့် အလားတူခွဲခြားနိုင်၏။ အသေးစိတ်လက္ခဏာ ခြားနားသော်လည်း ယေဘုယျလက္ခဏာတူညီသော အပင်များကို မျိုးစုတမျိုးတည်းအဖြစ် သတ်မှတ်နိုင်သည်။ ဥပမာအားဖြင့် သဘော်ာပင်အမျိုး ၅၀ ခန့်ရှိသည်။ တမျိုးနှင့်တမျိုး မတူသော်လည်း မျိုးစုတမျိုးထဲတွင် အားလုံးပါဝင်သည်။

သဘော်ာသီးအနီမျိုး၊ အဝါမျိုးကို မျိုးပြားဟု ခေါ်သည်။ စိုက်ပျိုး၍ရသော အထူးမျိုးပြားကို မျိုးယဉ်ဟု ခေါ်သည်။

မျိုးစိတ်များ သတ်မှတ်ရန် ကမ္ဘာသုံး စည်းမျဉ်းအနည်းငယ်သာ ရှိသည်။ အပင်တို့၏ မျိုးဆက်ခံသည့် လက္ခဏာများအရ ၎င်းတို့၏ မျိုးစိတ်များကို သတ်မှတ်နိုင်သည်။ မျိုးစိတ်တူ အပင်အချင်းချင်းသာ သန္တေအောင်ပြီး အပင်သစ် ဖြစ်ပေါ်နိုင်သည်။ လက္ခဏာမတူသည့် မျိုးရင်းတူ အပင်နှစ်ပင်ပေါင်းစပ်ပြီး ဖြစ်လာသောအပင်ကို မျိုးစပ်ပင်ဟု ခေါ်သည်။

အပင်၏သိပ္ပံအမည်သည် နားလည်ရန်ခက်ခဲမည်။ အများသုံးသော စာလုံးများကိုပင် ရုက္ခဗေဒပညာရှင်တို့က အသုံးပြုကြသည်။ သို့သော်လည်း သာမန်အဓိပ္ပာယ်ထက် ပို၍လေးနက်သော အဓိပ္ပာယ်ကိုဆောင်တတ်သည်။ဤစာအုပ်တွင် ၎င်းတို့သုံးသည့် အခေါ်အဝေါ်များဖြင့် ဖော်ပြထားသည်။ ရုက္ခဗေဒပညာရှင်မဟုတ်စေကာမူ နားလည်နိုင်ပါလိမ့်မည်။



ဝင်ရိုးစွန်းရေခဲပြင်၊ ကမ္ဘာ့အလယ်ပိုင်းသဲကန္တာရများနှင့် ရေခဲသည့် မြောက်ပိုင်းတန်ဒရာဒေသများတွင် အပင်အလွန်ရှားသည်။ 'လိုင်ကင်'၊ မှို၊ ရေညှိနှင့် ချုံပင်ငယ်အချို့သာ ပေါက်နိုင်သည်။

လူတို့ ခုတ်ထွင်ခြင်း၊ တိရစ္ဆာန်များ၏ စားကျက်ဖြစ်သွားခြင်းတို့ကြောင့် အပင်များ ကင်းမဲ့သွားသော ဒေသတို့တွင် မြက်ခင်းများ ဖြစ်ပေါ်သည်။ မိုးအသင့်အတင့်ရွာပြီး မိုးခေါင်ကာလကြာမြင့်သည်။

အပူပိုင်းရှိ ကန္တာရဆန်သောဒေသတွင် ချုံပင်များ ပေါက်သည်။ သစ်မာပင်ကဲ့သို့ သစ်သားရှိသည်။ ပင်စည်မ မရှိပဲ ပင်စည်ငယ်များ မြေပြင်မှ ပြိုင်ထွက်သည်။

ရာသီဥတုမျှတသော သမပိုင်းတွင် အရွက်ကြီးသော ရွက်ကြွေပင်များ ပေါက်သည်။ ဝက်သစ်ချနှင့် အခြားအပင်တို့သည် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေတ်စွာ ပေါက်နိုင်သည်။

# ဆင့်ကဲဖြစ်စဉ်ဇာတ်မြစ်များ

ဆင့်ကဲဖြစ်စဉ်ဆိုသည်မှာ ပတ်ဝန်းကျင်နှင့် လိုက်လျောစေရန် သက်ရှိတို့ တဖြည်းဖြည်း ပုံပြင်ပြောင်းလဲလာခြင်းပင်ဖြစ်သည်။ နှစ်သန်းပေါင်းများစွာ ကြာသည့်အခါ အသွင်နှင့် လုပ်ငန်းအမျိုးမျိုးရှိသော အပင်အမျိုးပေါင်း မရေမတွက်နိုင်အောင် ဖြစ်ပေါ်လာခဲ့သည်။

သက်ရှိအားလုံးတို့သည် ပင်လယ်မှ အစပြုသည်ဟု ယုံကြည်ကြသည်။ အပင်များသည် မမှန်းဆနိုင်လောက်သော အချိန်ကာလအတွင်း တိရစ္ဆာန်များကဲ့သို့ ပင်လယ်ကိုစွန့်ခွာ၍ ကုန်းပေါ်တွင် ပေါက်လာနိုင်ခဲ့သည်။ ဤရုပ်ပုံကားချပ်သည် အပင်လောက၏ မိသားစုမျိုးစဉ်ကို ပြသည်။ နှစ်ပေါင်းသန်းနှစ်ထောင်ခန့်အတွင်း အဆင့်ခုနစ်ဆင့်ဖြင့် ပြောင်းလဲလာပုံကို ကျောက်ဖြစ်ရုပ်ကြွင်းများကို လေ့လာခြင်းဖြင့် သိနိုင်သည်။

အပင်နှင့် သတ္တဝါတို့၏ လက္ခဏာနှစ်မျိုးစလုံးကိုဆောင်သည့် ရှေးအကျဆုံးသော သက်ရှိတို့မှာ အသေးဆုံးဖြစ်သည့် 'ဗိုင်းရတ်'များ ဖြစ်သည်။ သာမန်မျက်စိဖြင့် မမြင်နိုင်သော 'ဗက်တီးရီးယား'တို့သည် ဗိုင်းရတ်များထက် ပိုကြီးပြီး ယခုခေတ် အပင်များနှင့် ပိုနီးစပ်သည်။ ဒေသမရွေးပေါက်နိုင်သော 'အယ်လဂျီကိုလိုနီ' များကိုလည်း 'မိုက်ခရိုစကုပ်'ဖြင့်ကြည့်မှ မြင်နိုင်သည်။ အကျိုးပြုနိုင်သောမှုနှင့် အန္တရာယ်ဖြစ်စေသောမှုတို့သည်လည်း ရှေးကျသော အပင်များ ဖြစ်သည်။

ဆင့်ကဲဖြစ်စဉ်တွင် နောက်တဆင့်မှာ 'ဖန်း'ပင်များ ဖြစ်သည်။ ၎င်းတွင် အရွက်ကဲ့သို့သော 'ဖရွန်း'များနှင့် အမြစ်များရှိသည်။ ၁၀ မီလီမီတာမှ မီတာ ၂၀ အထိ မြင့်သည်။ အစေ့မရှိပဲ 'စပိုး'ဖြင့် မျိုးပွားသည်။

ရှေးကျသော အပင်အုပ်စု နောက်တမျိုးမှာ မျိုးစေ့ဖော်အပင်များ ဖြစ်သည်။ ၎င်းတို့သည် အစေ့ဖြင့်မျိုးပွားသော နည်းသစ်ကို ပထမဆုံးဆောင်ရွက်သည့် အပင်များ တဖြည်းဖြည်း ဖြစ်လာသည်။ များပြားပြီး ထင်ရှားသော မျိုးစေ့ဖော်အပင် အုပ်စုတမျိုးမှာ ထင်းရှူးမျိုးပင်များ ဖြစ်သည်။

အဆင့် အမြင့်ဆုံးသော အပွင့်ဆောင်ပင်များသည် မျိုးစေ့ဝှက်အပင်များ ဖြစ်သည်။ အပွင့်ဆောင်ပင်များကို အစေ့ရွက်ပါဝင်ပုံအရ စေ့ရွက်ထီးပင်များနှင့် စေ့ရွက်စုံပင်များဟူ၍ အုပ်စုနှစ်ခု ထပ်မံခွဲထားသည်။

သက်ရှိအားလုံး၏ အခြေခံယူနစ်ဖြစ်သော 'ဆဲလ်'အကြောင်းကို နားလည်ထားပြီးနောက် အရိုးဆုံး အရှင်းလင်းဆုံးမှ တဆင့်ပြီးတဆင့် တက်ကာ အဆင့်အမြင့်ဆုံး မျိုးစေ့ဝှက်အပင်များအထိ ဆင့်ကဲဖြစ်စဉ်ကို လေ့လာသွားကြမည်။



ပထမဆုံးအပွင့်များ



ပထမဆုံးအစေ့အစစ်များ



ပထမဆုံးအရွက်အစစ်များ



ပထမဆုံးပင်စည်အစစ်များ



ပထမဆုံးကလိုရိုပလတ်များ

? ပထမဆုံးအောက်ဆီဂျင်ထုတ်လွှတ်သောအပင်များ



ပထမဆုံးသက်ရှိများ



စေ့ရှက်ထီးပင်များ

မျိုးစေ့ဝှက်အပင်များ

စေ့ရှက်စုံပင်များ

ကိုနီဖာပင်များ

မျိုးစေ့ပေါ်အပင်များ

မုန်တိုင်ပင်များ

ဖန်းပင်များ

မြင်းမြီးပင်များ

တယ်ရီဒိုဖိုက်တာ

တင်းပုတ်ရေညှိပင်များ

ဆိုက်လိုဖိုက်များ

လစ်ဗာဝပ်များ

ဗရိုင်ယိုဖိုက်တာ

ရေညှိများ

ရွှေရောင်အယ်လဂျီများ

အညိုရောင်အယ်လဂျီများ

မှိုများ

ယူဂလီနွိုက်များ

ဒိုင်နိုဖလက်ဂျယ်လိတ်များ

အစိမ်းရောင်အယ်လဂျီများ

ကလိုရိုဖိုက်တာ

အနီရောင်အယ်လဂျီများ

ရှေးဦးအပင်များ

စိမ်းပြာအယ်လဂျီများ

စတက်၊ဗက်ဆီလိုင် အစရှိသည်များ

ဖိုတိုဗက်တီးရီးယားများ

ဗက်တီးရီးယားများ

ခီမိုဗက်တီးရီးယားများ

# ဆဲလ်



ဤပုံတွင်တွေ့ရသည့်အတိုင်း စံပြ ‘ဆဲလ်’ တခုတွင် ‘နယူကလိယ’ တခုနှင့် ၎င်းကိုဝန်းရံနေသော ‘ဆိုက်တိုပလာဇမ်’ ပါဝင်သည်။ ဆိုက်တိုပလာဇမ်သည် ဆဲလ်နံရံအတွင်းရှိ ပျော့ဝင်ခြင်း၊ အနည်ထိုင်ခြင်းမဖြစ်သော အရာဝတ္ထုများ ပါဝင်သည့်‘ပရိုတိုပလာဇမ်’ အရည် ဖြစ်သည်။

## ဆဲလ်တစ်ခုအကြောင်း

သက်ရှိအားလုံးအကြောင်းအတွက် ‘ဆဲလ်’ဟု ခေါင်းစဉ်တပ်နိုင်သည်။ သက်ရှိအားလုံးကို ဆဲလ်များဖြင့် ဖွဲ့စည်းထားသည်။ ရှေးအကျဆုံးအပင်တို့တွင် ရိုးရိုးရှင်းရှင်းဖြစ်သော ဆဲလ်တခုတည်း ပါဝင်သည်။

ဆဲလ်ကို ‘မိုက်ခရိုစကုပ်’ဖြင့် ကြည့်မှ မြင်နိုင်ပြီး ၎င်းတွင် ဆဲလ်နံရံရှိသည်။ “ဌာနချုပ်” သဘောရှိသည့် ‘နယူကလီယ’ တစ်ခု ပါဝင်သည်။ ၎င်းတွင် ထွေပြားသည့် ဓာတုဒြပ်ပေါင်းများ ဖြစ်သော ‘ဒီအင်အေ’ (DNA) နှင့် ‘အာအင်အေ’ (RNA) တို့ ရှိသည်။

‘ဆိုက်တိုပလာဇမ်’အရည်တွင် နယူကလီယနှင့် အခြားပစ္စည်းများ ပါဝင်သည်။ ၎င်းတို့က ဆဲလ်ကို လုပ်ငန်းများအားလုံး လုပ်နိုင်စေသည်။

ကုန်းနေအပင်တို့တွင် ဆဲလ်အချို့က အမြစ်မှရေကို အရွက်များအထိ ပို့ပေးသည်။ အမြစ်ဆဲလ်များက မြေမှ ရေကိုစုပ်ပြီး တပင်လုံးသို့ပို့သည်။ နီးကပ်စွာတည်ရှိသော ဆဲလ်တို့တွင်ပင် တခုနှင့်တခု ခြားနားသော အဆောက်အအုံနှင့် လုပ်ငန်းများ ရှိသည်။ အရွက်အတွင်းရှိ အပေါ်မျက်နှာပြင်ဆဲလ်တို့သည် ရေလုံစေရန် ‘ကျူတီကယ်’ခေါ် ဖယောင်းလွှာ ဖြစ်ပေါ်စေသည်။ ၎င်းဆဲလ်တို့နှင့် ၁ မိုက်ခရွန်သာ ဝေးသောနေရာရှိ ဆဲလ်တခုက ၎င်း၏နံရံကို လွယ်ကူစွာ ရေဖြတ်သန်းသွားစေနိုင်သည်။

ဆဲလ်တခု၏ နယူကလီယထဲတွင် နောင် ဖြစ်ပေါ်လာမည့် တပင်လုံးအတွက်“ဗီဇ”များ ပါရှိသည်။ ပဲစေ့တစေ့က မည်သည့် အခါမျှ နေကြာပင်သို့မဟုတ် ဂေါ်ဖီထုပ်ပင် ပေါက်လာခြင်းမရှိချေ။ ပဲပင်သာပေါက်မည်။ အပင်တပင်မှ ဖြတ်ယူလိုက်သော အပိုင်းတပိုင်းကို အာဟာရပေးလျှင် အပင်တပင်ပြန်ဖြစ်လာနိုင်သည်။ အပင်တပင်အတွင်းရှိ ဆဲလ်တခုတွင် လုပ်ငန်း တခုသာရှိသော်လည်း ဆဲလ်တိုင်းတွင် တပင်လုံးအတွက် ဗီဇများပါရှိသည်။

ဆဲလ်တခုစီသည် တပင်လုံးကဲ့သို့ပင် အခြေခံလုပ်ငန်းများကို လုပ်နိုင်ရမည်။ ပတ်ဝန်းကျင်တွင် အပြောင်းအလဲရှိသည့်အခါ ဆဲလ်သည် အခြေအနေသစ်များနှင့် လိုက်လျောအောင်ညှိပြီး သက်ရှိ၏လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်မည်၊ သို့မဟုတ် သေမည်။ ဆဲလ်တို့သည် မျိုးဆက် တဆက်ပြီးတဆက် အသွင်နှင့်အပြုအမူ ပြောင်းလဲလာသည်။ အပင်အသက်ရှင်စေရေးအတွက် ကုပ်တွယ်ရန်နှင့် ရေစုပ်ယူရန် အမြစ်ဆဲလ်များ၊ အပင်အတွက် အစာဖွဲ့စည်းနိုင်ရန် အရွက်ဆဲလ်များ၊ မျိုးဆက်ပြန့်ပွားရန် လိင်ဆဲလ်များ ဖြစ်ပေါ်လာသည်။

ထိုသို့ ပြောင်းလဲဖြစ်ပေါ်လာခြင်းကို ‘ကွဲပြားရင့်မာခြင်း’ဟု ခေါ်သည်။

အပင်တို့တွင် ဆဲလ်အရေအတွက် များပြားလာသည်နှင့်အမျှ ဆဲလ်များစုပေါင်းပြီး ‘ကိုလိုနီ’၊ ကိုလိုနီများ စုပေါင်းပြီး ‘တစ်ရှူး’၊ တစ်ရှူးများစုပေါင်းပြီး အင်္ဂါများဖြစ်လာသည်။ အမြစ်၊ အရွက်၊ အပွင့် စသော အင်္ဂါများက အပင်၏ လုပ်ငန်းများကို ကဏ္ဍအလိုက် ခွဲဝေဆောင်ရွက်သည်။ ပြောင်းလဲနေသော ပတ်ဝန်းကျင်နှင့် လိုက်လျောညီညွတ်စွာ ပေါက်နိုင်ရန် အပင်တို့ကို ဆဲလ်ကွဲပြားရင့်မာခြင်းဖြင့် ဖြစ်ပေါ်သော အင်္ဂါအစိတ်အပိုင်းတို့က ကူညီသည်။

### နယူကလီယ

နယူကလီယတွင် အရေးပါသော ဓာတုမော်လီကျူး တစ်စုံ ဖြစ်သည့် ဒီအင်အေနှင့်အာအင်အေ ပါဝင်သည်။ ဒီအင်အေတွင် အပင်အတွက် ‘‘ဗီဇ’’များ ပါရှိသည်။ ၎င်းမှ သတင်းပို့ခြင်းကို အာအင်အေက ဆိုက်တိုပလာဇမ်သို့ ပို့သည်။ ဆဲလ် လုပ်သင့်သည့် အလုပ်များကို အသိပေးရန် ဖြစ်သည်။





### မိုက်တိုခွန်ဒရီးယား

‘ပရိုတိုပလာဇမ်’ အသစ်ဖွဲ့စည်းရာတွင် စွမ်းအင် လိုအပ်သည်။ ၎င်းစွမ်းအင်ကို ‘မိုက်တိုခွန်ဒရီးယား’၏အမြွေးပါးများပေါ်တွင် အစာကို ဓာတ်တိုးခြင်းဖြင့် ထွက်ပေါ်စေသည်။



### ကလိုရိုပလတ်များ

‘ကလိုရိုပလတ်’ များ၌ရှိသော အစိမ်း ‘ပစ်ဂမင့်’က နေရောင်ခြည်မှစွမ်းအင်ကို စုပ်ယူပြီး ‘ကာဗွန်ဒိုင်အောက်ဆိုဒ်’ နှင့် ရေကို ပေါင်းစပ်ကာ သကြားပြုလုပ်သည်။ ၎င်းသည် နှစ်ခုကွဲခြင်းဖြင့် ပွားနိုင်သည်။

### ကယ်ရိုတင်းခရိုမိုပလတ်

မုန်လာဥဝါ၊ ခရမ်းချဉ်သီး၊ ရှောက်မျိုးဝင် အသီးများနှင့် များစွာသောအပွင့်တို့၏ ပွင့်ချပ်များသည် ‘ကယ်ရိုတင်းခရိုမိုပလတ်’ မှ အရောင်ရရှိသည်။ ၎င်း၏ အရောင်မှာ အဝါမှ အနီအထိ ဖြစ်သည်။





### ကစီအဆန်များ

ကစီအဆန်များတွင် ပိုလျှံသောအစာကို သိုလှောင်သည်။ စွမ်းအင်လိုအပ်သောအခါ အဆန်မှ ကစီကို သကြားအဖြစ်သို့ ပြောင်းရန် မိုက်တိုခွန်ဒရီးယားသို့ ပို့သည်။

### ဆဲလ်နံရံ

ဆဲလ်နံရံသည် ပါးလွှာပြီး အလွှာ များစွာ ပါဝင်သည်။ ၎င်းတွင် အခြားဆဲလ်များနှင့် ပစ္စည်းအလဲအလှယ်ပြုလုပ်ရန် အပေါက်များ ပါသည်။ အပင်နုစဉ်တွင် ပျော့ပျောင်းပြီး အပင် ရင့်လာသည့်အခါ ထူထဲမာကျောလာသည်။



### ဂေါ်လဂီကိုရိယာ

‘ဂေါ်လဂီကိုရိယာ’ သည် အဆီနှင့် ပရိုတင်းများဖြင့် ဖွဲ့စည်းထားသော ပြွန်ငယ်အစည်းဖြစ်သည်။၎င်းသည် ဓာတ်ပစ္စည်းများ သိုလှောင်သည် ဟု ထင်ကြသည်။ ‘အင်ဇိုင်း’များနှင့် အခြားပစ္စည်းများကို ၎င်း၏ မျက်နှာပြင်ပေါ်တွင် စုဆောင်းသည်။





### အင်ဒိုပလာတ်စမစ် ရက်တီကူလမ်

‘အင်ဒိုပလတ်စမစ် ရက်တီကူလမ်’သည် ဆဲလ် လိုအပ်သည့် ဓာတ်ပစ္စည်း များ ဖြတ်သွားသော ပိုက်ကွန်သဖွယ် လမ်းကြောင်းများ ဖြစ်သည်။ အနီရောင်အပြောက်များတွင် အာအင်အေ နှင့် ပရိုတင်းများ ပါဝင်သည်။

# လိုက်လျောညီထွေဖြစ်ခြင်း

အထူးဖြစ်ပေါ်လာသော 'ဆဲလ်' များစုပေါင်းပြီး 'တစ်ရှူး'နှင့် အင်္ဂါများ ဖြစ်လာသည်။ ၎င်းတို့ဖြင့် အပင်တခုလုံးကို ဖွဲ့စည်းထားသည်။ အပင်၏ အင်္ဂါတို့အနက် အမြစ်၊ ပင်စည်၊ အရွက်များသည် သိမြင်လွယ်သည်။ အချို့ အင်္ဂါများမှာ သိမြင်ရန် ခက်သည်။ အချို့ဆိုလျှင် အထင်မှားနိုင်စရာပင် ရှိသည်။ ဥပမာ–ဘဲစာပင်၏ အောက်မျက်နှာပြင်ရှိ အမျှင်များသည် အမြစ်အစစ်များ မဟုတ်ကြပေ။ သို့သော် အမြစ်လုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။





ဘဲစာပင်သည် ကန့်လန့်ဖြတ် ၁ မီလီမီတာခန့်သာရှိသဖြင့် သေးငယ်သည်။ ၎င်းသည် ထူးကဲသောပင်စည်ဖြစ်ပြီး အမျှင်များက အမြစ်ကဲ့သို့ လုပ်ဆောင်နိုင်သည်။



အရွက်အောက်မျက်နှာပြင်ရှိ အဖြူရောင် အမျှင်များသည် မှိုမျှင်များဖြစ်သည်။ မှိုတို့သည် သက်မဲ့ပစ္စည်းမှ အာဟာရနှင့် ရေကို ယူသည်။

## အမြစ်များ

အမြစ်များက အပင်ကို မြေဆီလွှာတွင် ခိုင်မြဲစေပြီး အပင်အာဟာရ ရရှိမှုအတွက်လည်း ဆောင်ရွက်သည်။ အမြစ်မွေးက မြေဆီလွှာမှ ရေနှင့်ဓာတ်ဆားများကို စုပ်ယူပြီး တပင်လုံးသို့ ပို့ပေးသည်။

မူလမြစ်ဆိုသည်မှာ အပင်ပေါက်၏ အောက်ဘက်သို့ ဦးဆုံးထွက်လာသော အမြစ်ဖြစ်သည်။ ၎င်းမှထပ်ဆင့်မြစ်များ ဘေးအောက်ဘက်သို့ ဖြာထွက်သည်။ ရေသောက်မြစ်သည် မူလမြစ်ဖြစ်ပြီး အခြားအမြစ်အားလုံးထက် ကြီးသည်။ စေ့ရွက်ထီးပင်တို့တွင် ပင်စည်၏အခြေမှ တိုက်ရိုက်ထွက်နေသော မူခြားမြစ်ခေါ် ရှယ်တူအမြစ် များစွာရှိသည်။

အဆင့်နိမ့်ပင်တို့တွင် အမြစ်မရှိချေ။ အမြစ်ကဲ့သို့သော အင်္ဂါများက အမြစ်လုပ်ငန်းများကို ဆောင်ရွက်သည်။ အပင်ဘို့၏ တမူထူးခြားသော ၎င်းအင်္ဂါများကို အမြစ်ဟုလည်း မဆိုနိုင်၊ အမြစ်၏ ဆင့်ကဲဖြစ်စဉ်ဆိုင်ရာ ရှေးမျိုးဆက်များလည်း မဟုတ်ပေ။ ပတ်ဝန်းကျင်အတွက် သီးသန့်လိုအပ်ချက်များကို ဖြည့်စွမ်းရန် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။





ဒေလီယာဥသည် အစာကို ကစီအသွင်ဖြင့် သိုလှောင်သည်။

လမုပင်၏ မြစ်ပျဉ်းများသည် အထောက်သဖွယ် ဖြစ်စေသည်။



မူခြားမြစ်တို့သည် မြင်းခွာပင်၏ လက္ခဏာ ဖြစ်သည်။




အမြစ်မွေးများသည် ရေနှင့် ပျော်ဝင်အာဟာရတို့ကို စုပ်ယူသည်။ ၎င်းအာဟာရတို့သည် အပင်၏ ကျန်နေရာများသို့ ပျံ့နှံ့ရောနှောခြင်း၊ တဘက်စိမ့်ခြင်း အစရှိသည့် ဖြစ်စဉ်များဖြင့် ရောက်ရှိသည်။



'အေဗီစင်နီယာ မာရီနာ' သည် ဆားငန်သော ပင်လယ်ကမ်းစပ်ရွှံ့ညွန်ရှိ လမုတောထဲတွင် ပေါက်သည်။ ၎င်း၏ အပေါ်ယံရှိ အလျားလိုက် အမြစ်များမှ လေရှူမြစ်များ ရွှံ့ညွန်မျက်နှာပြင်ပေါ်သို့ ထွက်သည်။



သစ်ကပ်ပိန်းမျိုးပင်၏ တွယ်မြစ်များသည် မြေမျက်နှာပြင်အထက်တွင်ရှိပြီး အစိုဓာတ်ကို မိုးရေမှရယူသည်။




စထရော်ဗယ်ရီပင်၏ တွားသွားပင်စည်အဆစ်များမှအောက်ဘက်သို့ အမြစ်များထွက်သည်။ ဆင့်ကဲဖြစ်စဉ်သည် ပင်စည်၏လုပ်ငန်းများကို အပေါ်ပုံအတိုင်း ပြောင်းလဲစေသည်။



သစ်ခွပင်၏အမြစ်များသည် အောက်မျက်နှာပြင်ရှိ ဆဲလ်များဖြင့် သစ်ပင်မျက်နှာပြင်ကို ခိုင်မြဲစွာတွယ်ကပ်၏။ သို့သော် သစ်ပင်ကို မထိခိုက်နိုင်ပေ။

## ပင်စည်များ

အပွင့်ဆောင်ပင် မျိုးစိတ်များကို ပင်စည်အမျိုးအစားအလိုက် သစ်မာပင်၊ ချုံပင်နှင့် သစ်ပျော့ပင်ဟူ၍ ခွဲခြားသည်။

သစ်မာပင်နှင့် ချုံပင်တို့တွင် သက်တမ်းတလျှောက်လုံးခံသော မာကျောသည့် ပင်စည်များရှိသည်။ သစ်ပျော့ပင်စည်တို့မှာ အသားပျော့သည်။ ရာသီဆိုးချိန်တွင် အပင်၏ မြေပေါ်ပင်စည်ပိုင်းများ ကျသွားပြီး ရာသီကောင်းချိန်တွင် အစိုပြန်ထွက်သည်။ ဤကဲ့သို့သောအပင်တို့၏ 'ကွမ်'အတက်၊ 'ဗပ်'အတက်တို့သည် ထူးကဲသော ပင်စည်များသာ ဖြစ်သည်။

ရစ်ပတ်နွယ်ပင်၊ တွားသွားပင်နှင့် နွယ်ပင်တို့တွင် သေးသွယ်ပျော့ပျောင်းသော ပင်စည်များ ရှိသည်။ရစ်ပတ်နွယ်ပင်ဖြစ်သော ပန်းကန်စွန်းနွယ်ပင်သည် အခြားအပင်၏ပင်စည်ကို တင်းကျပ်စွာရစ်ခွေသည်။နွယ်ပင်ဖြစ်သော တိုက်ကပ်ပင်သည် တွယ်မြစ်များဖြင့် တွယ်တက်သည်။ တွားသွားပင်စည်တို့သည် အမြစ်များဖြင့် ကုပ်တွယ်လျက် တွားသွားသည်။



ပဲပင်၏ပင်စည်သည် နေရောင်ရှိရာသို့ နွယ်ပတ်ပြီး တက်သည်။



ဗူး၊ ဖရုံပင်စည်တို့၏ နှာမောင်းများက အပင်ကို မှီခိုစရာပေါ်၌ ခိုင်မြဲစွာ ရှိစေသည်။



သစ်မာနွယ်ပင်၏ပင်စည်သည် အခြားပင်စည်ကြီးကို လျော့လျဲစွာ ရစ်ပတ်သည်။

## အရွက်များ

အရွက်သည် ဆင့်ကဲဖြစ်စဉ်၏ အဓိကအောင်မြင်မှုများအနက် တစ်ခုဖြစ်သည်။ ၎င်းက အပင်အတွက် အစာဖွဲ့စည်းခြင်းဖြစ်စဉ်ဖြင့် အပင်ကို အစာဖြည့်စွမ်းပေးသည်။

အပင်တို့သည် အလင်းရောင်ထဲတွင် 'ကာဗွန်ဒိုင်အောက်ဆိုဒ်'ကို ယူပြီး 'အောက်ဆီဂျင်'ကိုထုတ်ရန်အဘွက်'ကလိုရိုဖီး' နှင့် နေရောင်ခြည်မှရယူသောစွမ်းအင်ကို သုံးသည်။ ၎င်းဖြစ်စဉ်ကို အစာဖွဲ့စည်းခြင်းဖြစ်စဉ်ဟု ခေါ်သည်။

ကလိုရိုဖီးက နေရောင်ခြည်ကို စုပ်ယူသည်။ ရေသည် 'ဟိုက်ဒရိုဂျင်'နှင့် အောက်ဆီဂျင်အဖြစ် ကွဲသွားသည်။ အောက်ဆီဂျင်ကိုထုတ်ပြီး 'အေတီပီ' ဖြစ်ပေါ်သည်။

အရွက်သည် လေထဲမှ ရယူသော ကာဗွန်ဒိုင်အောက်ဆိုဒ်ကို အစာဖြစ်သော 'ကာဗိုဟိုက်ဒရိတ်'ဒြပ်ပေါင်းများ ဖြစ်စေသည်။ အပင်များသည် အစာဖွဲ့စည်းခြင်းဖြင့် တနှစ်လျှင် သကြားတန်ချိန် သန်းတစ်သိန်းငါးသောင်းခန့် ပြုလုပ်ပြီး ၎င်းပမာဏ၏ ၂၅ ရာခိုင်နှုန်းခန့်ရှိသော အောက်ဆီဂျင်ကိုလေတွင် ပြန်ပြည့်စေ၏။

သကြားကို အပင်အတွင်း၌ သိုလှောင်ထားသည်။ အပင်ကို စားသုံးသောအခါတွင်လည်းကောင်း၊ လောင်ကျွမ်းစေသောအခါတွင်လည်းကောင်း စွမ်းအင်ကို ရရှိသည်။ အပင်သည် မြေကြီးအောက်တွင် ကျောက်မီးသွေးနှင့် ရေနံအဖြစ် ပြောင်းလဲသွားသောအခါတွင်လည်း သိုလှောင်စွမ်းအင် ရှိသည်။

အရွက်၏ အရေးပါသော အခြားလုပ်ငန်း တခုမှာ ပင်ရေပြန်ခြင်းဖြစ်သည်။ ၎င်းဖြစ်စဉ်က အပင်တွင်းရှိ ရေပမာဏကို ချုပ်ကိုင်သည်။ အရွက်၏ မျက်နှာပြင်တွင် 'စတိုမာ'ခေါ် အပေါက်ငယ် များစွာရှိသည်။ ရေကို အပင်အတွင်းသို့ အမြစ်မွေးများက ဆွဲယူသည်။ ရေသည် ပင်စည်တလျှောက် အပေါ်သို့တက်ပြီး အရွက်များအတွင်းသို့ ရောက်သည်။ အစာဖွဲ့စည်းခြင်း ဖြစ်စဉ်ဖြင့် တပတ်လည်သွားရမည့်အစား ဆဲလ်ကြားကွက်များထဲသို့ အငွေ့ပြန်ဝင်ပြီး







အပင်အတွက် အစာဖွဲ့စည်းနိုင်ရန် အရွက်ကို တည်ဆောက်ဖွဲ့စည်းထားသည်။ ရွက်ကြောများက အရွက်ကို ပြန့်ကားစေပြီး နေရောင်ရစေသည်။ အရွက်၏အပေါ်ဆုံး အလွှာတွင် 'ကလိုရိုပလတ်'များ ရှိသော 'ပယ်လီဆိတ်' ဆဲလ်များ ပါဝင်သည်။ အရွက်အောက်မျက်နှာပြင်ရှိ စတိုမာများကိုဖြတ်၍ ကာဗွန်ဒိုင်အောက်ဆိုဒ်ဝင်လာပြီး အစာဖွဲ့စည်းရန် အလယ်ပိုင်းရှိ ဆဲလ်များမှတဆင့် ပယ်လီဆိတ်အလွှာသို့ ရောက်ရှိသည်။ခြောက်သွေ့တော့မည့် အရွက်တွင် ကလိုရိုဖီးများ ပျက်စီးသောကြောင့် အဝါနှင့်အနီ 'ပစ်ဂမင့်'များ ပေါ်လာသည်။



ပင်ပိုင်းမျိုးပွားနိုင်သော 'အာဖရိက ဗိုင်အိုလက်' ပင်၏ အရွက်တွင် တပင်လုံးနှင့် သက်ဆိုင်သည့် ဗီဇပါရှိသဖြင့် ခူးချထားလိုက်လျှင် အမြစ်များ ထွက်ပြီး အပင်သစ် ပေါက်နိုင်သည်။



အရွက်များ၏ အရောင်သည် အစိမ်းရောင် တမျိုးတည်းသာ မဟုတ်ကြောင်း ဤနှင်းဆီရွက်ကို ကြည့်ခြင်းဖြင့် သိနိုင်သည်။

စတိုမာကိုဖြတ်၍ လေထုထဲသို့ ထွက်သွားသည်။ ခြောက်သွေ့ချိန်တွင် စတိုမာများပိတ်ပြီး အပင်အတွင်းရှိ ရေပမာဏကို လိုအပ်သလိုထိန်းပေးသောကြောင့် အပင်များရှင်နိုင်သည်။ ထို့ပြင် 'စတိုမာ'တို့သည် အပင်အတွက် အစာဖွဲ့စည်းရာတွင် အသုံးပြုရန် လေထဲမှ 'ကာဗွန်ဒိုင်အောက်ဆိုဒ်' ကို စုပ်ယူပေးသည်။

အရွက်ပုံသဏ္ဌာန် အမျိုးမျိုးရှိသည်။ အရွက်တရွက်တွင် ကျယ်ပြန့်သော ရွက်ပြားနှင့် သေးသွယ်သော ရိုးတံရှိသည်။ ရွက်ပြားတချပ်တည်းဖြစ်လျှင် ရွက်ထီး၊ ရွက်မြွာများအဖြစ် ကွဲနေလျှင် ရွက်ပေါင်း၊ ရွက်မြွာများ ငှက်မွေးပုံတည်ရှိလျှင် ငှက်မွေးရွက်ပေါင်း၊ လက်ချောင်းဖြာသကဲ့သို့တည်ရှိလျှင် လက်ဝါးရွက်ပေါင်းဟု ခေါ်သည်။

အရွက်များတည်ရှိပုံ အနေအထား အမျိုးမျိုးရှိသည်။ တရွက်ချင်းတည်ရှိလျှင် ရွက်လွှဲ၊ မျက်နှာချင်းဆိုင်ဖြစ်လျှင် ရွက်ဆိုင်၊ ပင်စည်တနေရာ၌ ဘေးပတ်လည် ဝိုင်းထွက်နေလျှင် စက်ဝိုင်းပတ်ဟုခေါ်သည်။




ဆင့်ကဲဖြစ်စဉ်သည် အရွက်၏လုပ်ငန်းအချို့ကို ပြောင်းလဲစေခဲ့သည်။ အစာသိုလှောင်သည့်ကြက်သွန်နီ ရွက်ဖတ်၊ နွယ်တက်သည့် ပဲပင်နှာမောင်း၊ ကာကွယ်သည့် ရှားစောင်းဆူး၊ အစာဖမ်းပူဖောင်းရွက်နှင့် ရေတကောင်းရွက် တို့ ဖြစ်သည်။



အရွက်တည်ပုံသုံးမျိုး။ စက်ဝိုင်းပတ် (ဝဲ)၊ ရွက်ဆိုင် (အလယ်)၊ ရွက်လွှဲ (ယာ)



'ဖန်း'ပင် ၏ 'ဖရွန်း' အောက်မျက်နှာပြင်တွင် မျိုးပွားသော 'စပိုး' များရှိသည်။



၇၀×၁ မီလီမီတာသာရှိသော အပ်ပုံထင်းရှူးရွက်သည်လည်း အခြားအရွက်များကဲ့သို့ပင် လုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။




အရွက်တို့တွင် ပုံသဏ္ဌာန်နှင့်အရွယ် အမျိုးမျိုးရှိသည်။

# ရှေးဦးအပင်များ

ကမ္ဘာပေါ်ရှိသက်ရှိများအနက် ရှေးအကျဆုံးဖြစ်ပြီး အသွင်ထူးခြားသော 'အာချီဗက်တီးရီးယား' များကို မကြာမီကမှ တွေ့ရှိခဲ့သည်။ ၎င်းတို့သည် 'အောက်ဆီဂျင်'မရှိမီကပင် တည်ရှိခဲ့သဖြင့် အောက်ဆီဂျင်နှင့်တွေ့ထိလျှင် သေသည်။ သဲလွန်စများမှာ မကြာမီက တွေ့ရှိခဲ့သော အဏုကျောက်ဖြစ်ရုပ်ကြွင်းများပင် ဖြစ်သည်။ ၎င်းတို့သည် လွန်ခဲ့သည့် နှစ်ပေါင်း သန်းသုံးထောင်ငါးရာက ဖြစ်ပေါ်ခဲ့ပြီးစိမ်းပြာ 'အယ်လဂျီ' တို့၏အောက်ဆီဂျင်ထုတ်လွှတ်သော ရှေးမျိုးဆက်များဟု ယုံကြည်ကြသည်။



တုတ်ချောင်းပုံ မေးခိုင်ရောဂါ 'ဗက်တီးရီးယား' များသည် အောက်ဆီဂျင်မရှိသောနေရာ၌သာ ရှင်သန်နိုင်သည်။ အောက်ဆီဂျင်ရှိသောအခါ အကာအကွယ်ဖြစ်စေရန် ဘင်တီးသောတုတ်ပုံ 'စပိုး' များ ဖြစ်လာသည်။ အနာအတွင်းသို့ ၎င်းတို့ ဝင်ရောက်လျှင် မေးခိုင်ရောဂါ ဖြစ်တတ်သည်။

## ဗိုင်းရတ်များ

'ဗိုင်းရတ်' များသည် ပရိုတင်းဖုံးအုပ်လျက်ရှိသော 'နယူကလီအစ်အက်ဆစ်' အနှစ်များ ဖြစ်သည်။ 'အီလက်ထရွန်မိုက်ခရိုစကုပ်' ဖြင့် ကြည့်မှသာ မြင်နိုင်သည်။ သက်ရှိလက္ခဏာများရှိပြီး အသက်ရှင်သော ဆဲလ်အတွင်း၌သာ ပွားနိုင်သည်။ 'အင်းဆက်' ပိုးများဖြင့် ပျံ့နှံ့သည်။

ဗိုင်းရတ်များသည် ဗက်တီးရီးယား၊ အပင်ကြီး၊ လူနှင့်တိရစ္ဆာန်များကို ရောဂါဖြစ်စေပြီး သေစေသည်အထိ ဖြစ်နိုင်သည်။ သို့သော် အချိန်ကြာသောအခါ အပင်များတွင် ဗိုင်းရတ်ရောဂါများကိုကာကွယ်ရန် မျိုးရိုးလိုက်သော ခံနိုင်ရည်များ ဖြစ်ပေါ်လာသည်။




'တီ–၂ ဗက်တီရီယိုဖေ့' သည် ဗက်တီးရီးယားကို ရောဂါကူးစက်ပြန့်ပွားစေသော ဗိုင်းရတ်ဖြစ်သည်။ ၎င်းသည် အပ်ချည်မျှင်ပုံ နယူကလီအစ်အက်ဆစ်ဖြစ်ပြီး ဖားလောင်းပုံ ပရိုတင်းဖြင့် ဖုံးအုပ်လျက်ရှိသည်။ ဤပုံများသည် ကူးစက်ပြန့်ပွားပုံအဆင့်ဆင့်ကို ပြသည်။

## ဗက်တီးရီးယားများ

အလွန်သေးငယ်ပြီး အများအားဖြင့် ၁/၁၀၀၀ မီလီမီတာခန့်သာ အရွယ်ရှိသောဗက်တီးရီးယားများသည် အပင်ဖြစ်သည်။ ဗက်တီးရီးယားတွင် 'ဆဲလ်' တခုသာပါဝင်ပြီး ထက်ခြမ်းကွဲခြင်းဖြင့် မျိုးပွားသည်။ဆဲလ်တခုသည် နာရီဝက်တကြိမ် ပွားနိုင်သည်။ တီဘီရောဂါ၊ တိုက်ဖွိုက်အဖျားရောဂါ၊ အဆုတ်ရောင်ရမ်းနာနှင့် မေးခိုင်ရောဂါများသည် ဗက်တီးရီးယားများကြောင့်ဖြစ်သော ရောဂါများတွင် ပါဝင်သည်။ သို့သော်လည်း အကျိုးပြုသော ဗက်တီးရီးယားလည်း ရှိသည်။ သေသော 'တစ်ရှူး' များကို ဖြိုခွဲပြီး အခြားသက်ရှိများ အသုံးပြုရန် အာဟာရအဖြစ် ထုတ်လွှတ်ပေးသည်။ နိုက်ထရိုဂျင်တိုး ဗက်တီးရီးယားများသည် လေထုထဲရှိ 'နိုက်ထရိုဂျင်' ကို နိုက်ထရိုဂျင်ဒြပ်ပေါင်းအဖြစ် ပြောင်းနိုင်သည်။



လက်ဝဲဘက်ရှိ ကျောက်ကျောခွက်တွင် သွေးနီဥများ ပါဝင်သည်။ ဗက်တီးရီးယား တပင်မှ သန်းပေါင်းများစွာ ပွားပြီး ဝိုင်းစက်သည့် အဖြူဖျော့ရောင် 'ကိုလိုနီ' ဖြစ်ပေါ်သည်။ ကိုလိုနီပတ်လည်ရှိ အရောင်ဖျော့သော နေရာများသည် ဗက်တီးရီးယားများက ဖျက်ဆီးထားခြင်းကို ဖော်ပြသည်။ အထက်ပါ စမ်းသပ်နည်းဖြင့် လည်ချောင်းနာနှင့် အနာယဉ်းခြင်းကို ဖြစ်စေသည့် ရောဂါပိုးဖြစ်သော 'စထရက်ပတိုကော့ကတ် ဟေမိုလိုက်တီကတ်' ကို ခွဲခြားသိနိုင်၏။

လက်ယာဘက်ရှိ ကျောက်ကျောခွက်ထဲတွင် အနာစိမ်း ပေါက်စေသော 'စတက်ဖိုင်လိုကော့ကတ်' ကိုလိုနီများ ရှိသည်။ ကျောက်ကျောပေါ်ရှိ စက္ကူဖြတ်စ အဝိုင်းတခုစီပေါ်တွင် ပဋိဇီဝဆေး တမျိုးစီ တင်ထားသည်။ အပေါ်ဘက်စက္ကူဖြတ်စပေါ်ရှိဆေးသည် ဗက်တီးရီးယားကို မပွားအောင် တားနိုင်သဖြင့်၎င်း၏ဘေးပတ်လည်တွင် ကြည်လင်နေသည်။ အခြားဆေး ကမူမတားနိုင်ပေ။ ဤစမ်းသပ်ချက်ဖြင့် ရောဂါအတွက်သုံးရမည့်ဆေးကို သိနိုင်သည်။



သံဗက်တီးရီးယားသည် ရေထဲတွင် နီညိုရောင်အကျိအချွဲကို ဖြစ်ပေါ်စေသည်။ ၎င်းတို့သည် 'ဖဲရတ်' သံဓာတ်ဆားများကို ဓာတ်တိုးစေခြင်းဖြင့် စွမ်းအင်ရသည်။

စိမ်းပြာအယ်လဂျီအမျိုးမျိုး



၁ ရှိင်ဇိုသရစ်  ၂ နော့စတော့ ၃ ဆင်ကိုကော့ကတ် ၄ စပိုင်ရူလီနာ
၅ ဂလီယိုထရစ်ကီယာ ၆ မယ်ရစ်စမိုပီဒီယာ ၇ မိုက်ကရိုစစ်စတစ်

## စိမ်းပြာအယ်လဂျီနှင့် ရွှေရောင်အယ်လဂျီ

စိမ်းပြာအယ်လဂျီများသည် အရိုးဆုံးအရှင်းဆုံးဖြစ်ပြီး သေးငယ်သည်။ အမျှင်တန်း၊ဆဲလ်တခုတည်း သို့မဟုတ် ‘ကိုလိုနီ’ ဖြစ်သည်။အများအားဖြင့် ရေချိုတွင်တွေ့နိုင်ပြီး ရေငန်၊ရေပူစမ်း၊သစ်ခေါက်နှင့် စိုစွတ်သော ကျောက်ဆောင်တို့တွင်လည်း တွေ့နိုင်သည်။ ကလိုရိုဖီးဖြင့် အစာဖွဲ့စည်းသော ပထမဦးဆုံး အပင်များတွင် ပါဝင်သည်။

ကလိုရိုဖီး နှင့် အပြာပစ်ဂမင့်ကြောင့် ထင်ရှားသော အရောင်များရှိခြင်းဖြစ်သည်။ စိမ်းပြာအယ်လဂျီများသည် လေထဲရှိ ‘နိုက်ထရိုဂျင်’ ကို အပင်အတွက် အစာအဖြစ် ပြောင်းလဲပေးနိုင်သဖြင့် ရေလွှမ်းမိုးသော လယ်ကွင်းများကို မြေသြဇာကောင်းစေသည်။ အချို့မျိုးစိတ်များသည် အောက်ဆီဂျင်နည်းသော ရေထဲတွင် စုပုံပေါက်သဖြင့် ရေကန်မျက်နှာပြင်ပေါ်တွင် အစိမ်းရင့်ရောင်အမြှုပ်များဖြစ်ပေါ်သည်။ ထို့ကြောင့် ရေထုညစ်ညမ်းခြင်းကို သိနိုင်သည်။

ရွှေရောင်အယ်လဂျီသည် ရွှေညိုရောင်ဖြစ်ပြီး ရိုးရိုးရှင်းရှင်းဖြစ်သည်။ မျိုးစိတ် ၃၀၀ ခန့်ရှိပြီး အချို့မှာ ဆင့်ကဲဖြစ်စဉ်တွင် အခြားအပင်များထက် အဆင့်မြင့်သည်ဟု ထင်ရသည်။

ဒိုင်အာတမ်အမျိုးမျိုး



၁ ပင်နယူလေးရီးယား ၂ မီလိုဆီရာ ၃ ထရိုင်ဆီရေရှမ်
၄ ဗစ်ဒယ်ဖီးယား ၅ ကေတိုဆီရော့

## ဒိုင်အာတမ်များနှင့် ဒိုင်နိုဖလက်ဂျယ်လိတ်များ

သေးငယ်သော‘ဒိုင်အာတမ်’များသည် ဆဲလ်တခုတည်းဖြစ်ပြီး ရေချို၊ရေငန်နှင့် စိုစွတ်သောမြေတွင်ပေါက်နိုင်သည်။ရင်းသည် သဘာဝအစာကွင်းဆက်ဖြစ်ပေါ်ပုံကိုပြ၏။ ရေပေါ်တွင် မျောနေသော ရေမျောသက်ရှိများ၏ အဓိကအုပ်စုဖြစ်သည်။ ဝေလငါးနှင့် ‘ဟဲရင်း’ငါးများ၏ အစာဖြစ်သည်။ ဒိုင်အာတမ်အခွံနှစ်ခြမ်းသည် ကွမ်းအစ်အဖုံးနှင့် ကိုယ်ထည်ကဲ့သို့ အံဝင်ခွင်ကျ ဖြစ်နေသည်။ ၎င်းတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများသည် ဒိုင်အာတမ်မြေ ဖြစ်လာသည်။ ၎င်းမြေကို ရေစစ်ကဲ့သို့ စစ်သည့်အရာအဖြစ်လည်းကောင်း၊ ယမ်းဘီလူးပြုလုပ်ရာတွင်လည်းကောင်း သုံးသည်။

‘ဒိုင်နိုဖလက်ဂျယ်လိတ်’များသည် ပင်လယ်ပြင်တွင် မီးစုန်းရောင်တောက်စေသည့်အပြင် အဆိပ်ထုတ်လွှတ်သော “ဒိရေနီ” ကို ဖြစ်ပေါ်စေသဖြင့် ငါးများ၊ ကမာများနှင့် ပင်လယ်တွင်းရှိ သက်ရှိများကို ပျက်စီးစေသည်။ ဒိုင်နိုဖလက်ဂျယ်လိတ်များသည် အများအားဖြင့် ဆဲလ်တခုတည်းဖြစ်ပြီး အညို ‘ပစ်ဂမင့်’နှင့် ‘ကလိုရိုဖီး’ ပါရှိသည်။ ၎င်းတို့သည် အပင်များဖြစ်သော်လည်း အလင်းရောင်ကို တုံ့ပြန်နိုင်သောမျက်လုံးရာပါနိုင်ပြီး ကျာပွတ်မွေး၏ လှုပ်ရှားမှုဖြင့် ရေတွင် သွားလာနိုင်သည်။

ဒိုင်နိုဖလက်ဂျယ်လိတ်အမျိုးမျိုး



၁ ဂျင်မနိုဒိနီယမ် ၂ ဆီရေရှမ် ဖတ်စကမ် ၃ ထရိုင်ဆီရေရှမ်
၄ ကော့ကိုလစ်သိုဖိုရီဒါ ၅ နော့တီလူကာ

## မျိုးစေ့မရှိသောအပင်များ

ဆင့်ကဲဖြစ်စဉ်တွင် လွန်ခဲ့သည့်နှစ်ပေါင်း သန်းသုံးထောင်အတွင်းက ပျောက်ကွယ်သွားခဲ့သော အပင်မျိုးစိတ်အရေအတွက်သည် မျက်မှောက်ခေတ်ရှိ အပင်မျိုးစိတ်အရေအတွက်ထက် ပိုများသည်။ ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် ယခုထက်တိုင်ရှိသော အပင်များကို လေ့လာခြင်းဖြင့် စိတ်ဝင်စားဖွယ်ရာ ဆင့်ကဲဖြစ်စဉ် အကြောင်း သိရှိရသည်။ အချို့အပင်များမှာ နှစ်သန်းပေါင်းများစွာ မပြောင်းလဲပဲရှိသည်။

ရိုးရိုးရှင်းရှင်းဖြစ်ပြီး အပွင့်မပွင့်သော အပင်များကို မျိုးစေ့မရှိသောအပင်များဟုခေါ်သည်။ ၎င်းတို့တွင် 'ဗက်တီးရီးယား'၊ မှို၊ 'အယ်လဂျီ'၊ ရေညှိနှင့် 'ဖန်း' ပင်တို့ပါဝင်သည်။

ပင်လယ်ကျောက်ပွင့်ဇီဝစက်




# ပင်လယ်ရေမှော်များ

### အယ်လဂျီ

အယ်လဂျီများသည် ဆင့်ကဲဖြစ်စဉ်တွင် ပင်လယ်မှ ကုန်းပေါ်သို့တက်လာသော ရှေးအကျဆုံး သက်ရှိများဖြစ်သည်။ ၎င်းတို့သည် 'မိုက်ခရိုစကုပ်' ဖြင့် ကြည့်မှ မြင်နိုင်သည့် အလွန်သေးငယ်သော အယ်လဂျီမှ မီတာ ၂၀၀ အထိ ရှည်သော ပင်လယ်ကျောက်ပွင့်ကြီးအထိ အရွယ်အမျိုးမျိုး ရှိနိုင်သည်။

၎င်းတို့တွင် အမြစ်၊ ပင်စည်၊ အရွက်မရှိချေ။ နည်းအမျိုးမျိုးဖြင့် မျိုးပွားသည်။ အယ်လဂျီအားလုံး တူညီသည့်အချက်မှာ 'ကလိုရိုဖီး' ပါရှိခြင်းဖြစ်သည်။ ထို့ကြောင့် မှေးမှိန်သောအလင်းရောင်သာရှိသည့် ပင်လယ်အောက်တွင် အပင်အတွက် အစာဖွဲ့စည်းနိုင်သည်။ အစိမ်းရောင်အယ်လဂျီအပြင် အနီ၊ အညို၊ စိမ်းပြာအယ်လဂျီများလည်း ရှိသည်။ အခြား 'ပစ်ဂမင့်' များ၏ အောက်တွင် အစိမ်းရောင်ကလိုရိုဖီး ရှိသည်။

### ပင်လယ်ရေမှော်များ

၎င်းတို့သည် အကြီးဆုံးအယ်လဂျီများဖြစ်သည်။ အမြစ်မရှိသော်လည်းခြေကုပ်ခေါ် အင်္ဂါများဖြင့် ကုပ်တွယ်နိုင်သည်။ သမပိုင်းဒေသရှိရေထဲတွင် အများဆုံး ပေါက်ပြီး ဒီရေအမြင့်ဆုံးအမှတ်အထိတက်သည့် ရေမျက်နှာပြင်မှ လုံလောက်သော အလင်းရောင် ရရှိနိုင်သည့် ရေမျက်နှာပြင်အောက်အထိ ပေါက်နိုင်သည်။ မျိုးစိတ်တမျိုးစီသည် သတ်မှတ်ထားသော ရေအတိမ်အနက်တွင် သီးသန့် ပေါက်သည်။

ပင်လယ်ရေမှော်မှ 'အိုင်အိုဒင်း'နှင့် ကျောက်ကျောရရှိသည်။ ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတွင် ၎င်းတို့ကို ဟင်းရွက်ကဲ့သို့ပင် စားသည်။

### အယ်လဂျီအသုံးဝင်ပုံ

အယ်လဂျီများသည် လူနှင့်တိရစ္ဆာန်တို့၏ အစားအစာဖြစ်သည်။ အနီရောင်အယ်လဂျီမှ ရရှိသော ကျောက်ကျောကို ဘီယာ သန့်စင်စေရန် ပစ္စည်းနှင့် ဝမ်းပျော့ဆေးအဖြစ်သုံးသည်။ အညိုရောင်ပင်လယ်ရေမှော်မှ ထုတ်ယူသော 'အယ်လဂျီနစ်အက်ဆစ်' ကို ရာဘာပြုပြင်ရာတွင်သာမက ရေခဲမုန့်ပြုလုပ်ရာတွင်လည်း သုံးသည်။ ထို့ကြောင့် အယ်လဂျီများသည် အမျိုးမျိုး အသုံးဝင်သည်။

### အယ်လဂျီမျိုးပွားခြင်း

အယ်လဂျီမျိုးပွားပုံ အမျိုးမျိုးရှိသည်။ သေးငယ်ပြီး 'ဆဲလ်' တခုတည်းရှိသော စိမ်းပြာအယ်လဂျီများသည် နှစ်ခြမ်းကွဲခြင်းဖြင့် မျိုးပွားသည်။ မျိုးဆက်နှစ်ဆက်ရှိသောဖြစ်စဉ်ကို အညိုရောင်အယ်လဂျီမျိုးစိတ် များစွာတို့တွင် တွေ့နိုင်သည်။ ၎င်းတို့သည် 'စပိုး'များဖြင့် မျိုးပွားသည်။ စပိုးသည် အကာ'တစ်ရှူး'ဖြင့်ဝန်းရံလျက်ရှိသော ဆဲလ်ငယ်ဖြစ်သည်။

### အစိမ်းရောင်အယ်လဂျီ

အစိမ်းရောင်အယ်လဂျီများ၌ ကလိုရိုဖီးရှိသည့် အစိမ်းရောင်'ကလိုရိုပလတ်'ပါရှိသည်။ အများစုသည် ရေချိုတွင်ပေါက်သည်။ အစိုဓာတ်နှင့် နေရောင်ခြည်ရနိုင်သော နေရာတိုင်းတွင် တွေ့နိုင်သည်။ အယ်လဂျီမျိုးစိတ် အများစုသည် ရိုးရိုးရှင်းရှင်းဖြစ်ပြီး ဆဲလ်တခုတည်းဖြစ်သော်လည်း အချို့မျိုးစိတ်များသည် ဆဲလ်အများအပြားဖြင့် ဖွဲ့စည်းထားသည်။



'လူသေလက်ချောင်းများ' ခေါ်
အစိမ်းရောင်ပင်လယ်ရေမှော်များ (ဝဲ)၊ 'အင်ထရိုမော်ဖာ ကွန်ပရက်ဆာ' (အလယ်)၊
စားကောင်းသော 'ပင်လယ်ဆလတ်' (ယာ)



အနီရောင်အယ်လဂျီ 'ရိုဒီမီနီယာ ပေါ်လီနိုတာ'၊ 'ခွန်ဒရတ် ခရစ်စပတ်'နှင့် အညိုရောင်အယ်လဂျီ 'ဗလတ်ဒါရက်'၊ ဖြာထွက်နေသော ပင်လယ်ကျောက်ပွင့်ကြီးတို့ ဖြစ်သည်။



'ရေသူမ ဝိုင်ဖန်ခွက်' ခေါ် ပင်လယ်ရေမှော်သည် ကမ်းခြေရှိ ကျောက်တုံးများပေါ်၌ ပေါက်သည်။

## အနီရောင်အယ်လဂျီ

အနီရောင်'အယ်လဂျီ'များသည် အဆင့်အမြင့်ဆုံးပင်လယ်ရေမှော် ဖြစ်သည်။ ၎င်းသည် ဖဲပြားပုံ သို့မဟုတ် ပန်းကန်ပြားပုံရှိပြီး အညိုရောင်ပင်လယ်ရေမှော်များပေါက်သောနေရာထက် ရေပိုနက်ပြီး ပို၍ပူနွေးသော ပင်လယ်ပြင်တွင် ပေါက်သည်။ အများစုသည် ဆဲလ်အများအပြားဖြင့် ဖွဲ့စည်းထားပြီး တနေရာတည်းတွင် ကုပ်တွယ်၍ပေါက်လေ့ရှိသည်။ မျိုးစိတ်အများစုမှကျောက်ကျောရရှိသည်။



ဒီရေရှိသော မြစ်ဝများတွင် တွေ့ရသည့် အညိုရောင်နှင့် အနက်ရောင်ရှိသော 'ဗင်ဂျီယာ အာထရိုပါပျူရီယာ' (ဝဲ)၊ ကျောက်ကျောရသည့် 'ဂျီလီဒီယမ် ကာတီလေဂျီနီယမ်' (ယာ)



အာရှအရှေ့ပိုင်း ကျောက်ဆောင်များတွင် ပေါက်သည့် 'ခွန်ဒရတ် အော်စီလေးတတ်' (ဝဲ) ကို ကော်ပြုလုပ်ရာတွင် သုံးသည်။ 'ပေါ်ဖီရာ တီနီရာကီဂျယ်လမ်' (ယာ) သည် ကျောက်တုံးများပေါ်တွင် အချပ်လိုက်ပေါက်သည်။



ကျောက်ကျောရသည့် 'ယူချီယူမာ ဂရာစီလစ်' ကို အင်ဒို–ပစိဖိတ်ဒေသရှိ သန္တာပင်လယ်များ၏ ရေတိမ်ပိုင်းတွင် တွေ့နိုင်သည်။

## အညိုရောင်အယ်လဂျီ

အညိုရောင်အယ်လဂျီသည် အရွယ်အမျိုးမျိုးရှိသည်။ ပင်လယ်ကမ်းခြေတိုင်းလိုလိုတွင်တွေ့နိုင်ပြီး အေး၍ တိမ်သောရေတွင် ပို၍ပေါများသည်။ ဆဲလ်အများအပြားဖြင့် ဖွဲ့စည်းထားသည်။ ပေါလောမျောနေသည်ထက် အများအားဖြင့် တခုခုကို ကုပ်တွယ်၍နေသည်။ ၎င်းအရည်အချင်းသည် ဆင့်ကဲဖြစ်စဉ်တွင် အရေးပါသော ဖွံ့ဖြိုးမှုဖြစ်သည်။ အယ်လဂျီများသည် တနေရာတည်းတွင် ကုပ်တွယ်ပေါက်နေခြင်းဖြင့် တည်ငြိမ်သော ပတ်ဝန်းကျင်၌ ရှင်သန်ဖွံ့ဖြိုးနိုင်သည်။



အညိုရောင်အယ်လဂျီ'ဖျူးကတ် အီဗင်နေစင်'(ဝဲ) သည် ကျောက်တုံးများပေါ်တွင် ပေါက်သည်။ 'ရေသူမယပ်တောင်'ခေါ် အညိုရောင် ရေမှော် (ယာ) သည် နွေးသောပင်လယ်တို့၏ ရေတိမ်ပိုင်းတွင် ပေါက်သည်။



စားကောင်းသော 'လာမီနေးရီးယား ဂျပွန်နီကာ' (ဝဲ) သည် လေးမီတာအထိရှည်သည်။'လွန်းပုံအိတ်အရွက်' (အလယ်) နှင့်'ပင်လယ်ကျွေပေါင်းပင်' (ယာ) ဖြစ်သည်။



စပျစ်သီးနှင့်တူသည့် စားကောင်းသော အစိမ်းရောင်အယ်လဂျီ 'ကော်လာပါ ရေစီမိုဆာ' သည် သန္တာကျောက်တန်းများပေါ်၌ ပေါက်သည်။

# မှိုများ

ပေါင်မုန့်ကိုကြာကြာထားလျှင် မီးခိုးရောင်မှိုနုများ ပေါက်လာမည်။ ထိုမှိုသည် 'ဖန်းဂတ်'ခေါ် အပင်ဖြစ်ပြီး တောတွင်း၌ ပေါက်သော အဆိပ်ရှိမှိုနှင့် တမျိုးတစားတည်း ဖြစ်သည်။

မှိုမျိုးစိတ်ပေါင်း ၃၅၀၀၀ ရှိရာ ပေါင်မုန့်ပြုလုပ်ရာတွင် သုံးသည့် တဆေးပင်မှ အစ ပုံသဏ္ဌာန်နှင့် အရောင်အမျိုးမျိုးရှိသည့် မှိုပွင့်ကြီးများအထိ ပါဝင်သည်။ မှိုများတွင် အပင်အတွက် အစာဖွဲ့စည်းသည့် 'ကလိုရိုဖီး' မပါရှိချေ။ ထို့ကြောင့် အပင် သို့မဟုတ် တိရစ္ဆာန်များပေါ်တွင် ကပ်ပါးပင်အဖြစ်သော်လည်းကောင်း၊ ဆွေးမြည့်သော သက်မဲ့ အရာဝတ္ထုအပေါ်တွင် အဆွေးစားပင် အဖြစ်သော်လည်းကောင်း ပေါက်ပြီးလျှင် အာဟာရများကို ရယူသည်။

မှိုများသည် ဆံချည်မျှင်ကဲ့သို့သော မှိုမျှင်စုဖြစ်သည်။ မှိုမျှင်သည် မှိုပင်၏ အဓိကအစိတ်အပိုင်းဖြစ်ပြီး မြေတွင်း၌ ရှိသည်။ မှိုပွင့်မှာ မျိုးပွားသော အစိတ်အပိုင်း ဖြစ်သည်။ မှိုများသည် အာဟာရ ရယူရန်အတွက် သက်ရှိအတွင်းသို့ အသေးငယ်ဆုံးသောအပေါက်မှပင် ထိုးဖောက် ဝင်ရောက်နိုင်သည်။ ထို့ကြောင့် မှိုတို့သည် ရောဂါကိုဖြစ်စေသည်။

မှိုများသည် အကျိုးပြုလုပ်ငန်းများကိုလည်း ပြုလုပ်သည်။သက်မဲ့အော်ဂဲနစ်ဒြပ်များကို အခြားအပင်များ သုံးစွဲနိုင်သော ဓာတုပစ္စည်းများအဖြစ် ဖြိုခွဲရန် ကူညီသည်။ အချို့မှိုများမှ 'ပင်နီဆီလင်'နှင့် 'အော်ရီယိုမိုင်ဆင်' ကဲ့သို့သော ပဋိဇီဝဆေး များ၊ 'ဆစ်ထရစ်အက်ဆစ်'နှင့် ဗီတာမင်များ ရရှိသည်။ တဆေးပင်များသည် အမျိုးမျိုးအသုံးဝင်သည်။



တဆေးဆဲလ်တွင်'နယူကလိယ'ကွဲပြီးနောက် အပိုနယူကလိယသည် အဖူးတွင်းသို့ ရွေ့သွားသည်။ ဆဲလ်အသစ်ဖြစ်ပေါ်ပြီး ပြတ်ထွက်သွားသည်။

## အိတ်မှိုများ

မှိုအမျိုးမျိုးနှင့် တဆေးပင်များသည် အများအားဖြင့် ကုန်းပေါ်တွင် ပေါက်သည်။ ဆဲလ်တခုတည်းဖြစ်သော တဆေးပင်တွင် ပရိုတင်းနှင့် ဗီတာမင်များပါဝင်သည်။ 'အောက်ဆီဂျင်' မရှိသောအခါတွင် ၎င်းသည် သကြားကို 'အယ်လကိုဟော'နှင့် 'ကာဗွန်ဒိုင်အောက်ဆိုဒ်' အဖြစ်သို့ ဖြိုခွဲပေးသည်။ မုန့်ညက်ကို ပွစေသည်။ အိတ်မှိုအများစုသည် ဆဲလ်များစွာဖြင့် ဖွဲ့စည်းထားပြီး 'စပိုး'ဖြင့် မျိုးပွားသည်။







'အက်စပါဂျီလတ် အိုရိုင်ဇေ'ခေါ် အိတ်မှိုတမျိုးကို တရုတ်ဝိုင်အရက်နှင့် ပဲငပိ၊ ပဲငံပြာရည် ပြုလုပ်ရာတွင် သုံး၏။

အရသာထူးသည့်'မော်ရယ်မှို' (ဝ)၊ 'ပင်နီဆီလီယမ်' စပိုးအိတ် (ယာ)



ပင်နီဆီလီယမ်သည် ပေါင်မုန့် အစိုပေါ်တွင် ပေါက်သည်။ ၎င်းကို ၁၉၂၉ ခုတွင် စတင်တွေ့ရှိပြီး ၁၉၄၁ ခုမှစ၍ အသုံးပြုသော ပင်နီဆီလင်ဆေးရရှိသည့် ပင်ရင်းဖြစ်သည်။



အဆစ်ကဲ့သို့စပိုးအိတ်ရှိသော အဆင့်နိမ့်မှိုမျိုးပြား တမျိုး ဖြစ်သည့် ပေါင်မုန့်မှိုနက် (ဝဲ) ဖြစ်သည်။ 'ဆက်ပရိုလက်ဂနီယာ မိုနိုက်ကာ' (ယာ) သည် အလှမွေးငါးများကို ရောဂါဖြစ်စေသည်။

## အဆင့်နိမ့်မှိုများ

အဆင့်နိမ့်မှိုများသည် မှိုများအနက် ရှေးအကျဆုံးဖြစ်ပြီး သာမန်မျက်စိဖြင့် မမြင်နိုင်ချေ။ သိုးနေသော ကစီအစာတွင် ပေါက်သည့် ပေါင်မုန့်မှိုနက်များပါဝင်သည်။ အဆင့်နိမ့်မှိုများသည် ရေ သို့မဟုတ် ခြောက်သွေ့သော ကုန်းပေါ်တွင် ပေါက်သည်။ ရေနေမျိုးစိတ်တို့တွင် ရွေ့လျားနိုင်သော အဖိုစပမ်းရှိသည်။ ကုန်းနေမျိုးစိတ်တို့သည် 'ကွန်ဂျူဂေးရှင်း' ခေါ်ဖြစ်စဉ်ဖြင့် မျိုးပွားသည်။



အရှေ့တောင်အာရှရှိ 'အင်ဒိုဒါမိုဖိုက်တွန် ကွန်ဆင်ထရီကမ်'မှိုသည် လူ၏ အရေပြားပေါ်တွင် ပွေးကွက်များဖြစ်စေသည်။



ခွက်ပုံ 'အက်စကိုကပ်'ပါရှိသော 'ပဇိုက်ဇာ' မျိုးစုတွင် မျိုးစိတ် ၅၀ ခန့် ပါဝင်သည်။ နွေရာသီတွင် သစ်ဆွေးပေါ်၌ ပေါက်သည်။

## တင်းပုတ်မှိုနှင့် အဆိပ်ရှိမှို

တင်းပုတ်မှိုအုပ်စုတွင် အလေ့ကျပေါက်မှို၊ စားသုံးမှိုနှင့် အဆိပ်ရှိမှိုများ ပါဝင်သည်။ 'ဗက်ဆီဒီယိုစပိုး' များဖြင့် မျိုးပွားသည်။ စားသုံးမှိုနှင့်အဆိပ်ရှိမှိုတို့သည် 'ဗက်ဆီဒီယိုကပ်' များဖြစ်သည်။ ချောမွတ်၍ ထီးပုံရှိသော ထိပ်ပိုင်း၏အောက်ဘက်တွင် ပါးဟက်ခေါ် အမြှေးပါး များစွာရှိသည်။ ပါးဟက်များပေါ်တွင် 'ဗက်ဆီဒီယမ်'များ ဖြစ်ပေါ်သည်။ တင်းပုတ်မှိုများသည် အစာစုပ်ယူနိုင်သော မြေဆီလွှာ သို့မဟုတ် ဆွေးမြည့်သော အပင်၊ အရွက်နှင့် ပင်စည်များပေါ်တွင် ပေါက်သည်။

အလေ့ကျပေါက်သော မှိုပွင့်အများစုမှာ အရသာအလွန်ထူးသည်။ သို့သော်လည်း ကျွမ်းကျင်သူများသာ အဆိပ်ရှိမရှိ သိနိုင်သည်။ အဆိပ်ရှိမှိုများသည် အဆိပ်ပြင်းလွန်းသဖြင့် သေစေနိုင်သည်။

'အားဂေါ့' မှိုစွဲကပ်နေသော ကောက်မျိုးများကို စားမိသည့်အခါတွင် ဖြစ်သော "စိန့်အန်သိုနီ၏မီး" ရောဂါသည် လူနှင့်တိရစ္ဆာန်များကိုသေစေသည်။ ယခုအခါတွင် အဖိုးတန်သောဆေးကို အားဂေါ့မှိုမှ ထုတ်ယူသည်။




ထင်းရှူးတောတွင်တွေ့ရလေ့ရှိသော 'အာမီလေးရီးယား အီဒိုဒက်'၌မှိုပွင့်ငယ်စဉ် အပြင်ကဖုံးအုပ်ထားသော အမြှေးဖုံးသည် စုတ်ပြဲသွား၍ မှိုပွင့် ကြီးလာသောအခါ အောက်ပိုင်းထက်ဝက်သည် မှိုအောက်ခြေခွက်အဖြစ်ကျန်ခဲ့ပြီး အပေါ်ပိုင်းထက်ဝက်သည် ပါးဟက်များကို ဖုံးလျက်ရှိသည်။ မှိုပွင့် ရင့်လာသောအခါ ပါးဟက်ဖုံးအမြှေးပါးစုတ်ပြီး ခြေချင်းဖြစ်လာသည်။



မြောက်သမပိုင်းသစ်တောရှိ အရသာရှိသော 'ဗိုလီတတ် အီဒူလစ်'ဖြစ်သည်။




ပါးဟက်များမှ 'စပိုး'များ လွတ်ထွက်သောအခါ ပင့်ကူအိမ်ကဲ့သို့ မှိုမျှင်စုဖြစ်ပေါ်လာသည်။ ၎င်းမှိုမျှင်စုများမှ မျိုးပွားနိုင်သည့် စပိုးများပါရှိသော မှိုပွင့်တစ်ပွင့်ဖြစ်လာသည်။

## မှိုပွင့်ဇီဝစက်

မှိုပွင့်သည် စပိုးဖြင့် မျိုးပွားသည်။စပိုးနှစ်မျိုးသည် ဆင်တူဖြစ်နေသောကြောင့် အဖိုနှင့်အမဟူ၍ မခွဲခြားနိုင်ပေ။ ထို့ကြောင့် အပေါင်း–စပိုးနှင့် အနုတ်–စပိုးဟူ၍ သတ်မှတ်သည်။ ၎င်းတို့ မြေကြီးထဲတွင် တသီးတခြားစီ ပေါက်လာသောအခါ ဆဲလ်များစွာပါဝင်သော မှိုမျှင်များဖြစ်ပေါ်သည်။

၎င်းတို့ရှည်ထွက်လာသောအခါ အပေါင်း–စပိုး၏မှိုမျှင်သည် အနုတ်–စပိုး၏မှိုမျှင်နှင့် ထိတွေ့ပူးပေါင်းပြီး အပေါင်း–အနုတ်မှိုမျှင်ဖြစ်ပေါ်လာသည်။ ၎င်းမှိုမျှင်မှ စပိုးဆောင်သော မှိုပွင့်၏ရိုးတံနှင့် ထီးရွက်ဖြစ်ပေါ်သည်။ ထိုအချိန်၌ပင် စပိုးအသစ်နှစ်မျိုး ဖြစ်ပေါ်လာပြန်သည်။ ပေါ့ပါးသောစပိုးများသည် ပါးဟက်မှ လွတ်ထွက်သောအခါ နေရာအနှံ့အပြားတွင် ကျရောက်သည်။ သင့်လျော်သော ပတ်ဝန်းကျင်တွင် ဇီဝစက် တဖန်စ၍ လည်ပြန်သည်။



လက်ဝဲဘက်တွင် အရှေ့အာရှရှိ သစ်တုံးမှ နုတ်ယူထားသော 'ကော်တီနယ်လတ် ရှီအိုင်တာကေ'သည် အလွန်အရသာထူးသည်။ တရုတ်လူမျိုးများ စားသုံးသည်။ လက်ယာဘက်ရှိ 'မရဏဦးထုပ်' မှိုသည် အလွန်အဆိပ်ပြင်းသည်။ စားကောင်းသော မှိုနှင့် မှားတတ်သောကြောင့် ရိုးတံခြေရှိ ခွက်ဖြင့် ခွဲခြားသိနိုင်သည်။



'ဆယ်လီယိုတာ ကင်ပက်စထရစ်' သည် မြက်ခင်းများပေါ်တွင် အကွင်းလိုက် အလေ့ကျပေါက်သည်။ စိုက်ပျိုးယူ၍လည်း ရနိုင်သည်။

# လိုင်ကင်များ

အေးလွန်းသဖြင့် အခြားအပင်များမပေါက်နိုင်သော တောင်ထိပ်များနှင့် ရေခဲပြင် ဖုံးလျက်ရှိသည့် အန္တာတိတ်ဒေသတို့တွင် 'လိုင်ကင်' များပေါက်နိုင်သည်။ အခြေအနေဆိုးရွားသော ပတ်ဝန်းကျင်တွင် လိုက်လျောညီထွေစွာ ရှင်သန်နိုင်သည့် အရည်အချင်းကိုပြသော ထင်ရှားသည့် နမူနာတစ်ခုဖြစ်သည်။

သက်တမ်းအားဖြင့် နှစ်ပေါင်းတစ်ထောင်ကျော်ရှိသော လိုင်ကင်တို့သည် အကြမ်းခံနိုင်ဆုံး အပင်များဖြစ်ပြီး အန္တာတိကာဒေသ တခုတည်း၌ပင် မျိုးစိတ် ၄၀၀ ခန့် ရှိ၏။ မျိုးစိတ်စုစုပေါင်း ၁၅၀၀၀ ကျော် ရှိသည်။ လိုင်ကင်သည် 'အယ်လဂျီ' နှင့် မှိုတို့ နှစ်မျိုးပေါင်း၍ တပင်ဘည်းကဲ့သို့ ပြုမူနေခြင်းဖြစ်သည်။ 'ကလိုရိုဖီး' ပါဝင်သော အယ်လဂျီများက အပင်နှစ်မျိုးစလုံးအတွက် အစာဖွဲ့စည်းပေးသည်။ ရေ၊ ဓာတ်ဆားနှင့် အကာအကွယ်ကို မှိုက ပေးသည်။

ဤကဲ့သို့ အပင်တို့ဖက်စပ်တည်ရှိခြင်းကို 'အပြန်အလှန် အကျိုးပြုသဘော' ဟုခေါ်သည်။ အပင်နှစ်မျိုးသည် အပြန်အလှန်အကျိုးပြုခြင်းဖြင့် အသက်ရှင်ရန် တာဝန်ကိုပူးတွဲထမ်းဆောင်သည်။ တပင်ပေါ်၌ အခြားတပင်က တဘက်သတ်မှီခိုနေထိုင်သည့် 'ကပ်ပါးသဘော' နှင့် ခြားနားသည်။



'ယင်ကောင်မှို' သည်အေးသည့်မြောက်ပိုင်းသစ်တောအတွင်းပေါက်သော အရောင်တောက်ပသည့် မှိုမျိုးဖြစ်သည်။ ၎င်းတွင်ပါရှိသော 'မတ်စကာရင်' အဆိပ်သည် စိတ်ချောက်ချားစေရုံသာမက သေစေနိုင်သည်။



'ပတ်ဖဘော' နှင့်မျိုးနွယ်သော 'မြေပြင်ကြယ်ပွင့်မှို' သည် သစ်တောမြေများတွင် ပေါက်၏။ အပြင်လွှာကွဲပြီး စပိုးများ မြေပေါ် ကျခြင်းဖြင့် မျိုးပွား၏။



မှိုနှင့်ရေညှိတို့ဝန်းရံလျက်ရှိသော လိုင်ကင်သည် မလေးရှားတောင်ထိပ်၌ ကောင်းစွာ ဖြစ်ထွန်းသည်။



'သန္တာမှို' သည် မခုတ်ဖူးသေးသော သစ်တောတွင်ပေါက်သည်။





စား ကောင်း သော 'အိုက်စလန်ရေညှိ' သည် အိုက်စလန်နိုင်ငံတွင် ပေါက်၏။

အပင်တွင် တွယ်ကပ် ပေါက်နေသည့် 'ပါမီလီယာ' ပင်၏ ခွက်ပုံအပိုင်းမှ 'စပိုး' များထွက်လာပြီး လေနှင့်အတူ ပျံ့နှံ့၏။



'ပါမီလီယာ တူဗူလိုဆာ'



'ဖရုတ်တီကို လိုင်ကင်'

# ရေညှိနှင့် လစ်ဗာဝပ်များ

ရေညှိနှင့် ‘လစ်ဗာဝပ်’ များသည် မြေပေါ် ပေါက်သည့် အစိမ်းရောင်အရွယ်ကြီး အဆင့်နိမ့်ပင်များ ဖြစ်သည်။ အစေ့ဖြင့်မျိုးမပွားပဲ ‘စပိုး’ဖြင့် မျိုးပွားခြင်း ကြောင့် ဆင့်ကဲဖြစ်စဉ်အရ အပွင့်ဆောင်ပင်များထက် အဆင့်နိမ့်သည်။

ရေညှိနှင့် လစ်ဗာဝပ်များတွင် ပင်စည်၏ အဖျားပိုင်း၌ အရွက်ငယ်များ ပါရှိခြင်းကြောင့် ကတ္တီပါသားကဲ့သို့ နူးညံ့သည်။ ၎င်းတို့တွင် အမြစ်မရှိပေ။ စိုစွတ်သော ဒေသများ၌ ပေါက်နိုင်သည်။ အမှန်စင်စစ် ကျွန်ုပ်တို့မြင်နေရသော ရေညှိပင်များသည် အပင်ငယ်လေးများစွာ စုပုံ၍ပေါက်နေခြင်း ဖြစ်သည်။

## ရေညှိများ

ရေညှိများတွင် မျိုးစိတ် ၁၄၅၀၀ ခန့် ရှိသည်။ လစ်ဗာဝပ်များထက် ဖွဲ့စည်းမှုအဆင့်မြင့်ပြီး အရေအတွက်လည်း ပိုသည်။ ၎င်းတို့တွင် ခရုပတ်ပုံ အနေအထားရှိသည့် အပင်အတွက် အစာဖွဲ့စည်းနိုင်သော အရွက်ငယ်များ၊ ရေနှင့် ဓာတ်ဆားများကို စုပ်ယူပေးနိုင်သည့် အမြစ်ယောင်များ ရှိသည်။

ရေညှိများသည် ကျွန်ုပ်တို့နှင့် အပင်လောကအတွက် အရေးပါသည်။ ဥပမာ ရွံ့ညွန်အတွင်း ပေါက်သည့် ‘စဖက်ဂနမ်’ ပင်များ သေသောအခါ ဆွေးမြည့်သွားခြင်းမရှိပဲ အထပ်ထပ်စုပုံပြီး ‘အော်ဂဲနစ်’ သစ်ပုပ်မြေဆွေး ဖြစ်လာသည်။ ၎င်းကို အချို့နိုင်ငံတွင် လောင်စာအဖြစ်လည်းကောင်း၊ စကော့ဝီစကီ အရက်ချက်ရာတွင်လည်းကောင်း သုံးသည်။ ရေကန်အတွင်း၌ ရေညှိအသေများ စုပုံ၍ အလွှာထူလာလျှင် ရေကန်မှာ တိမ်ကောပြီး အပင်များပေါက်ရန် သင့်လျော်သော မြေပြင်သစ် ဖြစ်လာနိုင်သည်။



အဖိုဂမိဆောင်ပင်မှ ‘စပမ်း’ သည် ရေလွှာပါးအတိုင်း ကူးခပ်ပြီး အမပင်သို့ ရောက်ရှိသည်။

## ဗရိုင်ယိုဖိုက်၏ ဇီဝစက်

‘ဗရိုင်ယိုဖိုက်’ များသည် မျိုးပွားရန်အတွက် ရေလိုအပ်သဖြင့် စိုစွတ်ပြီး မိုးများသည့်ဒေသများတွင် အတွေ့ရများသည်။ တပင်စီပေါ်တွင်ရှိသော (တခါတရံ တပင်တည်းပေါ်တွင်ရှိသော) အဖိုအင်္ဂါနှင့် အမအင်္ဂါတို့ဖြင့် မျိုးပွားသည်။ အဖိုစပမ်းများသည် အမမျိုးဥရှိရာသို့ ရေအတွင်းမှကူးခပ်သွားပြီး သန္ဓေအောင်စေသဖြင့် ဂမိဆောင်ပင်ပေါ်တွင် မှီခိုသော စပိုးဆောင်ပင် ဖြစ်လာသည်။ စပိုးဆောင်ပင်၏ စပိုးအိတ်အတွင်း၌ စပိုးများဖြစ်ပေါ်၍ စပိုးအိတ်အတွင်းမှ ထွက်ပြီးနောက် ၎င်းစပိုးမှတဆင့် ဂမိဆောင်ပင် ပြန်ဖြစ်လာသည်။ ရေညှိနှင့် လစ်ဗာဝပ်မျိုးစိတ်တိုင်း၌ ဂမိဆောင်ပင်နှင့် စပိုးဆောင်ပင်ဟူ၍ အပင်နှစ်မျိုးရှိပြီး အပင်နှစ်မျိုးဖြင့် မျိုးပွားခြင်းကို မျိုးဆက်တလှည့်စီဖြစ်ခြင်းဟု ခေါ်သည်။


စဖက်ဂနမ်ပင်များတွင် ဆဲလ်သေများ ပါရှိသဖြင့် စုပ်ယူနိုင်အားရှိပြီး အက်ဆစ်များသောကြောင့် ပိုးသတ်နိုင်စွမ်းရှိသဖြင့် ပတ်တီးအဖြစ် သုံးသည်။


ဂျပန်နိုင်ငံ၊ ကျိုတိုမြို့ ဆိုင်ဟိုဘုရားကျောင်းရှိဥယျာဉ်အတွင်း၌ ရေညှိမျိုးစိတ် ၁၀ ကျော်ခန့် ရှိသည်။



‘ကလိုင်မာစီယမ် အမေရိကန်နမ်’ (ဝဲ) နှင့် ‘နီယမ် ကတ်စပီဒေတမ်’ (ယာ) တို့သည် မြောက်သမပိုင်း ဒေသများတွင် ပေါက်သည်။


‘ပေါ်လီထရစ်ကမ် ဂျူနီပါရီနမ်’ သည် နှစ်ဆင်တီမီတာ အထိ မြင့်နိုင်သည်။ အဖိုပင် (ဝဲ)၊ အမပင် (ယာ)


အရှေ့တောင်အာရှရှိ ‘ပိုဂိုနေတမ် မက်ကရိုဖီလမ်’

## လစ်ဗာဝပ်များ

'လစ်ဗာဝပ်'များတွင် သစ်သား'တစ်ရှူး'များမပါရှိ၊ ဆင်တီမီတာ အနည်းငယ်သာမြင့်သည်။ ၎င်းတို့တွင် အရွက်နှင့်သဏ္ဍာန်တူပြီး ပြားချပ်သည့်'သယ်လတ်'နှင့် အာဟာရစုဆောင်းနိုင်သည့် အမြစ်ယောင်များရှိသည်။ ကမ္ဘာအနှံ့ မျိုးစိတ် ၈၅၀၀ ခန့်ရှိပြီး အများစုသည် အပူပိုင်းဒေသတွင် ပေါက်သည်။



'မာကင်ရှာ ပေါ်လီမော်ဖာ'၏အမဂမိဆောင်ပင်သည် အစိမ်းရောင်ရှိပြီး ပြားချပ်သည်။




အမဂမိဆောင်ပင် (အထက်)
အဖိုဂမိဆောင်ပင် (အထက်ဝဲ)

ရေပေါ်တွင်ပေါလောမျောနိုင်သော 'ရီစီအိုကာပတ် နေတင်' (အထက်) ရွက်ပြားပုံဖြစ်ပြီး ကိုင်းတိုများရှိသော 'ဗာဇင်နီယာ' (အထက်ယာ)

# ဖန်းပင်နှင့် ဖန်းနွယ်ဝင်အပင်များ

'ဖန်း'ပင်များသည် အပင်လောက၏ ရှေးပြေးအပင်များ ဖြစ်သည်။ နှစ်သန်းပေါင်းများစွာက 'စပိုး' ပေါက်နှုန်းညံ့သည့် စပိုးဖြင့် မျိုးပွားရာမှ အစေ့ဖြင့် မျိုးပွားခဲ့သည်။ ထိုသို့အစေ့ဖြင့် မျိုးပွားခြင်းသည် ဆင့်ကဲဖြစ်စဉ်အရ တိုးတက်သော လက္ခဏာတရပ်ဖြစ်သည်။

## ဆင့်ကဲဖြစ်စဉ်

ကျောက်ဖြစ်ရုပ်ကြွင်းများအရ ပထမဆုံးသောဖန်းပင်များသည် နှစ်သန်းပေါင်း ၄၂၀ ခန့်က ပေါ်ထွန်းခဲ့သည်။ ဥပမာ 'ဝှစ်ဖန်း'ပင်သည် အဆင့်နိမ့် 'တယ်ရီဒိုဖိုက်'ဖြစ်ပြီး ယနေ့တွေ့ရသော ဖန်းပင်ကဲ့သို့ အမြစ်စစ်နှင့် အရွက်စစ်များ မပါရှိပေ။ (ဖန်းပင်များသည် အရွက်ဆောင်သော ရှေးဦးအပင်များ ဖြစ်သည်။)

၎င်းအဆင့်နိမ့် ဖန်းပင်များ ပေါ်ထွန်းပြီးနောက် နှစ်သန်းပေါင်း ၉၀ ခန့်အကြာတွင် အစာရေကြောရှိပြီး ကုန်းပေါ်၌ပေါက်သောအပင်တို့ဖြင့် စည်ပင်စပြုသည်။ ၎င်းအပင်များတွင် ဆင့်ကဲဖြစ်စဉ်အရ ရေသယ်ပို့မည့် စနစ်များဖြစ်ပေါ်ခဲ့သည်။



'နဂါးလျှာဖန်း' ပင်မျိုးသည် သစ်ကပ်ပင်ငယ် တစ်မျိုးဖြစ်ပြီး အရွက်မြုံနှင့် စပိုးဆောင်အရွက် နှစ်မျိုးစလုံး ရှိသည်။ အပူပိုင်း အရှေ့အာရှတွင် အနှံ့အပြား တွေ့ရသည်။

## ပထမဆုံး အစေ့ဆောင်ပင်များ

တယ်ရီဒိုဖိုက်များ၏ မျိုးဆက်များ၌ အမြစ်စစ်၊ ပင်စည်စစ်နှင့် အရွက်စစ်များ တိုးတက်ဖြစ်ပေါ်လာသဖြင့် ၎င်းတို့သည် ယနေ့တွေ့နေရသော အဆင့်မြင့်ပင်များ၏ ရှေ့ပြေးများ ဖြစ်သည်။

၎င်းအပင်များသည် စပိုးဖြင့်မျိုးပွားရာ၌ ရေအစဉ်လိုအပ်ခြင်း၊ စပိုးတခုမှ အပင်တပင် အဆင်ပြေပြေဖြစ်လာနိုင်ရန် သန်းပေါင်းများစွာသော စပိုးများထုတ်လုပ်ရခြင်း စသည့် လိုအပ်ချက်များ ရှိသည်။





လက်ဝဲအစွန်တွင် 'လုံမပျိုကေသာဖန်း' ပင် ဖြစ်သည်။ ရွက်မြွှာပေါ်ရှိ စပိုးအိတ်ကို အဖတ်ငယ်များဖြင့် ကာကွယ်ထားသည်။ ဆံချည်မျှင်နှင့်တူသည့် အနက်ရောင်ပင်စည်ရှိသော အိုးစိုက်ပင်များ ဖြစ်သည်။

လက်ဝဲဘက်ရှိ 'ဗရက်ကင်' ခေါ် ဖန်းပင်သည် အခြားအပင်များမပေါက်နိုင်စေရန် လောင်းရိပ်ထိုး၍ ထားသည်။ အညွန့်ကို စားနိုင်သည်။

## မျိုးစိတ်တစ်ခု၊ အပင်နှစ်ပင်

'စပိုး'ဆိုသည်ကား အဘယ်နည်း။ စပိုးဆိုသည်မှာ သေးငယ်ပြီး ခြောက်သွေ့ဒဏ်ခံနိုင်သည့် နံရံထူများပါရှိ၍ အစေ့များနှင့် ဆောင်ရွက်ပုံ ဆင်ဆင်တူသော ဆဲလ်ဖြစ်သည်။ 'ဖန်း'ပင်များ၏ ဇီဝစက်တွင် မျိုးဆက် တလှည့်စီဖြစ်နိုင်သည်။ ဖန်းပင်၏အရွက်ကျောဘက်တွင် စပိုးများရှိသည့် စပိုးအိတ်များကို ရွက်ကြောတလျှောက် တွေ့နိုင်သည်။ စပိုးအိတ်များ ရင့်မှည့်ချိန်၌ ပေါက်ကွဲပြီး စပိုးများ လေနှင့်အတူပျံ့လွင့်လျက် သင့်တင့်သောအပူချိန်၊ အစိုဓာတ်နှင့်အရိပ်ရရှိသည့်ဒေသတို့တွင် စပိုးမှအပင်သစ်ပေါက်လာသည်။ ၎င်းသည် အလွန်သေးငယ်သော ဂမိဆောင်ပင်ဖြစ်ပြီး 'စပမ်း'နှင့် မ မျိုးဥများကို တပြိုင်တည်းထုတ်လုပ်သည်။စပမ်းသည် မမျိုးဥထံသို့ ရေကူး၍ ရောက်ရှိမှသာ သန္ဓေအောင်သဖြင့် 'တယ်ရီဒိုဖိုက်' အုပ်စုဝင် အပင်များသည် ရေကိုမှီခိုရပြန်သည်။ သန္ဓေအောင်မျိုးဥမှ စပိုးအိတ်ဆောင်သည့် စပိုးဆောင်ပင် ဖြစ်လာသည်။ ဤတွင် ဇီဝစက်တပတ်ပြီး၏။ ရေညှိပင်များ၌မူ အနည်းငယ်ခြားနားသည်။ စပိုးဆောင်ပင်ကငယ်ပြီး ဂမိဆောင်ပင်၌ တွယ်ကပ်၍ပေါက်သည်။

တယ်ရီဒိုဖိုက်အုပ်စုသည် သစ်ကပ်ပင်အဖြစ် ပေါက်သော်လည်း မှိုအုပ်စုဝင်အပင်များကဲ့သို့ ကပ်ပါးပင်များမဟုတ်ပဲ လက်ခံပင်ကို အမှီသဘောမျိုးအဖြစ်သာ အသုံးပြုသည်။ ၎င်းတို့သည် ကိုယ်တိုင် အစာဖွဲ့စည်းသည်။




'အော်စမန်ဒါ ဂျပွန်နီကာ'သည် စိုစွတ်သောနေရာများတွင် ပေါက်သည်။ အရွက်ဖျားပိုင်းများသည် လိပ်နေပြီး အပင်ကြီးထွားစဉ် အလိပ်ပြေသည်။




ဖန်းပင်၏ ဇီဝစက်ကို စပိုးပျံ့လွင့်ပုံ၊ ပေါက်ပုံနှင့် အပင်သစ်ဖြစ်လာပုံအထိ ပြထားသည်။



'မြွေလျှာဖန်း'ပင်



အပူပိုင်းဒေသရှိ 'ဂလိုင်ကီနီယာဖန်း'ပင်



၁၂ မီတာခန့်မြင့်သော 'ဆိုင်အေသီယာဖန်း' ပင်ကြီး



‘စီရာတော့တယ်ရစ် သယ်လစ်ထရွိုက်ဒီ’ ၏ မျိုးအောင်နိုင်သော အရွက်သည် ရေပေါ်တွင် ပေါ်နေပြီး မြုံသောအရွက်သည် ရေအောက်တွင် မြုပ်နေသည်။




‘တယ်ရစ် မာလတီဖီဒါ’ကို ဂျပန်ရှိ ကျောက်ကမ်းပါးယံများတွင် တွေ့ရ၏။မျိုးအောင်နိုင်သော အရွက်များသည် မြုံသောအရွက်များထက်သေးသွယ်သည်။



ရွှံ့ညွန်ပေါရာဒေသရှိ မှိုနားတိုပင်တွင် တွားသွားနိုင်သော ‘ရိုင်ဇုမ်း’နှင့် လုံးဝန်းသည့် စပိုးအိတ်ရှိသည်။



အရှေ့တောင်အာရှရှိ ‘ဒရယ်ဖိုချိုဖန်း’ပင် တမျိုး၏အရွက်တမျိုးသည် ထောင်မတ်ပြီး ကျန်တမျိုးမှာ ငိုက်ကျလျက် ‘စပိုး’များကို ဆောင်သည်။




‘ဖန်း’ပင် အမျိုးမျိုး ရှိသည်။ အပူပိုင်းဒေသများ၌ ပေါက်သည့် အရွယ်ကြီးသော ‘နီဖရိုလစ်ပစ် ကော်ဒီဖိုလီယာ’ (ယာ)၊ အရွယ်ငယ်သည့် ‘ဆယ်လဗီနီယာ’ (အထက်)၊ အမြစ်မရှိပဲ ပေါလောမျောနိုင်သော ‘အေဇိုလာ’(ဝဲဗဟို)

## ဖန်းပင်၏မျိုးနွယ်များ

'တယ်ရီဒိုဖိုက်' အုပ်စုသည် တချိန်က ကမ္ဘာကိုလွှမ်းမိုးခဲ့သော်လည်း ယခုအခါတွင် မျိုးစိတ်အနည်းငယ်သာလျှင် ကျန်ရစ်သည်။ ၎င်းတို့အနက် အချို့ကို ထုတ်နုတ်တင်ပြပါမည်။

'မြင်းမြီး' ပင်၌ ရှည်လျားသော အခေါင်းပွပင်စည်ရှိသည်။ ဆဲလ်နံရံတွင် 'ဆီလီကာ' ပါရှိသဖြင့် ကြွပ်ဆတ်သည်။ အရွက်များသည် အဆစ်၏အခုံပေါ်တွင် ဝိုင်းပတ်၍ထွက်သည်။ နှစ်သန်းပေါင်း ၄၀၀ ခန့်က ကမ္ဘာအနှံ့ ပေါက်ခဲ့သည်။ အချို့သည် ၁၀ မီတာမှ ၁၅ မီတာအထိ မြင့်သည်။

'ငှက်တောင်မင်တံ' ပင်များတွင် အရည်ရှမ်းသောပင်စည်တို၊ ရှည်လျားပြီး အခေါင်းပါသော ငှက်တောင်နှင့်တူသည့်အရွက်၊ စပိုးအဖိုနှင့် အမတို့ရှိသည်။ ၎င်းတို့သည် အက်ဆစ်များသော ရွှံ့ညွန်တွင် ပေါက်သည်။

'တင်းပုတ်ရေညှိ' ပင်တွင် အရွက်ငယ်များသည် ပင်စည်၌ ခရုပတ်ပုံစီလျက် ထူထဲစွာ ရှိသည်။ အဖျားပိုင်း၌ စပိုးအိတ်များ ရှိသည်။




ရွှံ့ညွန်တွင်ပေါက်သော ငှက်တောင်မင်တံပင်၏ ပင်စည်တိုပေါ်တွင် မြက်ရွက် နှင့်တူသည့် အရွက်ရှည်များ ရှိသည်။




အ ရှေ့တောင် အာ ရှနှင့် ဩစတြေးလျ ရှိ 'ဆိုင်လိုတမ် နယူဒမ်' တွင် စပိုးဆောင်အိတ် သုံးမြွာ ရှိသည်။





စန့်ထွက်နိုင်သော လက်မောင်းငယ်လေးခုရှိသဖြင့် စပိုးပျံ့လွင့်နိုင်သည်။



အပေါ် ဘက်ရှိ မြင်းမြီးပင်တွင် မျိုးအောင်နိုင်သောကုန်းပါရှိသည့်အညိုရောင်ပင်စည် များပိုင်းနှင့် မြုံသော အစိမ်းရောင်ပင်စည်ပိုင်း ရှိသည်။ လက်ယာဘက်ရှိ ကုန်းတွင် စပိုးအိတ်များ ရှိသည်။



'ဆယ်လာဂျီနယ်လာ ဝီလဒီနိုဗီအိုင်' သည် အုံ့ဆိုင်းစိုစွတ်သော အရှေ့တောင်အာရှသစ်တောများတွင် ပေါက်သည်။



တင်းပုတ်ရေညှိပင်သည် မြေလွတ်မြေရိုင်းများတွင် ပေါက်သည်။

# မျိုးစေ့ဖော်အပင်များ

'ဖန်း' ပင်နှင့်တူသည့် အပင်များမှ အစေ့ဆောင်ပင် (မျိုးစေ့ရှိသောအပင်) များ အသွင်သို့ ကူးပြောင်းရန် နှစ်သန်းပေါင်းများစွာ ကြာခဲ့သည်။

'ကိုနီဖာ' ပင်များသည် မျိုးစေ့ဖော်အပင်အုပ်စုဝင် ဖြစ်သည်။ အစေ့များသည် အကာအကွယ်မဲ့သောအပိုင်း၌ ဖြစ်ထွန်းပြီး လေနှင့်တိုက်ရိုက် ထိတွေ့သည်။ ဥပမာ ထင်းရှူးပင်များတွင် အစေ့များသည် 'ကုန်း'၏ရွက်ဖတ်များအတွင်း၌ရှိသော်လည်း မြင်တွေ့နိုင်သည်။ အပွင့်ဆောင်ပင်များတွင်မူ အစေ့များသည် အသီးအတွင်း၌ ဖုံးကွယ်လျက်ရှိသည်။



မုန်တိုင်ပင်၏ဒေသရင်းမှာ ပစိဖိတ်ပင်လယ်ကမ်းစပ်ဒေသ ဖြစ်သည်။ မျိုးအောင်နိုင်သည့် အရွက်နှင့် အစေ့လောင်းများကို ပုံ၌ ပြထား၏။

## မုန်တိုင်ပင်များ

မုန်တိုင်ပင်သည် မျိုးစေ့ဖော်အပင်များအနက် အဆင့်အနိမ့်ဆုံး ဖြစ်သည်။ မုန်တိုင်ပင်၏ပင်စည်သည် ကြီးထွားနှုန်းနှေးသော်လည်း အရွယ်ရင့်လာသည်နှင့်အမျှ တုတ်ခိုင်လာသည်။ အဖိုအင်္ဂါနှင့် အမအင်္ဂါတို့သည်တပင်စီ၌ သီးခြားရှိသည်။

အဖိုပင်ပေါ်ရှိ ဝတ်မှုန်တခုစီမှ အမျှင်ပွားရှိသည့် ရွေ့လျားနိုင်သော စပမ်းနှစ်ခုစီ ဖြစ်လာပြီး အမပင်ပေါ်ရှိ အမဆဲလ်ရှိရာသို့ ကူးခပ်သွားသည်။ အပူပိုင်းပစိဖိတ်ဒေသရှိ မျိုးစိတ်တခု၏အစေ့မှ စားသုံးဖွယ်အမှုန့်ကို ရရှိသည်။



မျိုးအောင်နိုင်သည့် အမမုန်တိုင်အရွက် (ဝဲ)၊ အဖိုရွက်ဖတ် (ယာ)



ကုန်းအဖိုများ

## ဂင်ကိုပင်များ

'ဂင်ကိုအေလီ' အုပ်စုတွင် ပါဝင်သော 'ဂင်ကို' ပင်များသည် အရွက်လှပမှုကြောင့် လူသိများသည်။ ကျောက်ဖြစ်ရုပ်ကြွင်းများအဖြစ်တွေ့ရသည့် အဆင့်မြင့်ပင်များအနက် ရှေးအကျဆုံးသော အပင်ဖြစ်သည်။ တချိန်က မျိုးစိတ်များစွာရှိသော်လည်း ယခုမျိုးစိတ်တခုသာလျှင် ကျန်ရှိတော့သည်။သက်တမ်းနှစ် တစ် ထောင် ရှိသော ဂင်ကိုပင်များကို တရုတ်ဘုရားကျောင်းဝင်းများအတွင်း၌ ယနေ့တိုင်တွေ့နိုင်သည်။ ပြန့်ကားသည့်အရွက်စိမ်းများရှိပြီး နှစ်စဉ်အရွက်ကြွေလေ့ရှိသည်။ ဂင်ကိုပင်တွင် အပွင့်ဆောင်ပင်များကဲ့သို့ ဝတ်ဆံဖို၌ ဝတ်မှုန်များ ရှိသည်။ ဂင်ကိုသီးကို ဂျပန်အစာအချို့တွင် အသုံးပြုသည်။



ဝတ်ဆံဖိုအစုများ (ယာ)
ဝတ်မှုန်အိတ်တစ်စုံ (ဝဲ)




အမကိုင်းရှိ အစေ့လောင်းတစ်စုံ



အစေ့လောင်း
အစေ့ဆောင်ကိုင်း




ဂင်ကိုစေ့ဖြတ်ပိုင်း



အင်္ဂလန်၊ 'ကျူးဂါဒင်' ရှိ နှစ် ၂၀၀ ကျော် ဂင်ကိုပင်ကြီး

# ကိုနီဖာပင်များ

အမြဲစိမ်း 'ကိုနီဖာ' ပင်များမှ သစ်သား၊ စက္ကူပျော့ဖတ်၊ ထင်း၊ အဆီနှင့် သစ်စေးများရသည်။ ၎င်းပစ္စည်းများကို ပလတ်စတစ်၊ သုတ်ဆေး၊ ဆေးဝါးနှင့် ပုံနှိပ်မင်များ ဖော်စပ်ရာတွင် အသုံးပြုနိုင်သည်။

လူတို့အတွက် အသုံးဝင်လှသကဲ့သို့ ရုက္ခဗေဒအတွက်လည်း အရေးပါလှသော အပင်ဖြစ်သည်။ အပင်တို့ဆင့်ကဲဖြစ်ပေါ်မှုတွင် အပင်ကြီးအဖြစ်သို့ ကြီးထွားနိုင်မည့် ဖွဲ့စည်းမှုမျိုးကို ထင်းရှူးအပါအဝင် မျိုးစေ့ဖော် အပင်များ၌ ဖြစ်ပေါ်ခဲ့သည်။ ကာလီဖိုးနီးယားပြည်နယ်ရှိ 'စီကွိုင်ယာ' ပင်ကြီးမှာ ကမ္ဘာ့အကြီးမားဆုံး သက်ရှိအပင်ဖြစ်သည်။ဤစီကွိုင်ယာပင်မျိုးသည် အစေ့မှ မျိုးပွားသော အပင်များ၌ မှန်တိုင်ပင်မှအပ ရှေးအကျဆုံးအပင် ဖြစ်သည်။

ကိုနီဖာပင်ကြီးများသည် ပြင်းထန်သော ရာသီဥတုဒဏ်ကို ခံနိုင်သည်။ မျိုးစိတ်အချို့ကို ဤစာမျက်နှာမှ စတင်ဖော်ပြပါမည်။

## သစ်မင်းပင်များ

သစ်မင်းပင်မှ အဖိုးတန်သစ်ရရှိသည်။ အမြဲစိမ်းသော အရွက်များမှာ ပြားချပ်သည်။ ကုန်းအဖိုတွင် ဝတ်မှုန်အိတ် နှစ်အိတ်ပါသော ရွက်ဖတ်များရှိသည်။ အမပင်တွင် အစေ့လောင်းများရှိသည်။ကမ္ဘာ့တောင်ဘက်ခြမ်းနှင့်အာရှအရှေ့မြောက်ပိုင်းတွင် တွေ့ရသည်။



ဂျပန်နိုင်ငံရှိ အမြဲစိမ်းသစ်မင်းဖိုပင်၏ အစေ့လောင်းများပါဝင်သော အကိုင်းတစ်ကိုင်း ဖြစ်သည်။



အရှေ့အာရှ တောင်စောင်းများပေါ်ရှိ အမြဲစိမ်းသစ်မင်းပင်တစ်မျိုးဖြစ်သည်။

## ယူးပင်များ

'တက်စေးစီး' မျိုးရင်းဝင် 'ယူး' ပင်များ၏ ပြားချပ်၍ ရွက်လွှဲအနေအထားရှိသော အရွက်များ၌ အဆိပ်ပါ၏။ သစ်သားကို လေးကိုင်းနှင့် ဗီရိုအကောင်းစား ပြုလုပ်ရန်အသုံးပြုသည်။ ယူးပင်များသည် နှစ်ထောင်ပေါင်းများစွာ သက်တမ်းရှည်သဖြင့် အနောက်တိုင်းသား အချို့က ထာဝရသဘောဆောင်သော သင်္ကေတအဖြစ်သုံးသည်။

အမအင်္ဂါကို ကုန်းအနေဖြင့်မတွေ့ရပဲ အစေ့ကိုဝန်းရံထားသည့် ခွက်ပုံရှိ အရည်ရွှမ်းသော အစိမ်းရောင် အသွာပါးအစေ့ဖုံးအဖြစ် တွေ့ရသည်။ ရင့်မှည့်လျှင် ထူထဲ၍ အရည်ရွှမ်းပြီး အနီရောင်သို့ပြောင်းသည်။ ယူးပင်နှင့် မျိုးနွယ်သောအပင်မှာ 'မက်မန်းယူး'ပင် ဖြစ်သည်။ ၎င်းတွင် မျိုးစိတ်ခြောက်ခုရှိပြီး အဖိုနှင့်အမပင် သီးခြားရှိသည်။ အရွက်အောက်ဘက်ရှိ အဖြူစင်းကိုကြည့်ခြင်းအားဖြင့် အမျိုးအစားခွဲခြားနိုင်သည်။




## ထင်းရှူးပင်နှင့် ဖားပင်များ

ထင်းရှူးပင်များနှင့် 'ဖား' ပင်များကို ရာသီဥတုအေးမြသော ကမ္ဘာ့မြောက်ဘက်ခြမ်းဒေသများတွင် တွေ့ရသည်။ အဖိုးတန်သစ်သားရသည်။ ခရစ်ယာန်တို့က ဖားပင်ကို ခရစ္စမတ်ပွဲတော်၌ သုံးသည်။ ဂျပန်လူမျိုးတို့က ဤအပင်အကြောင်းကို နှစ်ပေါင်းများစွာကပင် ကဗျာဖွဲ့ခဲ့သည်။ ဤအပင်များသည် အစေ့ဖြင့်မျိုးပွားသောကြောင့် ဆင့်ကဲဖြစ်စဉ်၌ လမ်းကြောင်းသစ်တခု ထွင်ခဲ့သည့် အလားရှိသည်။ စပိုးအမဖြင့်မျိုးပွားခြင်းကိုလည်း ၎င်းတို့၌ နောက်ဆုံးတွေ့ရသည်။ အစေ့များသည် လေ၏အကူအညီဖြင့် ပျံ့လွင့်သည်။မျိုးပွားအင်္ဂါများကို ကုန်းဟုခေါ်ပြီး ကုန်းအမသည်ကြီး၍ ကုန်းအဖိုမှာငယ်၏။ကုန်းနှစ်မျိုးစလုံး၌ မာသောရွက်ဖတ်များ ခရုပတ်ပုံစီလျက် သိပ်သည်းစွာ ရှိသည်။ အရွက်သည် အပ်ချောင်းပုံဖြစ်သည်။ အခြားအရွက်များကဲ့သို့ပင် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို သကြားအဖြစ်သို့ ပြောင်းလဲပေးသည်။ရွက်ကြောရှိ'ဆဲလ်'များသည် အပင်အတွက်လိုအပ်သောရေနှင့်သကြားကို သယ်ပို့ပေးနိုင်သည်။






ထင်းရှူးကိုင်းများတွင် အရွက်နှစ်ရွက်စီပါသော ကိုင်းတိုများရှိသည်။ လက်ယာဘက်တွင် ကုန်းအဖိုနှင့်အမ ဖြစ်သည်။

ရွက်ဖတ်နှင့် အတောင်ပါ အစေ့တစ်စုံ




အာရှသမပိုင်းကမ်းခြေ၌ တွေ့ရသည့် ထင်းရှူးမျိုးတွင် ကုန်းပုံသဏ္ဍာန်နှင့် ပင်စည်ပုံသဏ္ဍာန် ထူးခြားသည်။

## လေကိုအသုံးချခြင်း

ထင်းရှူးပင်နှင့် 'ဖား' ပင်များတွင် ကုန်းအဖို၌ ဝတ်မှုန်များရှိသည်။ ကုန်းအမ၌ ရွက်ဖတ်များပါရှိသော စပိုးအမတစ်ခု သို့မဟုတ် နှစ်ခုရှိသည်။ မျိုးအောင်ချိန်တွင် ကုန်းအဖိုမှ ရွှေရောင်ဝတ်မှုန်များသည် လေနှင့်အတူ ပျံ့လွင့်သည်။ကုန်းအမရှိရာသို့ဝတ်မှုန်ရောက်ရှိမှုသေချာစေရန် ဝတ်မှုန်အများအပြား ပျံ့လွင့်သဖြင့် ထင်းရှူးတောရှိရေကန်များသည် ထိုအချိန်မျိုးတွင် ရွှေရောင်တောက်နေတတ်သည်။

လေဖြင့်ပါလာသော ဝတ်မှုန်သည် ကုန်းအမ၏ စေ့နေသောရွက်ဖတ်ကြားအတွင်းသို့ရောက်ပြီး စပိုးအမကို သန္ဓေအောင်စေလျက် အစေ့ဖြစ်လာစေသည်။ ကုန်းအမသည် ခြောက်ပြီးကြွပ်ဆတ်လာချိန်၌ ရွက်ဖတ်များပွင့်အာလာပြီး ငှက်များ၊ ရှဉ့်များ ဖျက်ဆီးခြင်းဘေးမှ ကင်းလွတ်သောအစေ့များသည် ထွက်ကျလာသည်။ ၎င်းအစေ့များမှ အပင်သစ်များပေါက်လာသည်။



လက်ဝဲဘက်တွင်'စပရု'ပင်၏ အကိုင်းမှ တွဲလဲကျနေသော ရင့်မှည့်သည့် ကုန်းများ ဖြစ်၏။ လက်ယာဘက်တွင် အရွက်တိုများနှင့် ထိုးကိုင်းများ အသွင်ဖြာနေသည့် အရွက် ရှည်များ ရှိသော ဂျပန် ထင်းရှူး တစ်မျိုးဖြစ်သည်။



စပရုပင်နှင့် ဖားပင်များသည် ကော်လိုရာဒိုပြည်နယ်ရှိ မီတာ ၃၀၀၀ ခန့် မြင့်သော ရေ့ာကီးတောင်တန်းများပေါ်၌ ပေါက်သည်။ အပင်အစိတ်အပိုင်း အချို့သည် လေဒဏ်နှင့် အအေးဒဏ်ကြောင့် ပျက်စီးလေ့ရှိသည်။



ကာလီဖိုးနီးယားပြည်နယ်၊ 'ယိုဆင်မိတီ' အမျိုးသားဥယျာဉ် အတွင်းရှိ 'စီကွိုင်ယာ'ပင်ကြီး၏ ပင်စည်အောက်ခြေရှိ အခေါင်းသည် လိုဏ်ခေါင်းသဖွယ်ဖြစ်နေပြီး ၎င်းကိုဖြတ်၍ ကားလမ်းဖောက်ထားသည်။



ဟိမဝန္တာ စီဒါပင်၏ လှပသော ကုန်းများ

### စီဒါပင်များ

ကိုနီဖာမျိုးများအနက် ထင်ရှားသော မျိုးစိတ်တခုမှာ 'လက်ဘနွန်စီဒါ'မျိုး ဖြစ်သည်။ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၂၄၀၀ ခန့်က ဆော်လမွန်ဘုရင် လက်ထက်တွင် ဂျေရုဆလင်မြို့၌ ဘုရားကျောင်းဆောက်လုပ်ရန် 'စီဒါ'ပင်များကို လူအင်အားတစ်သိန်းဖြင့် နှစ် ၂၀ ကြာ ခုတ်လှဲခဲ့ကြ၏။ စီဒါပင်များတွင် ပျော့ပျောင်း၍ မွှေးကြိုင်သော သစ်သားရှိသည်။ ကြာရှည်ခံသည့်အပြင် ပိုးမစားနိုင်ပေ။ ထို့ကြောင့် အဝတ်အစားထည့်ရန် သေတ္တာ၊ ဗီရိုပြုလုပ်ရန် အသုံးဝင်၏။

### စီကွိုင်ယာပင်များ

စီကွိုင်ယာပင်ကြီးများသည် ကမ္ဘာပေါ်၌ ထုထည်အကြီးမားဆုံးသော အပင်များဖြစ်သော်လည်း ၎င်း၏သစ်သားသည် ပေါ့ပါးပြီး ကြာရှည်ခံသည်။စီကွိုင်ယာတော၏သစ်ထွက်နှုန်းမှာ အခြားသစ်တောများထက် များစွာပိုသည်။

စီကွိုင်ယာပင်များသည် သမိုင်းမတင်မီကပင် ပျံ့နှံ့စွာပေါက်ခဲ့သော်လည်း ယခု ကာလီဖိုးနီးယားပြည်နယ်၌သာ သစ်တောအနည်းငယ်ကို တွေ့ရတော့သည်။ အချို့သည် အချင်း ၉ မီတာနှင့် အမြင့်မီတာ ၈၀ အထိ ရှိသည်။ ဆန်ဖရန်စစ္စကိုမြို့ မြောက်ဘက်ကီလိုမီတာ ၅၀၀ တွင် ပေါက်နေသောစီကွိုင်ယာပင်ကြီးသည် ကမ္ဘာ့အမြင့်ဆုံးအပင်ဖြစ်ပြီး မီတာ ၁၁၀ မြင့်၍ ၁၃ မီတာ လုံးပတ်ရှိသည်။ သက်တမ်းအရင့်ဆုံးအပင်မှာ နှစ် ၄၀၀၀ ဖြစ်၏။

စီကွိုင်ယာနှင့် မျိုးနွယ်သောအခြားအပင်မှာ 'မက်တာစီကွိုင်ယာ'ပင် ဖြစ်သည်။ ၁၉၄၁ ခုတွင် တရုတ်ပြည်အနောက်တောင်ပိုင်း၌ ရှင်နေသည့် အပင်သုံးပင်ကို တွေ့ခဲ့သည်။ ၎င်းတို့၏ အစေ့များမှ အပင်ပွားယူနိုင်ခဲ့သည်။

## ဆိုက်ပရက်ပင်များ

'ဆိုက်ပရက်' ပင်နှင့် ၎င်း၏မျိုးနွယ်များသည် 'ကိုနီဖာ' မျိုးများတွင် ပါဝင်သည်။ အစိမ်းရောင်ရွက်ဖတ်များ ထပ်လျက်ရှိသည်။ သစ်သားသည် မာကျော ပြီး ရေငွေ့ဒဏ်ခံနိုင်သဖြင့် စိုစွတ်သောနိုင်ငံများ၌ လူကြိုက်များသည်။ ဂျပန်တွင် အရေးပါသော သစ်သားအဖြစ် သုံးသည်။ အပင်၏အမြင့်မှာ အမျိုးမျိုးရှိ၏။ 'အီတလီဆိုက်ပရက်' ပင်သည် ၂၅ မီတာခန့်မြင့်ပြီး ခေါင်းတုံးဆိုက်ပရက်ပင်မှာ ၄၅ မီတာအထိမြင့်သည်။ ခေါင်းတုံးဆိုက်ပရက်ပင်တွင် မျက်နှာပြင်ပေါ်သို့ ၁ မီတာအမြင့်အထိ ထိုးထွက်နေသောအမြစ်များမှတဆင့် လေရနိုင်သဖြင့် ရွှံ့ညွန်တွင်ပေါက်သည်။ ကုန်းအဖိုနှင့်ကုန်းအမများမှာသေးငယ်သည်။ 'ဂျူနီပါ' ပင်၊ 'သူယာ' ပင်နှင့် 'သူယော့ပစစ်' ပင် တို့သည်ဆိုက်ပရက်ပင်နှင့် မျိုးနွယ်သည်။ ဂျူနီပါပင်၏ကုန်းအမကို ဂျင်အရက်တွင် ရနံ့သင်းစေရန်သုံးသည်။ ဆိုက်ပရက်ပင်၏အကိုင်းကို ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ်လည်းတခါတရံအသုံးပြု၏။







'ခေမီဆိုက်ပရစ် ပီစီဖာရာ' သည် ဆိုက်ပရက်မျိုး ရင်းဝင် အပင် ဖြစ်သည်။ အကိုင်းတွင် ရွက်ဖတ်များ ပူးကပ်စွာ တည်ရှိသည်။



အာရှရှိ ဂျူနီပါပင်သည် မွေးကြိုင်သော အမြဲစိမ်းပင်ဖြစ်ပြီး ချုံပင်မှ သစ်ပင်ငယ် အထိ ရှိသည်။



သူယော့ပစစ်ပင်ကို သဘာဝကို မြတ်နိုးသော ဂျပန်များက ဥယျာဉ်များအတွင်း စိုက်ပျိုးသည်။



အနောက်တောင်အာဖရိကရှိ 'ဝဲလဝစ်ရှီယာ ဗေနီစီအိုင်' ဖြစ်သည်။



မြေထဲပင်လယ်ဒေသရှိ အီဖီဒရာပင်သည် ချုံပင်ဖြစ်ပြီး အစိမ်းရောင် ပင်စည်နှင့် ရွက်ပတ်များ ရှိသည်။ (အထက်)၊ အရှေ့တောင်အာရှရှိ နီတမ်ပင်မှာ သစ်မာပင်ငယ် ဖြစ်သည်။ (အောက်)

## နီတမ်ပင်၊ ဝဲလဝစ်ရှီယာပင်နှင့် အီဖီဒရာပင်များ

'နီတမ်' ပင်၊ 'ဝဲလဝစ်ရှီယာ' ပင် နှင့် 'အီဖီဒရာ' ပင်များသည် ကိုနီဖာမျိုးနှင့် မျိုးနွယ်သည်။ ၎င်းတို့သည် မျိုးစေ့ဖော်အပင်အုပ်စုများအနက် ဆင့်ကဲဖြစ်စဉ်တွင် တက်လမ်းအဆုံးသို့ရောက်နေသော အပင်များဖြစ်သည်ဟူ၍ ရုက္ခဗေဒပညာရှင်များက ယူဆခဲ့ကြသည်။ ၎င်းအပင်၏သစ်သားနှင့် မျိုးပွားအင်္ဂါပိုင်းတို့မှာ အဆင့်မြင့်ပင်များနှင့် ဆင်တူ၏။

နီတမ်စေ့များကို လှော်စားနိုင်သည်။ အီဖီဒရာပင်မှ ထွက်သော 'အီဖီဒရင်း' ကို ပန်းနာရင်ကျပ်ရောဂါ၊ နှာစေးရောဂါကုသရန်နှင့် သွေးကြောကျဉ်းစေရန် အသုံးပြုသည်။ ဝဲလဝစ်ရှီယာပင်သည် အာဖရိက အရှေ့တောင်ပိုင်းရှိ နာမစ်သဲကန္တာရ၌သာပေါက်ပြီး အစိုဓာတ်ကို နှင်းမှရယူသည်။ ၎င်းတွင် သက်တမ်းတလျှောက် အပင်ရင်းမှထွက်သော အရွက်နှစ်ရွက်သာရှိသဖြင့် ထူးဆန်းသည်။ ၎င်းအပင်သည် နှစ်ပေါင်း ၁၀၀ ခန့် အထိ ရှင်နိုင်သည်။



## အပွင့်ဆောင်ပင်များ

ပန်းများပွင့်နေသည့် ဉယျာဉ်တခုကို ကြည့်လိုက်လျှင် သဘာဝ၏အလှကို တွေ့မြင်နိုင်သည်။ အပင်တို့အတွက် အရေးပါသော မျိုးပွားသည့်ဖြစ်စဉ်ကိုလည်း သိနိုင်သည်။ မျိုးစေ့ဝှက်အပင်တို့၏ မျိုးပွားဖြစ်စဉ်တွင် အပွင့်သည် အဓိကဖြစ်သည်။

အပွင့်တို့တွင် တောက်ပသော အရောင်များနှင့် မွှေးကြိုင်သောရနံ့များရှိသည်။ ဝတ်မှုန်ကူးရန်အတွက် 'အင်းဆက်'ပိုးများကို ဆွဲဆောင်ရန်ဖြစ်သည်။ လေဖြင့်ဝတ်မှုန်ကူးသော မျိုးစေ့ဝှက်အပင်များစွာတို့တွင်မူ အပွင့်ကို အလွယ်တကူ မမြင်နိုင်ပေ။





စေ့ ရွက်စုံပွင့်တွင် ပွင့်ချပ်လေးခု သို့မဟုတ် ငါးခုရှိပြီး စေ့ရွက်ထီးပွင့် (ယာ) တွင် ပွင့်ချပ်သုံးခု သို့မဟုတ် ခြောက်ခုရှိသည်။

ရေကြောများဝန်းရံနေသောအခေါင်းပိတ်အူတိုင်ရှိသည့် စေ့ရွက်စုံပင်စည် (ယာ)
အ စာ ရေ ကြော စည်း များပြန့် ကျဲ နေ သော စေ့ ရွက် ထီး ပင် စည် (ယာအစွန်)




အုန်းနှင့်ပိန်းကဲ့သို့ စေ့ရွက်ထီးအရွက်ဘို့တွင် ရွက်ကြောပြိုင်သည်။ ရွက်ထီးဖြစ်ပြီး ရှည်လျားသည်။ 'ဒန်ဒီလိုင်ယန်'၊ 'ဗတ်တာကပ်'၊ 'မေပယ်'၊ 'ဒေါ့' နှင့် 'ဆိုရယ်' စသည့်စေ့ရွက်စုံအရွက်တို့၏ရွက်နားတွင်အတက်အချိုင့်ပါပြီးရွက်ကြောဖြာသည်။

### စေ့ရွက်စုံပင်များ

မျိုးစေ့ဝှက်အပင်တို့၏ အဓိကအုပ်စုနှစ်စုမှာ စေ့ရွက်စုံပင်များနှင့် စေ့ရွက်ထီးပင်များ ဖြစ်သည်။

စေ့ရွက်စုံက စေ့ရွက်ထီးထက် မျိုးစိတ်အရေအတွက် လေးဆပိုများပြီး ပိုမိုရှေးကျသည်။ အစေ့ရွက်နှစ်ရွက်ပါသည်။ အစေ့ရွက်သည် အပင်လောင်း၏ အရွက်ငယ် ဖြစ်သည်။

စေ့ရွက်စုံပင်စည်တွင် ပျော့ပျောင်းသော အခေါင်းပိတ်အူတိုင် သို့မဟုတ် ရေကြောများဝန်းရံနေသော အခေါင်းပေါက်အူတိုင် ရှိသည်။ စေ့ရွက်စုံအရွက်တို့သည် ပုံသဏ္ဌာန်အမျိုးမျိုးရှိပြီး ရွက်ကြောယှက်သောကြောင့် ပိုမိုတောင့်တင်းသည်။ စေ့ရွက်စုံပွင့်တို့တွင် ပွင့်ချပ်လေးခု သို့မဟုတ် ငါးခုရှိသည်။



စေ့ရွက်စုံ　　　　စေ့ရွက်ထီး

### စေ့ရွက်ထီးပင်များ

စေ့ရွက်ထီးပင်တို့သည် ဆင့်ကဲဖြစ်စဉ်တွင် ခေတ်အမီဆုံးဖြစ်သည်။ အစေ့ရွက် တရွက်သာပါသည်။ ၎င်းတို့တွင် အစိတ်အပိုင်း အနည်းငယ်သာ ရှိသောကြောင့် ပိုမိုစွမ်းဆောင်နိုင်သည်ဟု ထင်ရသည်။ အပင်အားလုံးတို့အနက် ၎င်းတို့သည် ပတ်ဝန်းကျင်နှင့် အလုံးစုံ လိုက်လျောညီညွတ်သည်။

စေ့ရွက်ထီးအရွက်တို့သည် ရွက်ထီးဖြစ်ပြီး ရွက်ကြောပြိုင်သည်။ ပင်စည်သည် ပျော့ပျောင်းပြီး အစာသယ်ဆောင်သော လမ်းကြောင်းများ ပါရှိသည်။ အလွန်ဖွာသောအမြစ်များ သို့မဟုတ် 'ရိုင်ဇုမ်း' ရှိနိုင်သည်။ ပွင့်ချပ်အရေအတွက် ၃ ခု၊ ၆ ခု၊ ၉ ခု စသည်ဖြင့် ရှိနိုင်သည်။ သစ်ခွ၊ ကြက်သွန်ဖြူ၊ ကျုံ၊ မြက်ပင်များ၊ နှင်းပန်းမျိုးပင်များနှင့် ပြောင်းစသည့် အပင်အမျိုးမျိုးပါဝင်၏။





စေ့ရွက်စုံခေါင်ရန်း (ဝဲ) နှင့် စေ့ရွက်ထီးစပါး (ယာ)၊ အင်းဆက်ပိုးဖြင့် ဝတ်မှုန်ကူးသော အပင်တို့တွင် အရောင်နှင့် ဝတ်ရည် ရှိသည်။ လေဖြင့်ဝတ်မှုန်ကူးသော အပင်တို့သည် အစုအပြုံလိုက် ပေါက်တတ်ပြီး ဝတ်ဆံဖိုများ ထိုးထွက်နေသည်။

# ကြီးထွားခြင်း

အပင်များကို သစ်မာပင်၊ ချုံပင်၊ သစ်ပျော့ပင်ဟူ၍ ပင်စည်၏သဘာဝနှင့် အရွယ်အစားအရ ခွဲခြားနိုင်ကြောင်းသိခဲ့ရပြီ။ ထို့အပြင် သစ်ပျော့ပင်များကို သက်တမ်းအလိုက် တနှစ်ခံပင်၊ နှစ်နှစ်ခံပင်နှင့် နှစ်ရှည်ခံပင်ဟူ၍ ထပ်မံခွဲခြားနိုင်သည်။

တနှစ်ခံပင်သည် တနှစ်အတွင်း ဇီဝစက် တပတ်လည်သည်။ တနှစ်ခံပင်အချို့သည် နှစ်ဝက်သက်တမ်းသာရှိပြီး သဲကန္တာရပေါက် အပင်အချို့သည် ရက်သတ္တပတ် အနည်းငယ်သာ သက်တမ်းရှည်သည်။ ထိုသက်တမ်းအချိန်အတွင်းမှာပင် အစေ့မှ အပင်ပေါက်သည်။ အပင်တွင် အစေ့များဖြစ်ပေါ်ပြီး အပင်သေသည်။ ခရမ်းချဉ်၊ ပဲနှင့် နေကြာတို့သည် တနှစ်ခံပင်များဖြစ်သည်။

နှစ်နှစ်ခံပင်သည်လည်း သစ်ပျော့ပင်ဖြစ်ပြီး သက်တမ်းနှစ်နှစ်ရှိသည်။ သက်တမ်း၏ ပထမရာသီတွင် အရွက်များထွက်ပြီး အမြစ်အတွင်း၌ အစာသိုလှောင်သည်။ ဒုတိယရာသီတွင် အပွင့်ပွင့်၍ အသီးသီးပြီးနောက် အပင်သေသည်။ မုန်လာဥဝါ၊ မုန်လာဥနီပင်တို့မှာ နှစ်နှစ်ခံပင်များ ဖြစ်သည်။

နှစ်ရှည်ခံပင်တို့သည် နှစ်ပေါင်းများစွာ သက်တမ်းရှည်သည်။ အပင်ရင့်သောအခါ နှစ်စဉ် အပွင့်ပွင့် အသီးသီးသည်။ နှင်းပန်း၊ ဒေလီယာ အစရှိသော မျိုးစိတ်အချို့တွင် နှစ်စဉ် အပင်၏မြေပေါ်ပင်စည်ပိုင်းများ ကျသွားသည်။ သို့သော် မြေအောက်အစာသိုလှောင်သည့် အင်္ဂါအနေဖြင့် ဆက်လက်အသက်ရှင်သည်။ အပင်ပေါက်သောရာသီချိန်ရောက်လျှင် ၎င်းအင်္ဂါမှပင်စည်ပိုင်းပြန်ထွက်သည်။




သမပိုင်းဒေသရှိ သစ်မာပင်တို့၏ ထူးကဲအဖူးများသည် ဆောင်းရာသီဒဏ်ကို ခံနိုင်သည်။ အပွင့်နှင့် ရွက်ဖူးတို့ကို ရွက်ဖတ်များက ကာကွယ်ထားသည်။



မုတ်သုံရာသီရှိသည့် အပူပိုင်းဒေသတွင်ပေါက်သော စိန်ပန်းပင်သည် ခြောက်သွေ့သော ရာသီတွင် အရွက်ကြွေသည်။






နှစ်နှစ်ခံ သစ်ပျော့ပင် ဖြစ်သည့် 'တာနစ်' မုန်လာဥပင်၌ ပထမနှစ်တွင် ဖောင်းကားနေသော အစာသိုလှောင်အမြစ် ဖြစ်ပေါ်သည်။ လာမည့်နှစ်တွင် ပေါက်လာမည့် အပင်အတွက် အစာဖြစ်သည်။

ပိန်းပင်သည် မြင့်သော နှစ်ရှည်ခံသစ်ပျော့ပင်ဖြစ်သည်။ ၎င်းတွင် ကစီသိုလှောင်သော 'ကျူဗာ' ရှိသည်။

## အမြဲစိမ်းသစ်မာပင်နှင့် ရွက်ကြွေသစ်မာပင်များ

နှစ်ရှည်ခံသစ်မာပင်များကို အမြဲစိမ်းနှင့် ရွက်ကြွေဟူ၍ နှစ်မျိုး ထပ်ခွဲသည်။

ထင်းရှူးပင်နှင့်'ဖား'ပင်တို့သည် အမြဲစိမ်းပင်များဖြစ်သည်။ အရှေ့တောင်အာရှကဲ့သို့ ပူနွေးသော ရာသီဥတုရှိသည့် ဒေသတွင် သစ်မာပင်များအားလုံးလောက်ပင် အမြဲစိမ်းသည်။

အမြဲစိမ်းပင်သည် ရွက်ဟောင်းကို ရွက်သစ်ဖြင့် အစားထိုးသောကြောင့် တနှစ်ပတ်လုံးကြွေသည်။

ဆောင်းဦးတွင် ရွက်ကြွေတော၌ အလွန်တောက်ပသော အရောင်များဖြင့် လှပနေသည်။ သစ်မာပင်တို့တွင် ဆောင်းဦး၌ ရွက်ဟောင်းအားလုံး ကြွေကျပြီး နွေဦးတွင် ရွက်သစ်များထွက်သည်။ သမပိုင်းဒေသများရှိ သစ်မာပင်တို့သည် အများအားဖြင့် အရွက်ကြွေသည်။ ရာသီဥတုအပြောင်းအလဲသည် ဤသစ်ပင်များအတွက် လိုအပ်ချက်တစ်ခု ဖြစ်သည်။



ကြီးထွားသော ရာသီကုန်ဆုံးချိန်တွင် 'ခိုလေးရီးယား ဗိုဂိုတင်းဆစ်'၏ မြေပေါ်ပိုင်းရှိ အရွက်များ၊ ပင်စည်များ ကျသွားသည်။

# မျိုးပွားခြင်း

ဆင့်ကဲဖြစ်စဉ်တွင် အပွင့်ဆောင်ပင်တို့သည် ခေတ်အမီဆုံးဖြစ်ပြီး အစိက အဆင့်တွင် တည်ရှိသည်။ မျိုးစေ့ဝှက်အပင်တို့၌ အဆင့်မြင့်၍ ဆန်းကြယ်သော မျိုးပွားနည်း ရှိသည်။ 'ဗက်တီးရီးယား'တို့သည် 'ဆဲလ်'နှစ်ခြမ်းကွဲခြင်းဖြင့် မျိုးပွားပြီး 'ဖန်း'ပင်တို့က 'စပိုး'ဖြင့် မျိုးပွားသည်။ 'ကိုနီဖာ'ပင်တို့သည် အပင်လောင်းငယ်နှင့် အစာပါဝင်သော အစေ့ဖြင့် မျိုးပွားသည်။ မျိုးစေ့ဝှက်အပင်တို့တွင်မူ အစေ့တို့သည် အသီးခေါ် အစိတ်အပိုင်းအတွင်း၌ တည်ရှိသည်။




အထက်ပါ 'တခုတ်ခေါင်းလောင်းပန်း'အပွင့်၏ အလျားလိုက်ဖြတ်ပိုင်းပုံတွင် အဖိုနှင့်အမ အင်္ဂါနှစ်မျိုးစလုံးကို တွေ့နိုင်သည်။ သန္ဓေအောင်ပြီးနောက် အစေ့အိမ်သည် အသီး (ယာ) ဖြစ်လာသည်။

## အပွင့်တို့၏ခန္ဓာဗေဒ

မျိုးစေ့ဝှက်အပင်တို့သည် ဘဲစာမှော်ပင်ငယ်မှသည် အလွန်မြင့်သော ကျွန်းပင်ကြီးများအထိ အရွယ်အမျိုးမျိုးရှိသည်။ မြေပေါ်၊ ရေပေါ်နှင့် အခြားအပင်များပေါ်တွင် ပေါက်သည်။ သို့သော် အားလုံးပင် အပွင့်ဖြင့် မျိုးပွားသည်။

အပွင့်တိုင်းတွင် အစိတ်အပိုင်းများစွာ ပါဝင်သည်။ အပင်အလိုက် ကွဲပြားသည်။ ပွင့်ဖူးကိုအစိမ်းရောင်ရှိသော ပွင့်ဖတ်များပါဝင်သည့် ပွင့်ဖတ်အုံက ကာရံထားသည်။ အပွင့်၏အစိတ်အပိုင်းများဖြစ်သော ပွင့်ချပ်တို့သည် တောက်ပသော အရောင် ရှိတတ်၏။ ဝတ်ဆံဖိုဘွင် ဝတ်မှုန်အိတ်ရှိပြီး ၎င်းတွင် သန္ဓေအောင်မည့် အဖိုဆဲလ်များထုတ်သော ဝတ်မှုန်များပါသည်။

မအင်္ဂါအုံ၏ ပြွန်သဏ္ဍာန်အပိုင်းထိပ်တွင် ဝတ်မှုန်များဖမ်းယူရန် စေးကပ်သော ဝတ်မှုန်ခံ ရှိသည်။ မျိုးပွားခြင်းဖြစ်စဉ်တွင် အဖိုဆဲလ်များသည် ဝတ်မှုန်ခံမှ ဝတ်မှုန်ခံတိုင်တလျှောက် အစေ့အိမ်ရှိရာသို့ ဆင်းသက် သည်။

အပွင့် သို့မဟုတ် အပွင့်တစုကိုဆောင်သော အပင်အစိတ်အပိုင်းကို ပန်းခိုင်ဟု ခေါ်သည်။ နေကြာပန်းခိုင်တွင် အပွင့်များစွာ အစုလိုက်ရှိသဖြင့် အင်းဆက်ပိုး တကောင်ကပင် အားလုံးနီးပါးကို ဝတ်မှုန်ကူးစေနိုင်သည်။

အပွင့်များစွာတို့သည် တပွင့်တည်းဘွင် အဖိုနှင့် အမပါသည့် ဒွိလိင်များဖြစ်သည်။ ထို့ကြောင့် တပွင့်တည်း၌ပင် ဝတ်မှုန်ကူးပြီး သန္ဓေအောင်နိုင်သည်။

နေကြာတွင် တခိုင်တည်း၌ အပွင့်အမြောက်အမြား ပါဝင်သည်။ အပြင်ပိုင်းရှိ မြုံသောအပွင့်ဝါတို့က အင်းဆက်ပိုးများကို ဆွဲဆောင်သည်။ အလယ်ပိုင်းရှိ မျိုးအောင်နိုင်သောအပွင့်များကြောင့် ဝတ်မှုန်ကူးရန်လွယ်ကူစေသည်။

အင်းဆက်ပိုးဖြင့် ဝတ်မှုန်ကူးသော အပင်တို့သည် လေဖြင့်ကူးသော အပင်တို့ထက် ဝတ်မှုန်အရေအတွက် နည်းသည်။ ၎င်းတို့၏ မအင်္ဂါသည်လည်း ပိုမိုရှင်းလင်းသည်။




ဝတ်မှုန်ခံပေါ်သို့ကျရောက်သော ဝတ်မှုန်မှ ဝတ်မှုန်ပြွန်တစ်ခု ဖြစ်ပေါ်လာသည်။ ၎င်းပြွန်မှ အစေ့အိမ်အတွင်းသို့ လွှတ်ပေးလိုက်သော မျိုးဆဲလ်နှစ်ခုအနက် တခုက ဉဆဲလ်နှင့်ပေါင်းပြီး ကျန်တခုက အပိုနယူကလီယ နှင့် ပေါင်းကာ အစေ့တွင်းစာ ဖြစ်ပေါ်သည်။ အစေ့များသည် အစေ့အိမ်အတွင်းတွင် ဖြစ်ပေါ်သည်။

## အစေ့များဖြစ်ပေါ်လာပုံ

အပွင့်ဆောင်ပင်တို့ မျိုးပွားခြင်းတွင် ပထမဆုံးအဆင့်မှာ ဝတ်မှုန်ကူးခြင်းဖြစ်သည်။ မျိုးစိတ်တူအပင်၏ ဝတ်မှုန်ခံပေါ်သို့ရောက်လာသော ဝတ်မှုန်သည် ပေါက်လာပြီး ဝတ်မှုန်ပြွန် ဖြစ်ပေါ်လာသည်။ ၎င်းပြွန်သည် ရှည်လျားပြီး အဖိုနယူကလီယ နှစ်ခုပါသည်။ သန္ဓေအောင်ချိန်တွင် အဖိုနယူကလီယတခုနှင့် အစေ့လောင်းအတွင်းရှိ အမဥ နယူကလီယ တခုတို့ ပေါင်းစပ်သည်။ သန္ဓေအောင်ပြီးသော ဥမှအပင်လောင်း ဖြစ်လာသည်။ အစေ့အိမ်အတွင်းရှိ အစေ့လောင်းတခုလုံးမှ အစေ့ဖြစ်လာသည်။

### နေကြာပန်း၏ စုပေါင်းအဆောက်အအုံ




ဆီထွက်နေကြာကို ပူနွေးသောနေ့ဥတုရှိသည့်ဒေသတိုင်းတွင် တွေ့နိုင်သည်။




ပွင့်ညှာမဲ့ရေစီမိုပန်းခိုင်၏ အပွင့်များတွင် ရိုးတံမရှိပဲ 'ရေစင်း' ပန်းခိုင်၏ အပွင့်များတွင် ရိုးတံရှိသည်။ ရင်းတုထိပ်ညီ ပန်းခိုင်တွင် တနေရာတည်းမှ အပွင့်၏ရိုးတံအားလုံး ထွက်သည်။ ဦးခေါင်းငယ်ပန်းခိုင်၏ စုပြုံနေသော အပွင့်များတွင် ရိုးတံမရှိချေ။




'မိုက်ခရိုစကုပ်' ကိုသုံးခြင်းဖြင့် ဝတ်မှုန်၏မျိုးစိတ်နှင့် ပျံ့လွင့်ပုံကို သိနိုင်သည်။ လေတွင်လွင့်ပါသည့် ဝတ်မှုန်တို့သည် သေးငယ်ပြီး မျက်နှာပြင် ချောမွေ့သည်။ 'အင်းဆက်' ပိုးများ သယ်ပို့သည့် ဝတ်မှုန်တို့မှာ ကြီးပြီး မျက်နှာပြင် ကြမ်းသည်။

## အစေ့မှ အပင်ပေါက်ခြင်း

သန္ဓေအောင်ပြီးသော အစေ့သည် ဖွံ့ဖြိုးရင့်မှည့်သည်။ ၎င်းသည် အစေ့ခွံဖြင့် ဖုံးအုပ်လျက်ရှိသည်။ စပါးကဲ့သို့သော အစေ့အချို့တွင် အစေ့တွင်းစာရှိသည်။ အစေ့တွင်းရှိ အပင်လောင်းတွင် အမြစ်လောင်း၊ အညွန့်လောင်းနှင့် အစေ့ရွက် တစ်ရွက် သို့မဟုတ် နှစ်ရွက်ပါသည်။

အန္ဒေးဓာတ်နှင့် အစိုဓာတ်ကို အချိုးအစားမှန်ရရှိလျှင် အစေ့မှအပင်ပေါက်သည်။ ပထမတွင် အစေ့၌ပါလာသော အစာကိုသုံးသည်။ အရွက်များဖြစ်ပေါ်လာသောအခါ ၎င်းတို့က အပင်အတွက် အစာဖွဲ့စည်းသည်။



ပဲပုပ်စေ့ (ဝဲ) အပင်ပေါက်သည့်အခါ အခစေ့ရွက်နှစ်ရွက်ကို မြေပေါ်သို့ ပင့်တင်သည်။ ပြောင်း (ယာ) တွင် အစေ့ရွက်သည် မြေကြီးထဲ၌ကျန်ခဲ့သည်။ ပဲပုပ်တွင် အမြစ်လောင်းမှ ဘေးမြစ်များ ဖြစ်ပေါ်သည်။ ပြောင်းတွင် မူခြားမြစ်များ ဖြစ်ပေါ်သည်။

### လေဖြင့်လွင့်ပါသောအစေ့များနှင့် အသီးများ




'မေပယ်' စေ့သည် လျှင်မြန်စွာလည်ပြီး ဖြည်းညင်းစွာ ကြွေကျသည်။

သစ်မာနွယ်ပင်၏ အစေ့သည် ပါး လွှာသော အတောင်များဖြင့် လေတွင်လွင့်ပါနိုင်သည်။

## အသီးများ

မက်မုန်သီးကဲ့သို့သော အသီးစိုများသည် ပျော့ပျောင်းသော အခွံများရှိပြီး ရင့်မှည့်ချိန်တွင် မအက်ကွဲပေ။ ပဲသီးကဲ့သို့သော အသီးခြောက်များသည် ရင့်မှည့်ချိန်တွင် အသားမာသော သို့မဟုတ် အမျှင်ထူသောအခွံများ ရှိသည်။

အခြားအသီးအမျိုးအစားများမှာ သရက်၊ ချယ်ရီကဲ့သို့သော အတွင်းခွံမာသီး၊ ပန်းသီးကဲ့သို့သော ပွင့်ရင်းသားဝင်သီး၊ စပျစ်ကဲ့သို့သော 'ဗယ်ရီ' သီး စသည်တို့ ဖြစ်သည်။

အသီးအမျိုးအစား များစွာရှိသေးသော်လည်း အဓိကသိမှတ်ရန်မှာ အစေ့နှင့် ၎င်းကိုဖုံးထားသော အခွံပါရှိသည့် အသီးဟုခေါ်သော အစိတ်အပိုင်းသည် မျိုးစေ့ဝှက်အပင်တို့၏ အရေးပါသောအပိုင်းဖြစ်သည်။ ဆင့်ကဲဖြစ်စဉ်တွင် ရှေးကျသော အပင်များနှင့် ပိုင်းခြားပေးလိုက်သော အင်္ဂါရပ်တစ်ခုဖြစ်သည်။



# စေ့ရှက်စုံမျိုးရင်းများ

စေ့ရှက်စုံပင်များက စေ့ရှက်ထီးပင်များထက် ပိုများသည်။ ကျွန်ုပ်တို့ စားသုံးသော ကော်ဖီ၊ ချောကလက်၊ ပန်းသီး၊ အသုံးဝင်သည့် လှပသော အကွက်ပေါ်သစ်သားစသည်တို့ ရရှိနိုင်သည့် အပင်များအကြောင်းကို ရှေ့စာမျက်နှာများတွင် တွေ့ရလိမ့်မည်။ မိုးမခပင်မှအစ ကမ္ဘာတွင် အကြီးဆုံး အပွင့် ပွင့်သည့် အရှေ့တောင်အာရှအပူပိုင်းဒေသရှိ 'ရက်ဖလီဆီယာ'ပင်အထိ မျိုးစုံရှိသည်။



မလေးရှားကျွန်းဆွယ် ကမ်းခြေသောင်စပ်၌ ပေါက်သော ပင်လယ်ကဗွီးပင်

## ပင်လယ်ကဗွီးမျိုးရင်း

ပင်လယ်ကဗွီးပင်တို့သည် အပင်လောကတွင် ရှေးပြေးပင်များ ဖြစ်သည်။ အပူပိုင်း ပင်လယ်ကမ်းခြေသောင်ပြင်များတွင် ပထမဆုံးပေါက်သော အပင်များ၌ ပါဝင်သည်။

ပင်လယ်ကဗွီးပင်တို့သည် အမြဲစိမ်းသည်။ ထင်းရှူးပင်နှင့် တူသော်လည်း မျိုးစေ့ဖော်အပင်မဟုတ်ပဲ စေ့ရှက်စုံပင်ဖြစ်သောကြောင့် အပွင့် ပွင့်သည်။ အဖိုပွင့်နှင့် သေးငယ်သည့် အနီရောင် အမျှင်စုကဲ့သို့သော အမပွင့်ရှိသည်။ မျိုးစိတ်ပေါင်း ၄၀–၅၀အနက် အများစုကို ကမ္ဘာ့တောင်ဘက်ခြမ်းတွင်တွေ့နိုင်သည်။



ငရုတ်ကောင်းပင်

## ငရုတ်ကောင်းမျိုးရင်း

ကမ္ဘာပေါ်တွင် ဆားပြီးလျှင် ငရုတ်ကောင်းမှာ အသုံးအများဆုံး ဖြစ်သည်။ ငရုတ်ကောင်းမျိုးရင်း၏မျိုးစိတ် ၁၃၀၀ ခန့်မှာ အပူပိုင်းဒေသချုံပင် သို့မဟုတ် အသားထူသော သစ်ပျော့ပင်များဖြစ်သည်။ အာရှရှိ နွယ်ပင်ဖြစ်သော ငရုတ်ကောင်းပင်၏ အတွင်းခံ့မာသီး အခြောက်များမှ ငရုတ်ကောင်းမည်း ရရှိပြီး အစေ့မှ ငရုတ်ကောင်းဖြူ ရရှိသည်။

## မိုးမခ မျိုးရင်း

မိုးမခပင်တို့တွင် ရှည်လျား၍ ငိုက်ကျနေသောအကိုင်းများရှိသည်။ 'ပေါ့ပလာ' ပင်များ အပါအဝင် အခြားမျိုးစိတ် ၃၃၀ ခန့် ရှိသေးသည်။

မိုးမခပင်တို့သည်ရွက်ကြွေသစ်မာပင် သို့မဟုတ် ရွက်ထီးချုံပင်ဖြစ်ပြီးပွင့်ချပ်မရှိပဲ လိင်တမျိုးတည်းပါသည့် အပွင့်များရှိသည်။ မြောက်ဘက် သမပိုင်းရာသီဥတုများရှိသည့်ဒေသများ၏ မြစ်ကမ်းစပ်ရှိုညွန်တွင် အများအားဖြင့် ပေါက်သည်။ မျိုးစိတ်အနည်းငယ်ကို တန်ဒရာဒေသတွင် ချုံပင်ငယ်များအဖြစ် တွေ့နိုင်သည်။




မိုးမခပင်သည် မြောက်ဘက်သမပိုင်းဒေသရှိအရွယ်လတ်ချုံပင်ဖြစ်သည်။ ထောင်မတ်သော ကြောင်မြီးပန်းခိုင်ရှိသည်။




မိုးမခပင် (ဝဲ) ကို ကမ္ဘာအနှံ့ စိုက်သည်။ ရှေးအခါက အက်စပရင်ကို မိုးမခအခေါက်မှ ထုတ်ယူသည်။ ယခုအခါ ဓာတုနည်းဖြင့် ဖော်စပ်သည်။ ဂျပန်ပေါ့ပလာပင် (ယာ) ဖြစ်သည်။ ပေါ့ပလာပင်တမျိုး၏ သစ်သားကို စက္ကူလုပ်သည်။

## သစ်ကြားသီးမျိုးရင်း

သစ်ကြားသီးမျိုးရင်းဝင်အပင်တို့သည် မာကျောသောအခွံ၊ အရသာရှိသော အဆန်နှင့် လှပသော သစ်သားတို့ကြောင့် လူသိများသည်။

ဤမျိုးရင်းတွင် ရွက်ကြွေသစ်မာပင် မျိုးစိတ်ပေါင်း ၆၀ ရှိသည်။ အများအားဖြင့် မြောက်ဘက်သမပိုင်းဒေသတွင် ပေါက်သည်။ ငှက်မွေးပုံအရွက်ရှိပြီး သေးငယ်သော အဖိုပွင့်နှင့် အမပွင့်တို့သည် တပင်တည်းပေါ်တွင် ရှိသည်။ ဤမျိုးရင်းဝင် အပင်အချို့၏ အရွက်များတွင် ပြင်းထန်သော အနံ့ ရှိသည်။




‘တယ်ရိုကယ်ရီယာ ရှိုင်ဖိုလီယာ’ တွင် အဝါရောင်ကြောင်မြီးပန်းခိုင်များ ရှိသည်။




အရှေ့အာရှနိုင်ငံ များ တွင် တွေ့ရသည့် ဂျပန်သစ်ကြားသီးပင်သည် အရှယ်လတ်ပင် ဖြစ်သည်။

## ဗတ်မျိုးရင်း

‘ဗတ်’ မျိုးရင်းတွင် သစ်ရရှိသော အဖြူရောင်ဗတ်ပင်နှင့် ငွေရောင်ဗတ်ပင်များမှအစ ‘အော်လဒါ’ပင် နှင့် ‘ဟေဇယ်နတ်’ပင် အထိ အမျိုးမျိုး ပါဝင်သည်။ အချို့ဗတ်ပင်တို့၌ အလွှာလိုက် ခွာ၍ရသော ပါးလွှာနူးညံ့သည့် အခေါက်ရှိသည်။

မျိုးစိတ် ၁၀၀ စလုံးပင် ရွက်ကြွေသစ်မာပင်နှင့် ချုံပင်များဖြစ်ပြီး ဒေသရင်းမှာ မြောက်ဘက်သမပိုင်းဒေသ ဖြစ်သည်။



အဖြူရောင်ဗတ်ပင်၏ အခေါက်




စွတ်စိုသည့်နေရာတွင် ပေါက်သော ‘ဂျပန်အနက်ရောင်အော်လဒါ’ပင်




ဝင်းခြံရှုခင်းအတွက် အလှစိုက်တတ်သော အာရှရှိ ဗတ်ပင်

## ဝက်သစ်ချမျိုးရင်း

အနောက်တိုင်းယဉ်ကျေးမှု၏ သမိုင်းနှင့်ပုံပြင်များတွင် ဝက်သစ်ချပင်လောက် အပါအဝင်များသည့်အပင်မရှိပေ။ ရှေးကျသော ဒရူးအစ်လူမျိုးတို့သည် ဝက်သစ်ချပင်ကို စွမ်းအားနှင့် တောင့်တင်းသန်မာမှု အထိမ်းအမှတ်အဖြစ် ကိုးကွယ်သည်။ ဝက်သစ်ချသားဖြင့် စစ်လှေများ ဆောက်လုပ်သည်။

မျိုးစိတ် ၆၀၀ အနက် ‘ချက်စနတ်’ပင်၏ အသီးသည် အရသာထူးပြီး ‘ဗီ’ပင်၏ သစ်သားမှာ အဖိုးတန်သည်။ ဝက်သစ်ချမျိုးစိတ်တို့သည် သစ်မာပင် သို့မဟုတ် ချုံပင်ဖြစ်ပြီး ရွက်ကြွေ သို့မဟုတ် အမြဲစိမ်း ဖြစ်သည်။ အပွင့်တွင် လိင်တမျိုးတည်းသာ ပါသည်။ တွဲလဲကျနေသော ကြောင်မြီးပန်းခိုင်ပေါ်တွင် အဖိုပွင့်များကို တွေ့ရသည်။ အမပွင့်များမှာ တပွင့်ချင်း သို့မဟုတ် အစုငယ် အနေဖြင့်ရှိသည်။ အသီးသည် အခွံမာပြီး အစေ့တစေ့တည်းသာ ပါသည်။



ဗီပင်သည် ရွက်ကြွေပင် ဖြစ်သည်။
အဖိုပွင့်ဆောင်ကိုင်း (အထက်)၊ အသီး (ယာ)






ချက်စနတ်ပင်၏ ဆူးများရှိသော ခွက်များထဲ၌ အသီးသုံးလုံးတစုစီ ရှိသည်။



အသီးများမှည့်နေသည့် ရွက်ကြွေသစ်မာပင် ဝက်သစ်ချမျိုးစိတ်၏ ဒေသရင်းမှာ ဥရောပ ဖြစ်သည်။

## အဲလမ်းမျိုးရင်း

'အဲလမ်း'မျိုးရင်းတွင် ပရိဘောဂပြုလုပ်ရန် သစ်ရရှိသော သစ်မာပင် သို့မဟုတ် ချုံပင်များပါဝင်သည်။ ဥယျာဉ်မြက်ခင်းများတွင် အရိပ်ပင်အဖြစ် စိုက်သည်။ မျိုးစိတ် ၁၅၀ တို့တွင် ရွက်လွှဲ ရွက်ထီးများ ရှိသည်။ အချို့မျိုးစိတ်တွင် လိင်တမျိုးတည်းပါသော အပွင့်ရှိပြီး အချို့တွင် ဒွိလိင်အပွင့်များရှိသည်။ လေ အကူအညီဖြင့် ဝတ်မှုန်ကူးသည်။ ဒေသရင်းမှာ ကမ္ဘာ့မြောက်ဘက်ခြမ်း ဖြစ်သည်။






'အဲလမ်း'ပင် တို့သည် သန်မာသော အရွယ်လတ်ပင် ဖြစ်သည်။ ပိုးတောင်မာများ သယ်ဆောင်လာသော ဒတ်ချ်အဲလမ်းရောဂါကြောင့် ၁၉၇၅–၇၆ ခုတွင် အင်္ဂလန်ရှိ အဲလမ်းပင်များ ကွယ်ပျောက်လုနီးပါး ဖြစ်ခဲ့ရသည်။








'တရုတ်ဟက်ဗယ်ရီ'ပင်၏ခံ့မာတစ်စေ့သီး များသည်ရှေးခေတ်လူတို့အတွက် အရေးပါသော အစာဖြစ်ခဲ့ပုံရသည်။ ၁၉၂၉ ခုတွင် ပီကင်းမြို့အနီးရှိ ဂူအတွင်း၌ တွေ့ရှိခဲ့သော နှစ်ငါးသိန်းခန့်ရှိ ပီကင်းလူ ၏ ကျောက်ဖြစ်ရုပ်ကြွင်းနှင့် အတူ ဤအဲလမ်းပင်တို့၏ အစေ့ခွံကျောက်ဖြစ်ရုပ်ကြွင်းများကို တွေ့ရသည်။

## သဖန်းမျိုးပင်များနှင့်သဖန်းပိုး

သဖန်းပင်တို့တွင် အဖိုပွင့် အမပွင့်အပြင် မြုံသော အထူးအပွင့်တစ်မျိုး ရှိသေးသည်။ သဖန်းပိုးမသည် ထိုအမြုံပွင့်ထဲတွင် ဥချသည်။ ဥမှ ပေါက်လာသော ပိုးကောင်လောင်းစားရန်ဖြစ်သည်။ သဖန်းပိုးမသည် ဥရန် တပင်မှတပင် တပွင့်မှ တပွင့် ကူးယင်း အမပွင့်တို့ကို ဝတ်မှုန်ကူးပေးခြင်းဖြင့် မျိုးပွားရန် ကူညီသည်။ အပင်နှင့်သတ္တဝါတို့ တဦးနှင့်တဦး ပူးပေါင်းဆောင်ရွက်မှုကို တွေ့ရသည်။







ဆေးခြောက်ပင်မှ လျှော်မျှင်တို့ကို ကြိုးကျစ်နိုင်သည်။ ထုံထိုင်းစေသည့် အာနိသင်ကြောင့် ၎င်းကိုတချိန်က ဆေးဝါးဖော်စပ်ရာတွင်သုံးသည်။








အိမ်တွင်း၌အသုံးစိုက်လေ့ရှိသော အိန္ဒိယရာဘာပင် (ဝဲ) မှတချိန်ကရာဘာထုတ်ယူခဲ့ကြ၏။ သဖန်းမျိုးဖြစ်သော ဤအမြဲစိမ်းပင်သည် လက်ခံပင်ကိုမျိုကာ သေစေ၏။ အသားထူသည့် သဖန်းသီးမျိုး (ယာ) ကို အမှည့်ဖြင့်စေ၊ အခြောက်ခံ၍ ဖြစ်စေ စားရ၏။

## ပိုးစာမျိုးရင်း

ပိုးစာမျိုးရင်း၏ မျိုးစိတ် ၁၀၀၀ မှ အစားအစာ၊ အဝတ်အထည်၊ ကြိုး၊ ရာဘာနှင့် ဆေးခြောက် စသည်တို့ ရရှိသည်။

တရုတ်ပြည်ရှိ ပိုးစာမျိုးစိတ် တမျိုးကို ပိုးချည်ကောင်များကျွေးရန် အရှေ့တိုင်း၌ အသုံးပြုခဲ့သည်။ ပေါင်မုန့်သီးပင်၊ ပိန္နဲပင်နှင့် ဘီယာရန်အတွက်သုံးသော ဗျစ်ပင်တို့သည် ပိုးစာမျိုးရင်းဝင်များ ဖြစ်၏။ နှစ်ထောင်ပေါင်း များစွာကပင် သဖန်းသီးကို စားကောင်းဖွယ်ရာအဖြစ် တန်ဖိုးထားခဲ့ကြ၏။ အမြဲစိမ်း သဖန်းမျိုးပင်ဖြစ်သော အိန္ဒိယရာဘာပင်ကို ၂၀ ရာစုမတိုင်မီအထိ ရာဘာစေး ထုတ်ယူရန် အဓိကအားထားခဲ့ကြ၏။

သဖန်းမျိုးပင်တို့သည် အပူပိုင်းဒေသတွင်ပေါက်သည်။ ၎င်းအပင်များစွာတို့မှ နို့စေးထွက်သည်။ လိင်တမျိုးတည်းပါသည့် သေးငယ်သောအပွင့်များ ပြွတ်သိပ်စွာ အစုလိုက်တည်ရှိသည်။ သဖန်းမျိုးပင်တို့တွင် ပင်စည်သည် လုံးဝန်းလာပြီး အခေါင်းပေါက်ပါသော ပွင့်ရင်းခံဖြစ်လာသည်။ ၎င်းထိပ်ဘက်တွင် အပေါက်ပါရှိပြီး အတွင်းနံရံပေါ်တွင် အပွင့်ငယ်များ ရှိသည်။ သဖန်းမျိုးပင် အားလုံးသည် ဝတ်မှုန်ကူးပေးသော သဖန်းပိုးတမျိုးနှင့်အတူ ကြီးပြင်းသည်။ သက်ရှိတို့ ရှင်သန်ရန် အချင်းချင်း အပြန်အလှန် အားထားပုံကို ဖော်ပြနေပေသည်။



ငှက်စွန့်ခဲ့သော သဖန်းစေ့သည် လက်ခံပင်ပေါ်တွင် သစ်ကပ်ချုံပင် ပေါက်လာသည်။ ၎င်း၏လေမြစ်များက လက်ခံပင်ကို တဖြည်းဖြည်း မျိုသတ်သည်။



ပိန္နဲပင်သည် အမြဲစိမ်းပင်လတ်ဖြစ်သည်။ အသီးသည် အနံ့ပြင်း၍ အရသာ ထူး၏။




ဖက်ယားပင်တွင် စူးလျှင်ယားစေသော အမွေးများရှိသည်။



'ရေမီ'ပင်၏ လျှော်မျှင်များကိုကြိုးကျစ်ရန် သုံးသည်။



စက္ကူပိုးစာပင်၏ အခေါက်ကို စက္ကူ ပြုလုပ်သည်။



ဗျစ်ပင်သည် နှစ်ရှည်ခံ ရစ်ပတ်ချုံနွယ်ပင် ဖြစ်သည်။

## ဖက်ယားမျိုးရင်း

ဖက်ယားမျိုးရင်းဝင်အပင်တို့သည် ယားစေတတ်သဖြင့် မကိုင်ဝံ့ကြပေ။ ထို့ကြောင့် အဖျက်အဆီးမခံရပဲ ကျန်နေတတ်သည်။ အချို့မျိုးစိတ်တို့၏ အရွက်နှင့်ပင်စည်များပေါ်ရှိ အမွေးထဲမှ အရည်သည် အရေပြားထဲသို့ဝင်လျှင် ယားယံစေသည်။ ဖက်ယားပွင့်တို့သည် သေးငယ်ပြီး လိင်တမျိုးတည်းသာ ပါသည်။

အချို့အပင်တို့မှာမူ သစ်ပျော့ပင်ဖြစ်သော တနှစ်ခံ သို့မဟုတ် နှစ်ရှည်ခံပင်များဖြစ်ပြီး အသုံးဝင်သည်။ အပင်ငယ်များကို ချက်စားနိုင်သည်။ ရေမီလျှော်မျှင်သည် ဂုန်လျှော်မျှင်ထက် သုံးဆပိုမိုခိုင်ခံ့သည်။



ပေါင်မုန့်သီးပင်ကို ကစီပါရှိသည့်စားကောင်းသောအသီးအတွက် စိုက်သည်။

## ကျီးပေါင်းမျိုးရင်း

အနောက်တိုင်းတွင် ကျီးပေါင်းပင်တမျိုးကို ခရစ္စမတ်အခမ်းအနားပြင်ဆင်ရာတွင် သုံးသည်။ မျိုးစိတ် ၁၀၀၀ မှာ ကပ်ပါးပင်များဖြစ်ပြီး အများအားဖြင့် အပူပိုင်းဒေသတွင် သစ်ပျော့ပင်နှင့် ချုံပင်များ အသွင်ဖြင့် ပေါက်သည်။ ၎င်းတို့သည် ရေနှင့် သတ္တုဓာတ်များကို လက်ခံပင်မှရယူပြီး အပင်အတွက် အစာ ပွဲ စည်း ခြင်း ကိုမူ ကိုယ် တိုင် ပြု လုပ် သည်။ ကျီး ပေါင်း ပင် တို့သည် ထူးခြားစွာပျံ့နှံ့တတ်သောကြောင့် ရုက္ခဗေဒအရ စိတ်ဝင်စားဖွယ် ဖြစ်သည်။ ငှက်၏နူတ်သီးတွင် ကပ်ပါလာသော ကျီးပေါင်းစေ့မှ အခြားအပင်ပေါ်တွင် အပင်ထပ်ပေါက်နိုင်သည်။





'ဗစ်စကမ် အယ်လဗမ်'သည် ခရစ္စမတ်အခမ်းအနားတွင်သုံးသော ကျီးပေါင်းမျိုးပင်ဖြစ်သည်။ ကျီးပေါင်းပင်၏ စုပ်ယူအင်္ဂါများကို လက်ခံပင်၏ အကိုင်းထဲတွင် တွေ့နိုင်ရန် ခွဲဖြတ်ပြထားသည်။ အရှေ့တိုင်း ကျီးပေါင်းတစ်မျိုး(ယာ)ဖြစ်သည်။

## ဣဿရမူလီမျိုးရင်း

သစ်ပျော့ပင်နှင့် ရစ်နွယ်ချုံပင်များဖြစ်သော ဣဿရမူလီမျိုးရင်းဝင် အပင်တို့တွင် အပုပ်နံ့ကဲ့သို့ အနံ့ပြင်းသောအပွင့်များရှိသဖြင့် ယင်ကောင်များကဝတ်မှုန်ကူးပေးသည်။ ၎င်းတို့၏အောက်လန်ပုံအပွင့်ထဲသို့ ယင်ကောင်ဝင်မိလျှင် အတွင်းသို့ စိုက်လျက်ရှိသော အမွေးများက နှစ်ရက်ကြာဖမ်းထားလိုက်သည်။ အမွေးများနွမ်း၍ ယင်ကောင်လွတ်ထွက်နိုင်ချိန်တွင်အပွင့်မှာဝတ်မှုန်ကူးပြီးဖြစ်သည်။ အပူပိုင်းနှင့် အပူလျော့ပိုင်း ဒေသတို့တွင်ပေါက်သော မျိုးစိတ် ၄၀၀ တို့၏ အပွင့်များမှာ များသောအားဖြင့် အညိုရင့်ရောင်ရှိသည်။

## ရက်ဖလီဆီယာမျိုးရင်း

အရှေ့တောင်အာရှရှိ 'ရက်ဖလီဆီယာ' မျိုးရင်းဝင် မျိုးစိတ် တမျိုးသည် ကမ္ဘာတွင် အကြီးဆုံးအပွင့် ပွင့်သည်။ အပွင့်မှာ ကန့်လန့်ဖြတ် ဆင်တီမီတာ ၉၀ အထိ ကျယ်ပြီးအလေးချိန် ၇ ကီလိုဂရမ်ခန့် ရှိသည်။

မျိုးစိတ် ၂၇မျိုးတွင် အရွက်လည်းမရှိ၊ပင်စည်လည်းမရှိချေ။ အပင်တပင်လုံးကိုပင် အပွင့်ပွင့်ချိန်မှသာမြင်နိုင်သည်။ ၎င်းသည် အပ်ချည်မျှင်စုသဏ္ဌာန်ရှိသော ကပ်ပါးပင်ဖြစ်ပြီး တောထဲရှိစပျစ်မျိုးရင်းဝင်နွယ်ပင်များ၏ ပင်စည်များအတွင်းတွင် ပေါက်သည်။ ပွင့်ဖူးသည် လက်ခံပင်၏ပင်စည်ကို ခွဲဖောက်ထွက်လာပြီး မပွင့်မီ ဂေါ်ဖီထုပ်အရွယ်အထိ ကြီးလာသည်။



ဣဿရမူလီ




'ဒတ်ချ်ဆေးတံ' ချုံနွယ်ပင်



ဆူမတ္တရာကျွန်းရှိ ကမ္ဘာတွင်အကြီးဆုံးအပွင့်ဖြစ်သော ရက်ဖလီဆီယာ အပွင့်ကို ထိုင်နေသောလူနှင့် နှိုင်းယှဉ်ပြထားသည်။



ချဉ်သောအရသာရှိသည့်ဆိုရယ် အရွက်များ



သမပိုင်းဒေသတွင် ပေါက်သော 'မြက်ထုံးကြီး'ပင်



နံ့စား ဗတ်ခဝှိပင်



အရှေ့အာရှရှိ ဗတ်ခဝှိတစ်မျိုး



မြူပင်သည် အာရှ ဥရောပ၏ သမပိုင်း ဒေသတို့တွင် ပေါက်သည်။




တရုတ်ပြည်ရှိ မြူပင်မျိုးပြား တမျိုးကို ဟင်းသီးဟင်းရွက်ပင်အဖြစ် စိုက်ပျိုး၏။

## ဗတ်ခဝှိမျိုးရင်း

'ဗတ်ခဝှိ'မျိုးရင်းဝင် မျိုးစိတ် ၇၀၀ တို့အနက် တမျိုးသည် အစားအစာတို့၏ ပင်ရင်းဖြစ်သည်။ အခြားနံ့စားပင်များ မရှင်သန်နိုင်သော ခြောက်သွေ့သည့် ဒေသရှိ မြေညံ့တွင်ပေါက်နိုင်သည်။ ဂျုံကဲ့သို့ အစေ့ကိုကြိတ်ပြီး မုန့်ဖုတ်နိုင်သည်။ မျိုးစိတ်တမျိုးဖြစ်သော ဆိုရယ်အရွက်ကို အစိမ်းစားနိုင်သည်။

မြောက်ဘက် သမပိုင်းဒေသရှိ သစ်ပျော့ပင်များဖြစ်ပြီး ပင်စည်အုပ်ရွက်စွယ်ရှိသည်။ ပွင့်ချပ်မရှိပဲ အဖြူရောင် သို့မဟုတ် ပန်းရောင်ပွင့်ဖတ်များ ရှိသည်။

## မြူမျိုးရင်း

မြူမျိုးရင်းတွင် မျိုးစိတ် ၁၅၀၀ ခန့် ပါဝင်သည်။ အားလုံးသစ်ပျော့ပင် သို့မဟုတ် ချုံပင်ဖြစ်ပြီး မထင်ရှားသော အပွင့်များရှိသည်။ အရွက်များကို စားနိုင်သည်။ ဟင်းနုနယ်ပင်မှာ လူသိအများဆုံးဖြစ်သည်။ ယခင်ကသုံးသော သန်ချဆေးအတွက် အဆီကို မျိုးစိတ်တမျိုးမှ ရသည်။

## စက္ကူပန်းမျိုးရင်း

စက္ကူပန်းမျိုးရင်းဝင်အပင်များသည် အပူပိုင်းဒေသတွင် ပေါက်ပြီး ဒိုလိုင်ရှိသော အပွင့်ငယ်တို့ကို ဝန်းရံနေသည့် တောက်ပသောပွင့်ခံရွက်များရှိသည်။

စူးစမ်းရှာဖွေသူ ပြင်သစ်လူမျိုး တဦး၏အမည်ကိုယူ၍ 'ဗူဂိန်ဗီလီယာ'ဟုလည်း ခေါ်ကြ၏။ ညနေပိုင်းတွင်မှပွင့်သော ဤမျိုးရင်းဝင် အပင်တမျိုးကို လေးနာရီပန်းပင်ဟု ခေါ်သည်။





အစေ့



တောင်အမေရိကရှိ ရောင်စုံလေးနာရီပန်းပင် (ဝဲ)၊ ဘရားဇီးနိုင်ငံရှိ စက္ကူပန်းနွယ်ပင် (ယာ)

## ပါစလိန်းမျိုးရင်း

'ပါစလိန်း'မျိုးရင်းဝင် မျိုးစိတ် ၅၀၀ အနက် တမျိုးမှာ အမေရိကတိုက်များတွင် အဆိုးရွားဆုံးဥယျာဉ်ပေါင်းပင် ဖြစ်သည်။

ပါစလိန်းမျိုးပင်တို့သည် သစ်ပျော့ပင်ဖြစ်ပြီး အသားထူသော အရွက်နှင့် သေးငယ်သော အပွင့်များ ရှိသည်။ အသီးမှာ 'ကက်ပဆူး' ဖြစ်သည်။ ဒေသရင်းမှာ မြောက်အမေရိက ဖြစ်သည်။








အပူပိုင်းနှင့်သမပိုင်း ဒေသပေါက် ပါစလိန်းပင် (ယာ)၊ ဘရားဇီးနိုင်ငံမှ 'ပေါ်တူလက်ကာဂရန်ဒီဖလော်ရာ' (အထက်)

## ဇော်မွှားမျိုးရင်း

ဇော်မွှားမျိုးရင်းတွင် မျိုးစိတ် ၂၀၀၀ ရှိသည်။ အပွင့်များသည် လှပသည့်အပြင် သင်းပျံ့သောရနံ့ရှိသဖြင့် အခါနေရာမရွေး အသုံးဝင်သည်။

ၺင်းတို့၏ ဒေသရင်းမှာ မြောက်ဘက် သမပိုင်းဒေသဖြစ်ပြီး အများအားဖြင့် သစ်ပျော့ပင် ဖြစ်သည်။ သေးငယ်သော အရွက်များ ရွက်ဆိုင်အနေအထား ရှိသည်။

## မီဆင်ဗရိုင်ယန်သမမ်မျိုးရင်း

'မီဆင်ဗရိုင်ယန်သမမ်'မျိုးရင်းဝင် မျိုးစိတ် ၆၀၀ ခန့်သည် တောင်အာဖရိကမှ ဖြစ်ပြီး 'ကျောက်ခဲပင်' ခေါ် အပင်တစုပါဝင်သည်။ သဲကန္တာရပေါက် ၎င်းအပင်တစုသည် ကျောက်ခဲနှင့် တူသောကြောင့် တိရစ္ဆာန်တို့၏ အစားမခံရချေ။ ၎င်းတို့၏ဒိုလိုင်အပွင့်တွင် ပွင့်ချပ်မရှိပေ။ သို့သော် ဝတ်ဆံဖိုမြုံတို့က ပြောင်းလဲလာကာ ပွင့်ချပ်များကဲ့သို့ ဘေးဘက်တွင် ဝန်းရံနေသည်။ မျိုးအောင်နိုင်သည့် ဝတ်ဆံဖိုနှင့် မအောင်သော အုံများလည်း ရှိသည်။ ၎င်းအပင်တို့ကို ဥယျာဉ်များတွင် စိုက်လေ့ရှိ၏။



ဥယျာဉ်စိုက်ပင် ပန်းရောင်နှင့် အစိမ်းရောင် 'ကက်ချဖလိုင်း'



အရွယ်လတ်နှစ်နှစ်ခံပင်'ဝါးတားစတစ်ချဝပ်'



'ဒိုင်ယန်သတ် ဗာဗေးတတ်'



'ဒိုင်ယန်သတ် ဂျပွန်နီကတ်'



ကျောက်ခဲပင်သည်တောင်အာဖရိက သဲကန္တာရမှ အပင် ဖြစ်သည်။



ထုတ်ချင်းပေါက်မြင်နိုင်သော အရွက်ထိပ်များမှ တဆင့် နေရောင်ခြည်သည် အပင်အတွင်းသို့ ဝင်နိုင်သည်။ တနှစ်လျှင် တကြိမ် ပွင့်ပြီး တစ်ရက်၊ နှစ်ရက်ခန့် ကြာသည်။

'ရေခဲပင်'တွင် ရေသိုလှောင်သော အရွက်များ ရှိသည်။ ရာသီဥတုဒဏ် ခံနိုင်သည်။

## ကြာမျိုးရင်း

ရေကန်မျက်နှာပြင်ပေါ်ရှိ ကျက်သရေရှိသော ကြာပွင့်ကြီးများသည် ကြည်နူးဖွယ် မြင်ကွင်းကိုဖြစ်စေသည်။ ကြာပင်တမျိုးမှာ အိန္ဒိယနှင့်တရုတ်ပြည်တို့တွင် အထွတ်အမြတ်ထားသော ပဒုမ္မာကြာ ဖြစ်သည်။အချို့ဒေသများတွင် ၎င်းကို စားသည်။

မျိုးစိတ် ၉၀ တို့သည် ကမ္ဘာအနှံ့တွင်ပေါက်သည်။ ရေတိမ်တွင်သာပေါက်သော သစ်ပျော့ပင်များ ဖြစ်သည်။ လေခိုရန်နေရာများပါဝင်သည့် ရိုးတံရှည်ရှိသည်။ အရွက်နှင့် အပွင့်များသည် ရေပေါ်တွင် ပေါလောပေါ်နေသည်။ အပွင့်တွင် ပွင့်ချပ်၊ ဝတ်ဆံဖိုနှင့် မအောင်ဓါတ်အုံများစွာ ရှိသည်။ 'ရိုင်ဇုမ်း'များသည် ရေအောက်ရှိ ရွှံ့ထဲတွင် အလျားလိုက် ဖြာထွက်နေသည်။



အမေဇုန်ဒေသရှိ'ဂျိုင်းယင့်ဝါးတားလီလီ' ကြာပင်၏ အရွက်ကြီးများ



'ပစ်ဂမီဝါးတားလီလီ'ကြာပွင့်သည်တနေ့လျှင် လေးနာရီခန့်သာ ပွင့်သည်။




ပဒုမ္မာကြာတွင် စားကောင်းသော ခုံမာတစ်စေ့သီးနှင့် ရိုင်ဇုမ်း ရှိသည်။

## ဗတ်တာကပ်မျိုးရင်း

'ဗက်တာကပ်' မျိုးရင်းဝင် မျိုးစိတ် ၁၅၀၀ တို့သည် အမြင်လှသော်လည်း အလွန်ပူစပ်သော အရသာရှိသည်။ မျိုးစိတ်များစွာတို့သည် အဆိပ်ဖြစ်စေတတ်သည်။ 'အေကွန်နီတမ်' နှင့် 'ဟယ်လီဗိုရတ်' မျိုးစုနှစ်ခုကို ဆေးဝါးထုတ်ရန် သုံးသည်။

အများအားဖြင့် တနှစ်ခံ သို့မဟုတ် နှစ်ရှည်ခံသစ်ပျော့ပင်များ ဖြစ်သည်။ သို့သော် အချို့မှာ ချုံပင် သို့မဟုတ် နွယ်ပင်ဖြစ်သည်။ သမပိုင်းဇုံတွင်ပေါက်ပြီး ဒွိလိင်အပွင့်ရှိသည်။ အသီးများ အပြွတ်လိုက် သီးသည်။



အရှေ့အာရှရှိ 'အေဒိုနစ် အေမူရင်းဆစ်'



ဂျပန်နိုင်ငံရှိ 'အင်နီမိုနီ ရက်ဒီယာနာ'

## အက်ကီးဗီးယားမျိုးရင်း

မျိုးစိတ် ၂၀ သာ ပါဝင်ပြီး ဒေသရင်းမှာ အရှေ့အာရှနှင့် တောင်အမေရိက ဖြစ်သည်။ ချုံနွယ်များဖြစ်ပြီး စားကောင်းသောအသီးများ ရှိသည်။

'အက်ကီးဗီးယား' မျိုးရင်းဝင် အပင်များတွင် ရွက်မြွှာခုနစ်ခုအထိပါဝင်သော ရွက်ပေါင်းများ ရှိသည်။ ဒွိလိင်နှင့် လိင်တမျိုးတည်းပါသော အပွင့်နှစ်မျိုးစလုံး ရှိသည်။ မျိုးစိတ်အလိုက် အဖိုပွင့်၊ အမပွင့်တို့ကို တပင်တည်း သို့မဟုတ် သီးခြားတပင်စီပေါ်တွင်တွေ့ရသည်။အချို့တွင် ပွင့်ချပ်မရှိသော်လည်း ပွင့်ဖတ်ရှိသည်။



အသီးစားရသော 'အက်ကီးဗီးယား ထရိုင်ဖိုလီယေးတား'




'အက်ကီးဗီးယား ကွင်နေးတား' သည် အရှေ့အာရှရှိ ချုံနွယ်ပင် ဖြစ်သည်။



မေလတွင်ပွင့်သည့် မျိုးယှဉ် 'ကလမ်မက်တစ်' ပင်



တရုတ်ပြည်ရှိ 'ပီအိုနီ' သစ်မာပင်



'ကလမ်မက်တစ် ဖလော်ရီဒါ'



'ကလမ်မက်တစ် ပေတင်'

## ဗာဗယ်ရီမျိုးရင်း

'ဗာဗယ်ရီ' မျိုးရင်းဝင် ဗာဗယ်ရီပင်ကို ဥရောပနှင့် မြောက်အမေရိကတွင် အသီးစားရန် စိုက်ပျိုးခဲ့သော်လည်း ဂျုံပင်တွင် သံချေးမှို ရောဂါဖြစ်စေသော မှိုပင်ပေါက်သည့် လက်ခံပင်ဖြစ်သောကြောင့် ဖျက်ဆီးပစ်ရသည်။

မျိုးစိတ် ၂၀၀ ဟိုသည် သစ်ပျော့ပင်နှင့် ချုံပင်များဖြစ်ပြီး ဒေသရင်းမှာ မြောက်ဘက်သမပိုင်း ဖြစ်သည်။ ရွက်လှဲ၊ ရွက်ထီး သို့မဟုတ် ရွက်ပေါင်းနှင့် 'ဗယ်ရီ' သီး ရှိသည်။ အပွင့်တပွင့်လျှင် ဝတ်ဆံဖို ၁၈ ခုအထိ ပါသည်။



ဂျပန်ဗာဗယ်ရီပင်သည် ကုန်းမြင့်တွင် ပေါက်သော လှပသည့် ချုံပင်ဖြစ်၏။



'မဟော်နီယာ ဂျပွန်နီကာ' သည် ချုံပင်ငယ်ဖြစ်ပြီး အပွင့်သည် အလွန်မွှေး၏။




'မက်ဂနိုလီယာ ကိုဗတ်' တောင်ပေါ်ပေါက်ချုံပင်၏ ဒေသရင်းမှာ ဂျပန်ကျွန်းများ ဖြစ်သည်။




'ဗယ်ရင်ဝပ်' ပင်သည် နှစ်ရှည်ခံ သစ်မာပင်ငယ်ဖြစ်ပြီး လှပသော အပွင့်များ ရှိသည်။ ဒေသရင်းမှာ ဂျပန်နိုင်ငံ ဖြစ်သည်။



'ကျူးလစ်' ကဲ့သို့ အပွင့်များရှိသော တတိုင်းမွှေးမျိုးရင်းဝင် ကျူးလစ် သစ်မာပင် ဖြစ်သည်။



'မိုက်ချီလီယာ ဖီဂို' သည် အမြဲစိမ်းသစ်မာပင်ငယ်ဖြစ်ပြီး ငှက်ပျောနံ့မွှေးသော ပွင့်ဖူးများ ရှိသည်။

## တတိုင်းမွှေးမျိုးရင်း

အမြဲစိမ်းသော တတိုင်းမွှေးမျိုးပင်သည် ကြီးမားအုပ်ဆိုင်းပြီး မွှေးသောအပွင့်များ ပွင့်သည်။ ဒေသရင်းမှာ အမေရိကန်ပြည်ထောင်စုတောင်ပိုင်းဖြစ်ပြီး ရင်းဒေသအတွက် အထိမ်းအမှတ်ဆောင်အပင်ဖြစ်သည်။ မျိုးစိတ် ၁၀၀အနက် အများစုသည် သစ်မာပင်၊ ချုံပင်များဖြစ်ပြီး ဒေသရင်းမှာ အာရှဖြစ်သည်။

အပွင့်ကြီးတို့တွင် အရောင်တူသော အစိတ်အပိုင်းများစွာ ပါဝင်သည်။ မျိုးစေ့ဝှက်အပင်တို့၏ ရှေးအကျဆုံးအပင်များဟူ၍ မှတ်ယူကြသည်။



'မက်ဂနိုလီယာ လီလီဖလော်ရာ'



'မက်ဂနိုလီယာ ဂရန်ဒီဖလော်ရာ'

## ဩဇာမျိုးရင်း

ဩဇာမျိုးရင်းဝင်မျိုးစိတ် ၇၅၀ တို့သည် အပူပိုင်းဒေသရှိ သစ်မာပင်၊ ချုံပင်နှင့် ချုံနွယ်ပင်များ ဖြစ်သည်။ မျိုးစိတ်များစွာတို့တွင် အနံ့ရှိသောအရွက်၊ အခေါက်နှင့် အပွင့်ကြီးများ ရှိသည်။

အပွင့်တွင် ဝတ်ဆံဖိုနှင့် မအင်္ဂါအုံများစွာရှိသည်။'ဗယ်ရီ'သီးများကိုသီးခြား ဖြစ်စေ၊ စုပေါင်းတွဲဆက်လျက်ဖြစ်စေ တွေ့ရသည်။



ဩဇာပင်သည် အနောက် အိန္ဒိယကျွန်းစုနှင့် အပူပိုင်းအမေရိကမှ အခြား အပူပိုင်းဒေသများသို့ ရောက်ရှိသည်။

## ဇာတိပ္ဖိုလ်မျိုးရင်း

ဇာတိပ္ဖိုလ်သည် အရှေ့ပိုင်း အင်ဒိုနီးရှားတွင် ပေါက်သော ဇာတိပ္ဖိုလ်ပင်၏ အစေ့ဖြစ်သည်။ အစေ့ဖုံးကို အခြောက်ခံပြီး အမွှေးအကြိုင် ဇာပွင့်အဖြစ် သုံးသည်။ မျိုးစိတ် ၂၅၀ တို့မှာ အမြဲစိမ်းချုံပင် သို့မဟုတ် သစ်မာပင်များ ဖြစ်သည်။ အနံ့ရှိသောသစ်သားနှင့် အနီရောင်သစ်ရည်ရှိသည်။ ရွက်ထီးဖြစ်ပြီး အဖိုပင်၊အမပင် သီးခြားဖြစ်သည်။အစေ့တွင် ကြက်သွေးရောင်အစေ့ဖုံးရှိသည်။



ဇာတိပ္ဖိုလ်ပင်၏ ကြက်သွေးရောင်အစေ့ဖုံးရှိသော အစေ့ကို အသီးထဲတွင် မြင်နိုင်သည်။

## လော်ရယ်မျိုးရင်း

'လော်ရယ်'မျိုးရင်းဝင် မျိုးစိတ် ၁၁၀၀ တွင် သစ်ကြံပိုး၊ ပရုတ်နှင့် ထောပတ်သီးပင်တို့ ပါဝင်သည်။ အနံ့ ရှိသော ချုံပင် သို့မဟုတ် သစ်မာပင်များဖြစ် သည့် လော်ရယ်ပင်များ၏ ဒေသရင်းမှာ အပူပိုင်း အရှေ့တောင်အာရှ ဖြစ်သည်။ ဒွိလိင်ရှိသော အပွင့်ငယ်များနှင့် အတွင်းခံ့မာသီး သို့မဟုတ် ဗယ်ရီသီးရှိ၏။ ထောပတ်သီးတွင် ဆီနှင့် ဗီတာမင် များစွာပါဝင်၏။ဟင်းခတ် အမွှေးအကြိုင်ဖြစ်သော သစ်ကြံပိုးခေါက်သည် အိန္ဒိယနှင့် သီရိလင်္ကာတို့မှ အများအပြား ထွက်သည်။




လော် ရယ် ပင်၏ အ ရွက် ကို ဟင်းခတ် အ မွှေး အ ကြိုင် အ ဖြစ် သုံး၏။ ၎င်း၏ ဒေ သ ရင်း မှာ မြေထဲ ပင် လယ် ဒေ သ ဖြစ်သည်။



ဆီများသည့် အမြဲစိမ်း ထောပတ်သီးပင်၏ ဒေသရင်းမှာ အမေရိက အပူပိုင်းဒေသများ ဖြစ်သည်။



'ဗင်ဇွိုင်း' သစ်မာပင်



ပရုတ်ပင်



ဟင်းခတ် အမွှေးအကြိုင် ရရှိသော သစ်ကြံပိုးပင်

## ပေါ်ပီမျိုးရင်း

မျိုးစိတ် ၂၅၀ အနက် ဘိန်းပင်ကိုသာ ထိုင်းမှိုင်းဆေးအတွက်စိုက်ပျိုးခဲ့သည်။ ၎င်းဆေးသည် ရှေးအခါကပင် ဆေးဝါးဖော်စပ်ရာ၌ အရေးပါခဲ့သည်။ ရှေးနှစ်ရာပေါင်းများစွာကတည်းကပင် ဘိန်းပင်ကို အာရှ၌ စိုက်ပျိုးခဲ့သည်။

ဘိန်း၊ 'မော်ဖင်း' နှင့် 'ဟီးရိုးအင်း'တို့ကို တရားဝင် ဆေးဝါး အဖြစ်လည်းကောင်း၊တားမြစ်ထားသော မူးယစ်ဆေးဝါး အဖြစ်လည်းကောင်း သုံးစွဲကြသည်။ မူးယစ်ဆေးဝါးတို့၏ အဓိကအန္တရာယ်မှာ ဆေးစွဲစေခြင်းပင်ဖြစ်သည်။ ဆေးစွဲသည့်အခါ အဆင့်ဆင့်တိုး၍သုံးစွဲပြီး နောက်ဆုံးတွင် သေသည်။ ထိုင်းမှိုင်းစေခြင်းမရှိသော ပေါ်ပီစေ့များကို အစားအစာ ရနံ့သင်းစေရန် သုံးသည်။ ၎င်းတို့မှ ဆီရသည်။

အခြားပေါ်ပီမျိုးတို့မှာ ကာလီဖိုးနီးယားပြည်နယ်အထိမ်းအမှတ်ဖြစ်သော ရွှေရောင်ပွင့်သည့် ပေါ်ပီနှင့် ဥရောပ စစ်တလင်းပြင်များကို ဖုံးလွှမ်းခြင်းဖြင့် စစ်၏အနိဋ္ဌာရုံကို အမှတ်တရဖြစ်စေခဲ့သော 'ပြောင်းပေါ်ပီ'တို့ဖြစ်သည်။




နာကျင်ကိုက်ခဲခြင်း ပျောက်စေသော မော်ဖင်း နှင့် အန္တရာယ် ဖြစ်စေသော ဟီးရိုးအင်းများ ထွက်သည့် ဘိန်းပင်ဖြစ်သည်။ ၎င်းတို့ကို တူရကီပြည်နှင့် ''ရွှေတြိဂံနယ်မြေ''ဟုဆိုသော ထိုင်း၊ လာအိုနှင့် မြန်မာနယ်စပ်တွင် စိုက်ပျိုးသည်။



အရှယ်လတ် နှစ်နှစ်ခံပင်'ကိုရီဒဲလစ် အင်ဆိုက်ဆာ'



နှစ်ရှည်ခံ'ငှက်တောင်ပေါ်ပီ'ပင်



ရွှေရောင်ပွင့်သောတနှစ်ခံ 'ကာလီဖိုးနီးယား ပေါ်ပီ'ပင်



အဆိပ်ဖြစ်စေသော လိမ္မော်ရောင် နို့စေး ထွက်သည့် 'ဂရိတ်တား ဆယ်လန်ဒိုင်း'ပင်

## ဂေါ်ဖီထုပ်မျိုးရင်း

အလွန်အရေးပါသော မျိုးရင်းကြီးဖြစ်သည်။ မျိုးစိတ် ၂၅၀၀ တွင် ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ မုန်လာ စသည်တို့ ပါဝင်သည်။

သစ်ပျော့ပင်ဖြစ်ပြီး ရွက်လွှဲအနေအထားရှိသည်။ အစုလိုက်ပွင့်တဘ်သော အပွင့်တိုင်းတွင် ပွင့်ဖတ်၊ ပွင့်ချပ်နှင့် ဝတ်ဆံဖိုလေးခုစီရှိပြီး ကြက်ခြေပုံအနေအထားရှိသည်။ အချို့မျိုးစိတ်ကို အလှစိုက်သည်။



နှစ်ပွင့်ထပ်ရှိသော 'စတော့'ပင်



စားသုံးနိုင်သော ရေမုန်ပင်



ဂေါ်ဖီထုပ်ပင်သည် နှစ်နှစ်ခံ ဟင်းသီး ဟင်းရွက်ပင် ဖြစ်သည်။ ၎င်း၏ အရွက်များသည် အရည်ရွှမ်း၊ အသားထူပြီး စားကောင်းသည်။

## ရေတကောင်းမျိုးရင်း

ဤမျိုးရင်းဝင်အပင်တို့သည် အာရှအပူပိုင်း၊ မဒါဂါစကာနှင့် ဩစတြေးလျ မြောက်ပိုင်းတို့တွင် ပေါက်သည်။ အရွက်များသည် ရေတကောင်းပုံသဏ္ဍာန် ရှိသည်။ ၎င်းအတွင်းတွင် ရေခံထားနိုင်သည်။ 'အင်းဆက်'ပိုးကိုလည်း ထောင် ဖမ်းပြီး ကြေညက်စေနိုင်သည်။ အရွက်တရွက်စီတွင် ရွက်ပြားပိုင်း၊ နွယ်မောင်း ပိုင်းနှင့် အဖုံးပါသည့် ရေတကောင်းသဖွယ် အပိုင်းတို့ပါဝင်သည်။ အင်းဆက် ပိုးသည် ရေတကောင်းအဝမှ ဝင်လာသောအခါ အတွင်းသို့လိမ့်ကျပြီး ရေနစ် သေဆုံးသည်။ ထိုအခါ အစာခြေအက်ဆစ်များက အင်းဆက်ပိုးကို ကြေညက် စေသည်။ ထို့ကြောင့် ဤမျိုးစိတ်များကို သားစားပင်များဟု ခေါ်သည်။



မလေးရှားတောင်တန်းများပေါ်တွင်ပေါက်သော ရေတကောင်းပင်

## နေနှင်းပေါက်မျိုးရင်း

ဗီးနပ်ထောင်ချောက်ပင်သည် ထူးဆန်းသော 'ဒရော်ဆာရေးစီး' မျိုးရင်းဝင်မျိုးစိတ် ၁၀၀ တွင် ပါဝင်သည်။ ၎င်း၏အရွက်ပေါ်ရှိ ခလုတ်မွေးရှည်တခုခုကို အင်းဆက်ပိုး ထိလိုက်လျှင် ရွက်ပြားနှစ်ခြမ်းပိတ်သွား၏။ ထိုအခါ အရွက်ရှိ အဖုများမှ ထွက်လာသော အစာခြေအက်ဆစ်များက အင်းဆက်ပိုး၏ ပျော့သောအပိုင်းများကို ကြေညက်စေ၏။ ခြေထားသော အရည်ကို အရွက်က စုပ်ယူပြီးသောအခါ ရွက်ပြားနှစ်ခြမ်း ပြန်ပွင့်လာပြီး အင်းဆက်ပိုးအခွံကို စွန့်ထုတ်၏။ နေနှင်းပေါက်ပင်တွင် အရွက်ပေါ်ရှိ စေးကပ်သော အမွေးငယ်များက အင်းဆက်ပိုးလာနားလျှင် ဖမ်းထားနိုင်၏။ အများအားဖြင့် ဩစတြေးလျတွင် ပေါက်သော သားစားသစ်ပျော့ပင်များ ဖြစ်သည်။



သစ်ပုပ်ညွန်များထဲတွင် ပေါက်သော နေနှင်းပေါက်ပင်



အမေရိကန်အရှေ့တောင်ပိုင်းရှိ ညွန်များတွင်ပေါက်သော **ဗီးနပ်ထောင်ချောက်ပင်** ဖြစ်သည်။ စားထားသော ပိုးနားသန်ကောင်၏အခွံကို ပုံတွင်တွေ့နိုင်သည်။

## ရွက်ကျပင်ပေါက်မျိုးရင်း

ရွက်ကျပင်ပေါက်မျိုးရင်းဝင်အပင်တို့ကို ဩစတြေးလျနှင့် တောင်အမေရိကမှလွဲ၍ ပူပြင်းခြောက်သွေ့သော ဒေသတိုင်းတွင်တွေ့နိုင်သည်။ ရေသိုလှောင်သည့် ဖယောင်းဆန်သော အရွက်ထူများရှိသည်။ ဤနှစ်ရှည်ခံ သစ်ပျော့ပင်တို့သည် ပင်စည်မှဖြစ်စေ၊ အရွက်တရွက်မှဖြစ်စေ အပင်သစ်ပေါက်နိုင်သည်။



ရွက်ကျပင်ပေါက်၏ ဒေသရင်းမှာ မဒါဂါစကာဖြစ်ပြီး ယခုအခါ အပူပိုင်းဒေသများတွင် ပေါက်သည်။ ၎င်းသည် ဆေးဖက်ဝင်သည်။



အရှေ့မြောက်အာရှ ကျောက်ထူထပ်သည့် နေရာရှိ 'ဆီဒန် ကန့်ရှာတီကမ်'



ပဒုမ္မာကြာနှင့်တူသော အရွက်ရှိသည့် 'ဂျပန် ဆီဒန်'ပင်



နှစ်ရှည်ခံ 'ဟောက်စလိ' ပင်သည် ရွက်ကျပင်ပေါက် မျိုးရင်းဝင်ဖြစ်ပြီး ဥရောပရှိ ကျောက်ထူထပ်သောနေရာတို့တွင် ပေါက်သည်။




တွားသွားသော 'ဆက်ကဇီဖရက်'ပင်၏ အကိုင်းမှ အမြစ်ထွက်တွယ်ပြီးအပင်သစ် ပေါက်သည်။

## ကျောက်ခွဲမျိုးရင်း

ဤမျိုးရင်းဝင် မျိုးစိတ် ၁၂၀၀ တို့သည် ကျောက်ထူထပ်သော တောင်များပေါ်တွင် ပေါက်ပြီး အမြစ်များက ကျောက်တုံးများကို အက်ကွဲစေသည်။ ထို့ကြောင့် ကျောက်ခွဲပင်ဟုခေါ်သည်။ အချို့ မျိုးစိတ်များကို ဥယျာဉ်တွင် စိုက်သည်။ လူသိအများဆုံးမှာ ခြောက်လပန်းပင် ဖြစ်သည်။ ပန်းရောင် သို့မဟုတ် အပြာနုရောင် အပွင့်များ ပွင့်သည်။

ကျောက်ခွဲပင်၏အရွက်တို့သည် နှင်းဆီပွင့်ပုံ အနေအထားရှိသည်။

## ဝစ်ဟေဇယ်မျိုးရင်း

အယူသည်းမှုများကြောင့်'ဝစ်ဟေဇယ်' (စုန်းမဟေဇယ်) အမည်ရလာခြင်း ဖြစ်ဟန်ရှိသည်။ ဤအပင်၏ ခက်ရင်းခွပုံအကိုင်းသည် မြေအောက်ရေရှိသည့် နေရာသို့ရောက်လျှင် အောက်ဘက်သို့ ထိုးစိုက်ကျခြင်းဖြင့် ရေကြောရှာဖွေရန် အသုံးဝင်သည်ဟု အယူရှိကြ၏။

'ဟေဇယ်' ပင်တို့ကို လိမ်းဆေး ဖော်စပ်ရာတွင် သုံးသည်။

ဝစ်ဟေဇယ်မျိုးရင်းဝင် မျိုးစိတ် ၁၀၀ ခန့် ရှိပြီး ရွက်ထီး၊ ဒွိလိင် သို့မဟုတ် လိင်တမျိုးတည်းသာပါသော အပွင့်များ ရှိသည်။

## ပလိန်းမျိုးရင်း

'ပလိန်း'မျိုးရင်းတွင် မြောက်အမေရိကနှင့် အနောက်အာရှရှိ သစ်မာပင်များ ပါဝင်ပြီး မျိုးစိတ်ရှစ်ခုသာရှိသည်။ ပလိန်းပင်ကို အလွှာကြီးများအဖြစ် ကွာထွက်သောအခေါက်ကြောင့် လူသိများသည်။

'လန်ဒန်ပလိန်း'ပင်ကို မြောက်ဘက်သမပိုင်းဒေသတွင် စိုက်သည်။




ခြောက်လပန်းပင်သည် ပူနွေးသော သမပိုင်းဒေသများတွင် ပေါက်သည်။



'ပါနက်ဆတ်'မြက်ပင်သည် သစ်ပျော့ပင် ဖြစ်သည်။



'ဒူဇီယာပင်' သည် အရှေ့အာရှရှိ ချုံပင်ငယ် ဖြစ်သည်။



နရွဲပင်သည်ဆူးရှိသောချုံပင်ငယ်ဖြစ်ပြီးအသီးကို ယိုလုပ်နိုင်သည်။ အစိမ်းစားနိုင်သည်။




သမပိုင်းဒေသရှိ ဝစ်ဟေဇယ်ပင်ကို အလေ့ကျပေါက်ပင်အဖြစ်လည်းကောင်း၊ ဥယျာဉ်စိုက် ချုံပင်အဖြစ်လည်းကောင်း တွေ့ရသည်။




ကြံ့ခိုင်ပြီး ကြည့်ကောင်းသော ပလိန်းပင်ကို တောင်ပိုင်းဥရောပတွင် လမ်းဘေးတလျှောက်စိုက်သည်။



ဆောင်းဟေဇယ်ပင်သည် ဥယျာဉ်စိုက်ချုံပင် ဖြစ်သည်။



လန်ဒန်ပလိန်းပင်ကို လမ်းဘေးတလျှောက်တွင် စိုက်သည်။

# နှင်းဆီမျိုးရင်း

နှင်းဆီမျိုးရင်းကြီးတွင် မျိုးစိတ် ၃၂၀၀ ပါဝင်သည်။ နှင်းဆီသာမက သစ်တော်၊ စထရော်ဗယ်ရီ၊မက်မုန်၊ မက်မန်း၊ ချယ်ရီ၊တရုတ်နှင်းသီးပင်၊ ပန်းသီးပင်တို့လည်း ပါဝင်သည်။

ကမ္ဘာအနှံ့၌ပင် နှင်းဆီကို သီချင်း၊ ပုံပြင်နှင့် ကြည်နူးဖွယ်ဇာတ်လမ်းများတွင် ထည့်လေ့ရှိသည်။နှင်းဆီဆိုလျှင် လှပသည့်အပွင့်ကိုသာ မြင်ကြသည်။ သို့သော် အပွင့်ပင်များသာမက သမပိုင်းရှိ အသီးပင်အများစုလည်း ဤမျိုးရင်းတွင် ပါဝင်သည်။ သစ်ပျော့ပင်၊ ချုံပင်နှင့် သစ်မာပင် သုံးမျိုးစလုံး ရှိသည်။

အရွက်တို့သည် ရွက်လွှဲအနေအထားရှိပြီး ရွက်စွယ်ပါသည်။ အပွင့်သည် ဒွိလိင်ဖြစ်ပြီး ဝတ်ဆံဖို အမြောက်အမြားရှိ၏။ မအင်္ဂါအုံအရေအတွက်သည် တပင်နှင့်တပင် ကွာခြားသည်။ မျိုးစိတ်အနည်းငယ်သည် အဆိပ်အတောက်ဖြစ်တတ်၏။ သို့သော် နှင်းဆီပင်တိုင်း ဆူးချွန်များပါသဖြင့် အန္တရာယ်ရှိသည်။



'ကွင်းအယ်လိဇဘက်' နှင်းဆီသည် မျိုးစပ်ပင် ဖြစ်သည်။



'ဂရေ့စဖူးပိ' နှင်းဆီသည်လည်း မျိုးစပ်ပင် ဖြစ်သည်။



'စပိုင်ရီယာ ပရူနီဖိုလီယာ'သည်ရွက်ကြွေချုံပင်ငယ် ဖြစ်သည်။



အိန္ဒိယ စထရော်ဗယ်ရီပင်တွင် အရသာမရှိသော အသီးများ ရှိသည်။



'ဂျပန် ကွင့်'ပင်တွင် လှပသောအနီရောင် အပွင့်များ ရှိသည်။



'ဟော် သွန်' ပင်တွင် စားကောင်းသည့် အသီးရှိသည်။









ဝဲဘက်မှ ယာဘက်အထိ ပုံများတွင် ပန်းသီးပင်များ၏ အပွင့်များမှ ကျွန်ုပ်တို့ စားရသော အသီးများဖြစ်ပေါ်လာပုံကို တွေ့မြင်နိုင်သည်။ ပွင့်ခြားဝတ်မှုန်ကူးပေးခြင်းဖြင့် ပိုမို အရည်အသွေးကောင်းသော ပန်းသီးများ ရရှိနိုင်သည်။ 'ဂိုးလဒင်းဒီလီရှတ်' (ဝဲ) နှင့် 'စတားကင်း' (ယာ) ကဲ့သို့သော မျိုးပြားများ ဖြစ်ပေါ်လာသည်။



'ခွေးနှင်းဆီ' သည် အင်္ဂလန်၏ အမျိုးသားပန်း ဖြစ်သည်။




တရုတ်နှင်းသီးပင်သည် အပူလျော့ပိုင်းရှိ အမြဲစိမ်း ချုံပင်ငယ် ဖြစ်သည်။ ဆောင်းရာသီတွင်ပွင့်ပြီး နွေဦးရာသီတွင် သီးသည်။




နွေဦးရာသီတွင်ပွင့်သော တောင်ကုန်းချယ်ရီပင်ကို လူသိများသည်။ မှည့်နေသော ချယ်ရီသီးများ (ယာ) ဖြစ်သည်။




မက်မုန်ပင်ကိုပူနွေးသော သမပိုင်းဒေသများတွင်စိုက်သည်။လက်ယာဘက်တွင် အမွေးထူအသီး၊ လက်ဝဲဘက်တွင် ပန်းရောင်အပွင့်များ ဖြစ်သည်။




အရှေ့တိုင်းသစ်တော်သီးပင် (အထက်) တွင် လုံးဝန်းသော အသီးရှိသည်။ အနောက်တိုင်း သစ်တော်သီးမှာမူ အညှာဘက်တွင် ရှည်ထွက်နေသည်။ အသီးများသည်ချို၏။




တရုတ်ပြည်ဒေသရင်းဟု ယူဆရသော တရုတ်နှင်းသီးပင်ကို ဂျပန်နိုင်ငံတွင် အစိုက်များသည်။ အသီးကိုအစိမ်းဖြစ်စေ၊ ယိုလုပ်၍ဖြစ်စေ စားနိုင်သည်။




'ပရူနတ် ဒိုမက်စတီကာ'မက်မန်းမျိုးသည်ရွက်ကြွေသစ်မာပင်ငယ်ဖြစ်ပြီး စားကောင်းသော အသီးရှိသည်။ အသီး (ယာ) ကို အစိမ်းဖြစ်စေ၊ အခြောက်ပြုလုပ်၍ ဖြစ်စေ စားနိုင်သည်။ အဖြူရောင်အပွင့်များ(ဝဲ)ဖြစ်သည်။




'ပရူနတ် မူမီ' (ဝဲ) တွင် အပွင့်ကြွေပြီးနောက် အစေ့အိမ်မှ အသီး ဖြစ်လာသည်။ ၎င်းသည် 'ပရူနတ် တိုမင်တိုဆာ'၏ အသီး (ယာ) နှင့် တူသည်။



စထရော်ဗယ်ရီပင်သည် နိမ့်သဖြင့် အသီးသန့်ရှင်းစေရန် အပင်အောက်တွင် ကောက်ရိုးပုံပေးရသည်။



စထရော်ဗယ်ရီပင်စည်အဆစ်မှ အမြစ်များ ထွက်သည်။ အမေရိကန်တောင်ပိုင်းတွင် အဓိကစိုက်သည်။



'ရတ်စဗယ်ရီ'ပင်သည် ဆူးရှိသော ချုံဖုတ်ပင် ဖြစ်သည်။ 'ရှူးဗတ်' မျိုးစုဝင် ဖြစ်သည်။

# ပဲမျိုးရင်း

မျိုးစိတ် ၁၃၀၀၀ ရှိသော ပဲမျိုးရင်းသည် နေကြာနှင့် သစ်ခွမျိုးရင်းများပြီးလျှင် တတိယအကြီးဆုံး မျိုးရင်းဖြစ်သည်။ ပဲမျိုးပင်တို့ကို ကမ္ဘာအနှံ့အပြားတွင် တွေ့နိုင်သည်။ ၎င်းတို့တွင် ပရိုတင်းအများဆုံး ပါဝင်သည်။

ကိုယ်ခန္ဓာ၏ 'ဆဲလ်' တိုင်းတွင် မရှိမဖြစ်သော ပရိုတင်းကို ပဲမျိုးပင်များ ရှိသောကြောင့်သာ အလွယ်တကူ ရနိုင်သည်။



'ဂျပန်ကလိုဗာ' ပင်သည် ကွင်းပြင်များနှင့် ကမ်းစပ်တို့တွင် ပေါက်၏။

ပဲမျိုးပင်များကို လူတို့ စားသုံးသည့် အစေ့များပါသော အသီးများ အရ အလွယ်တကူ သိနိုင်သည်။ ပဲမျိုးပင်တို့၏ အသီးများ ရင့်မှည့်သော အခါ အက်ကွဲသည်။ ၎င်းတို့၏ အမြစ်များပေါ်တွင် အမြစ်ဖုများ ရှိသည်။ ၎င်းအမြစ်ဖုများအတွင်းရှိ 'ဗက်တီးရီးယား'များက လေထဲရှိ 'နိုက်ထရိုဂျင်' ကို အပင်အတွက် အာဟာရဖြစ်သော 'နိုက်ထရိတ်' ဒြပ်ပေါင်း ဖြစ်အောင် ပြောင်းပေးသည်။ ပဲမျိုးပင်များကို စိုက်ခြင်းဖြင့် ယာသမားများအတွက် အကျိုးကျေးဇူးနှစ်မျိုးရရှိသည်။ပရိုတင်းများစွာပါဝင်သော သီးနှံကိုရရှိခြင်းနှင့် မြေဆီလွှာကို အာဟာရဖြည့်ပေးခြင်းတို့ ဖြစ်သည်။

ပဲမျိုးရင်းကို ထိကရုံးမျိုးရင်းငယ်၊ ငုမျိုးရင်းငယ်နှင့် စားတော်ပဲမျိုးရင်းငယ်ဟူ၍ ထပ်မံခွဲထားသည်။ မျိုးရင်းငယ် တခုနှင့်တခုကို အပွင့်ပုံသဏ္ဍာန်ဖြင့် ခွဲခြားသိနိုင်သည်။

## ထိကရုံးမျိုးရင်းငယ်

ထိကရုံးမျိုးပင်တို့သည် အများအားဖြင့် အပူပိုင်းတွင်ပေါက်သည်။ ထိကရုံးပင်ကို အနည်းငယ်ထိလိုက်ရုံဖြင့် အရွက်များငိုက်ကျသွားပြီး မိနစ်အနည်းငယ်ကြာမှ နဂိုအနေအထားသို့ ပြန်ရောက်သည်။ 'အကေးရှား'ပင်များလည်း ဤမျိုးရင်းငယ်တွင် ပါဝင်သည်။

ထိကရုံးပွင့်တို့သည်ဝတ်ဆံဖိုရှည်လျားသည့်အပွင့်ငယ်များဖြစ်ပြီး ဦးခေါင်းငယ်ပန်းခိုင်အသွင် တည်ရှိသည်။



သော်ကကြီးပင်သည် မြန်မာနိုင်ငံ၏ ကျက်သရေဆောင် အမြဲစိမ်းအပင် ဖြစ်သည်။



အကေးရှားပင်သည် ပူနွေးခြောက်သွေ့သော ဒေသ၊ အထူးသဖြင့် သြစတြေးလျတွင် ပေါက်သည်။



ထိကရုံးပင်ကို အပူပိုင်းတွင် တွေ့ရတတ်သော်လည်း ဒေသရင်းမှာ တောင်အမေရိက ဖြစ်သည်။



'ပီတိုင်း' ပင်သည် အရှေ့တောင်အာရှရှိ သစ်မာပင် ဖြစ်သည်။ အစေ့များကို စားနိုင်သည်။



ရွှေးပင်သည် အပူပိုင်းအာရှရှိ သစ်မာပင် ဖြစ်သည်။ ရွှေးစေ့ကို ရွှေချိန်ရာတွင် သုံးသည်။

## ငုမျိုးရင်းငယ်

အပူပိုင်းဒေသရှိ လှပသော အပွင့်ဆောင်သစ်မာပင် များစွာပါဝင်သည်။ နွေးသော သမပိုင်းဒေသတို့တွင် သစ်ပျော့ပင်၊ ချုံပင်နှင့် သစ်မာပင်များ အသွင်ဖြင့်ပေါက်သည်။ ပွေးကိုင်းသီးကို ဝမ်းနုတ်ဆေးတွင် သုံးသည်။ သဘော်မဲဇလီပင်ကို မှိုကြောင့် **အရေပြားတွင်ဖြစ်သောရောဂါအတွက် သုံးသည်။**



ဝတ်ဆံဖိုအရင်းရှိ ဝတ်ရည်ကိုစားသုံးရန်လာသော ငှက်များ က ကသစ်ပင်ကို ဝတ်မှုန်ကူးပေးသည်။



ချုံပင်ငယ်ဖြစ်သော သဘော်မဲဇလီပင်၏ ဒေသရင်းမှာ အပူပိုင်းအမေရိက ဖြစ်သည်။ ရင်းကို မှိုကြောင့်အရေပြားတွင်ဖြစ်သောရောဂါအတွက် သုံးသည်။



'ဆီဆယ်ပီနီယာ ဂျပွန်နီကာ' သည်ချုံပင် ဖြစ်သည်။



'တရုတ် အဖူးနီ' ပင်ကို အလှ စိုက်သည်။



အဝါရောင် ပွင့်သော အင်္ဂလိပ် မဲဇလီပင် သည် အပူပိုင်းရှိ ရွက်ကြွေ သစ်မာပင်ငယ် ဖြစ်သည်။



စိန်ပန်းကလေးပင်သည်အမြဲစိမ်းချုံပင်ငယ်ဖြစ်သည်။ အပွင့် လှသောကြောင့် အပူပိုင်းဒေသတွင် စိုက်သည်။



စိန်ပန်းပင်သည် ရွက်ကြွေသစ်မာပင် ဖြစ်သည်။ အပူပိုင်း ဒေသတဝန်းတွင် လူသိများသည်။

## စားတော်ပဲမျိုးရင်းငယ်

စား ကောင်း သော ပဲမျိုးပင်အားလုံး ဤမျိုးရင်းငယ်တွင် ပါဝင်သည်။ မျိုးရင်းငယ်သုံးခုအနက် ဤမျိုးရင်းငယ်သာလျှင် အပူပိုင်းဒေသ သမပိုင်းပါ ပေါက်သည်။ များသောအားဖြင့် သစ်ပျော့ပင်များ ဖြစ်သည်။ ၎င်းတို့သည် အခြားအပင်များကိုဖြစ်စေ၊ ထောင်မတ်သောအရာဝတ္ထုကိုဖြစ်စေ နှာမောင်းများဖြင့် နွယ်တက်သည်။ အပွင့်သည် လိပ်ပြာပုံ ဖြစ်သည်။ စားရသော ပဲအမျိုးမျိုး ပါဝင်သည့် အုပ်စုဖြစ်၍ အလွန်အရေးပါသည်။



အရှေ့အာရှရှိ 'ဝစ်စတီးရီးယား' ပင်သည် ရစ်နွယ်ချုံပင် ဖြစ်သည်။ တွဲလဲကျနေသည့် ရနံ့သင်းသော ပန်းခိုင်များ ရှိသည်။



မြေပဲသည် အဓိကစားသုံးသီးနှံ တစ်မျိုးဖြစ်သည်။ ပုံတွင် အပွင့်၊ အသီးနှင့် အမြစ်ဖုများ ကို တွေ့နိုင်သည်။





ပဲသီးဖြစ်ပေါ်ပုံ အဆင့် သုံးဆင့်။ သန္ဓေအောင်ပြီးသော အပွင့် (ဝဲ)၊ အပွင့်ကြွေပြီးနောက် ကျန်ခဲ့သော အစေ့အိမ် (အလယ်)၊ အစေ့အိမ် ဖွံ့ဖြိုးရင့်မှည့်ပြီး ဖြစ်ပေါ်လာသော အခွံနှစ်ခြမ်းပါသည့် ပဲသီးတောင့် (ယာ)



တောင်ပိုင်း ဥရောပရှိ 'လူပင်' ခေါ် ပဲပင်



တိရစ္ဆာန်အစာဖြစ်သော တောပဲပင်



တိရစ္ဆာန်အစာဖြစ်သော 'ကလိုဗာ' အဖြူပင်



နယူးဂီနီ သစ်မာတွားသွားပင်



အသားကဲ့သို့ပရိုတင်းများသော ပဲပုပ်စေ့ရသည့် ပဲပင်



'ဆိုက်တီဆတ် စကိုပေးရီးယတ်' ပဲပင်



အဆုပ်လိုက်ပွင့်သော တောပဲပင်တစ်မျိုး



တိရစ္ဆာန်အစာ ကလိုဗာအနီပင်



အလှစိုက်သော ပဲမွှေးပန်းပင်

## ကျောက်ပန်းမျိုးရင်း

ကျောက်ပန်းတို့သည် အများအားဖြင့် သစ်ပျော့ပင်များဖြစ်သည်။ ရောင်စုံပွင့်သောမျိုးစိတ် ၇၅၀ ခန့်သည် သမပိုင်းနှင့်အပူလျော့ပိုင်းဒေသတို့တွင် ဖြစ်ထွန်းသည်။ အပင်အချို့တွင် လိမ္မော်ကဲ့သို့ ရနံ့နှင့်အခြားရနံ့များ ရှိသည်။

ပွင့်ဖတ်ငါးခုနှင့် ပွင့်ချပ်ငါးခု ရှိသည်။ 'ကက်ပဆူး'သီးသည် ရင့်မှည့်ချိန်တွင် ရုတ်တရက် ပေါက်ကွဲပြီး အစေ့များလွင့်ထွက်ကာ မျိုးပြန့်ပွားသည်။

## စောင်းလျားမျိုးရင်း

မျိုးရင်းဝင်မျိုးစိတ် ၁၀၀၀ အနက် များစွာသောအပင်တို့၏အရွက်နှင့်ပင်စည်တွင် 'အောက်ဇာလစ်အက်ဆစ်' ပါဝင်သောကြောင့် အချဉ်ဓာတ် ရှိသည်။ သို့သော် မျိုးစိတ်တမျိုး၏အသီးမှာ အလွန်အရည်ရွှမ်းပြီး အရသာချိုသည်။

အများအားဖြင့်သစ်ပျော့ပင်များဖြစ်သည်။သို့သော်သစ်မာပင်အချို့လည်း ရှိသည်။ အပူပိုင်း သို့မဟုတ် အပူလျော့ပိုင်း ဒေသတို့တွင် တွေ့နိုင်သည်။ အချို့အပင်၏အရွက်များသည် ညအခါတွင် အိပ်သည်။



'ဂျရေနီယမ် အီရီယိုစတီမွန်' သည် မြက်ခင်းတွင် ပေါက်သည်။



ဂျပန်နိုင်ငံရှိ 'ဂျရေနီယမ် ခရာမာရီ' သည် နွေနှောင်းတွင် ပွင့်သည်။



'အောက်ဇာလစ်' ပင်များသည် နွေနှောင်းတွင် ပွင့်သည်။ ပန်းရောင်နှင့် အဝါရောင်အပွင့်များ အဆုပ်လိုက်ပွင့်သည်။



တောင်အာဖရိကရှိ 'ပယ်လာဂိုနီယမ် ဆက်ဇမိုနီယမ်' မှ ဆီမွှေးရသည်။



စောင်းလျားပင်သည် အမြဲစိမ်းသစ်မာပင်ငယ် ဖြစ်သည်။ အသီးသည် အရည်ရွှမ်းပြီး စားကောင်းသည်။

## တောင်ကြာပန်းမျိုးရင်း

ထင်ရှားသောအပွင့်များအတွက် ဥယျာဉ်မှူးများ တန်ဖိုးထားသည့် အပင်များ ဖြစ်သည်။ မျိုးစိတ် ၈၀ အနက် အများစုမှာ ဗဟိုနှင့် တောင်အမေရိကရှိ တောင်များပေါ်တွင် ပေါက်သော သစ်ပျော့နွယ်ပင်များ ဖြစ်သည်။ အပွင့်မှာ ဒွိလိင်ဖြစ်ပြီး အနီ၊အဝါ၊လိမ္မော်ရောင် ရှိသည်။အရွက်ဝိုင်းသည်။အနွယ်တူသော မျိုးစိတ်များကို မျိုးစပ်ရာမှ မျိုးပြားများစွာ ရရှိသည်။



အမေရိကတိုက်များမှ တောင်ကြာပန်းပင်သည် တပွင့်ချင်း သို့မဟုတ် နှစ်ပွင့်ထပ်ပွင့်သည်။ အရွက်များကို အစိမ်းစားနိုင်သည်။



'လစ်ဂနမ် ဗိုက်တေ'၏ မူလဒေသမှာ အပူပိုင်းအမေရိက ဖြစ်သည်။

## လစ်ဂနမ် ဗိုက်တေမျိုးရင်း

လစ်ဂနမ် ဗိုက်တေမျိုးရင်းဝင် မျိုးစိတ် ၂၀၀ ခန့်အနက် အများစုမှာ သစ်ပျော့ပင် သို့မဟုတ် ချုံပင်များဖြစ်ပြီး သစ်မာပင် အနည်းငယ်သာ ပါဝင်သည်။ မျိုးစိတ်တမျိုး၏သစ်သားမှာ အလွန်မာပြီး ကြာရှည်ခံသောကြောင့် ပန်ကာဝင်ရိုးနှင့် စက်သီးများပြုလုပ်ရန်သုံးသည်။ သစ်သားအလွန်လေးသောကြောင့် ရေတွင် မြုပ်သည်။

လစ်ဂနမ် ဗိုက်တေမျိုးရင်းဝင်အပင်များကို အပူပိုင်းဒေသတဝန်းတွင် တွေ့နိုင်သည်။ ရွက်ပေါင်းများနှင့် ဒွိလိင်အပွင့်များ ရှိသည်။

## ဘီသွာလျှော်မျိုးရင်း

ဘီသွာလျှော် မျိုးရင်းသည် ယဉ်ကျေးမှုအစလောက်ကပင် အသုံးဝင်ခဲ့သည်။ ကျောက်ခေတ်လူတို့သည် ၎င်းလျှော်မျှင်များဖြင့် အထည်ပြုလုပ်ခဲ့သည်။ပထမဦးဆုံး စိုက်ပျိုးပင် တစ်မျိုးဖြစ်သည်ဟု ယုံကြည်ကြသည်။ ရှေးအီဂျစ်လူမျိုးတို့သည် ဘီသွာလျှော်မျှင်ဖြင့် အဝတ်စရက်လုပ်ပြီး မမ်မီအလောင်းများကိုရစ်ပတ်ကြသည်။ ယခုခေတ်တွင်လည်း အထည်၊ကြိုး၊ပိုက်ကွန်၊ရွက် ပြုလုပ်သည်။မျိုးစိတ်တမျိုးမှရသောလင်းစေ့ဆီကို သဘောဆေးနှင့်အရောင်တင်ဆီတွင် သုံး၏။

မျိုးစိတ် ၂၀၀ ခန့်ရှိပြီး အများစုသည် သမပိုင်းရာသီဥတုရှိသည့်ဒေသတွင် ကောင်းစွာ ပေါက်သည်။

## ရှောက်မျိုးရင်း

ဤမျိုးရင်းဝင်ဖြစ်သော လိမ္မော်၊ သံပရာ၊ ကျွဲကော၊ သံပရို၊ ရှောက်ချို အစရှိသည့်အပင်တို့၏အသီးများမှာ ဗီတာမင်စီကြွယ်ဝသော စီးပွားဖြစ်အပင်များဖြစ်သည်။ ရှေးဦးစွာ တရုတ်ပြည်နှင့် အိန္ဒိယပြည်တို့တွင် စိုက်ပျိုးခဲ့သည်။ သက္ကရာဇ် ၁၀၀၀ ခန့်တွင် မြေထဲပင်လယ်ဒေသ၌ စိုက်ပျိုးလာသည်။ စပိန်နှင့် ပေါ်တူဂီလူမျိုးများက ကမ္ဘာသစ်သို့ ယူဆောင်လာခဲ့ပြီး ယခုအခါတွင် အမေရိကန်ပြည်ထောင်စု၏ အဓိကစိုက်ပျိုးပင် တစ်မျိုးဖြစ်သည်။

မျိုးစိတ်၁၃၀၀တွင် ချုံပင်၊ သစ်ပျော့ပင်နှင့် သစ်မာပင်များအပြင် အခမ်းအနားပြင်ဆင်ရန်အတွက်သာသုံးနိုင်ပြီး အသီးမသီးသောအပင်များလည်းပါဝင်သည်။ အသီးမှာ'ဗယ်ရီ'၊ အတွင်းခွံမာသီး သို့မဟုတ်'ကက်ပဆူး'များဖြစ်သည်။



ဘီသွာလျှော်ပင်သည် အေး၍ စိုစွတ်သော ဒေသတွင်ပေါက်သည်။ ၎င်း၏လျှော်ကို ရှေးခေတ်အီဂျစ်လူမျိုးတို့ အထည်ရက်လုပ်သည်။



ရှောက်ချိုသီး အခွံတွင် ထူးခြားသည့် အနံ့ရှိသော ဆီအဖုများပါသည်။



တရုတ်လိမ္မော်ပင်၏ အပွင့်များ



တ ရုတ် လိ မ္မော် ပင်



'ဗုဒ္ဓလက်ချောင်းတော်များ' ခေါ် ရှောက်မျိုး



'ဆစ်ထရတ် ဂျပွန်နီကာ' အသီး



'ဆစ်ထရစ်အက်ဆစ်' ရသော သံပရိုသီး



အနောက်အိန္ဒိယကျွန်းစုရှိ 'ဟွန်ဒူရတ် မဟော်ဂနီ'ပင်မှအဖိုးတန် သစ်သား ရရှိသည်။



အယ်လပိုင်း တောင်တန်းတွင်ပေါက်သည့် ပေါ်လီဂလာမျိုးစိတ်တစ်မျိုး

## မဟော်ဂနီမျိုးရင်း

'မဟော်ဂနီ'မျိုးရင်းဝင် မျိုးစိတ် ၁၀၀ တို့တွင် တန်ဖိုးအရှိဆုံး သစ်သားရရှိသော အပင်အချို့ ပါဝင်သည်။ အချို့အပင်များသည် မြင့်မားတင့်တယ်သည့် သစ်မာပင်ကြီးများဖြစ်ပြီး အချို့မှာ သစ်မွှေးရရှိသည့် ချုံပင် သို့မဟုတ် သစ်မာပင်ငယ်များ ဖြစ်သည်။ များသောအားဖြင့် အာဖရိကနှင့် အမေရိက တို့၏ ပူနွေးသောအပိုင်းများတွင် ပေါက်သည်။

ဤမျိုးရင်းနှင့် ဆက်စပ်သည့် 'ပေါ်လီဂလေးစီး'မျိုးရင်းတွင် မျိုးစိတ် ၇၀၀ ခန့် ပါဝင်သည်။ နယူးဇီလန်မှအပ ကမ္ဘာ့အနှံ့ ပေါက်သည်။

## သီဟိုဠ်သရက်မျိုးရင်း

ဤမျိုးရင်းတွင် အရသာရှိသော သီဟိုဠ်သရက်ပင်နှင့် သရက်ပင်များအပြင် ဘေးဖြစ်စေတတ်သော အဆိပ်ဝက်သစ်ချနှင့်'ရင်ဂတ်'ပင်တို့လည်းပါဝင်သည်။

မျိုးစိတ် ၆၀၀ အနက် အများစုမှာ အပူပိုင်းဒေသတွင် ပေါက်ပြီး သစ်စေး၊ ကော်စေး၊ ယွန်းဆေးများ ရရှိသည်။ ၎င်းအစေးများထိမိလျှင် လောင်ခြင်း၊ ရောင်ရမ်းခြင်း ဖြစ်တတ်သည်။ အချို့မတဲ့သူများအတွက် နာကျင်ခြင်း၊ ရောင်ရမ်းခြင်းတို့သည် ပြင်းထန်လျှင် သေနိုင်သည်။



သီဟိုဠ်သရက်ပင်မှ လောင်စေတတ်သော သစ်ရည် ထွက်သည်။ အသီးဆန်များကို မစားမီ ကောင်းစွာ လှော်ရမည်။



သရက်သီး



အနံ့သင်းသောဒွိလိင်ရှိသရက်ပွင့်ငယ်များ



မလေးရှားရှိ အမြဲစိမ်းသစ်မာပင် 'ဂလူတာ ရင်ဂတ်'သည် အစေးလောင်တတ်သည်။



အရှေ့အာရှရှိ သစ်စေးပင်မှ ထွက်သည့် သစ်စေးရည်ကို ယွန်းထည်ပြုလုပ်ရာတွင် သုံးသည်။



ဖယောင်းရသည့် ဖယောင်းပင်

# ရာဘာမျိုးရင်း

မျိုးစိတ် ၇၃၀၀ အနက် အရေးပါဆုံးအပင်မှာ ရာဘာပင် ဖြစ်သည်။ အခြား အသုံးဝင်ပစ္စည်းများ ရနိုင်သည့် အပင်များလည်း ပါဝင်သည်။ ခရစ္စမတ် အချိန်၌တွေ့ရသော လှပသည့် ဂနိုင့်ကျက်သရေပင် (ခရစ္စမတ်ပန်းပင်) များ မှအစ မုန့်လုပ်စားရသော ပီလောပီနံပင်နှင့် ကြက်ဆူဆီရရှိသော ကြက်ဆူ ပင်များအထိ ဖြစ်သည်။ ကြက်ဆူဆီကို ဆေး၊ ဆပ်ပြာ၊ ဖယောင်းတိုင်နှင့် အရောင်တင်ဆီ ပြုလုပ်ရာတွင် သုံးသည်။ 'ဂေါက်ဝိ'ပင်မှ ဆီထွက်သောအစေ့ များကို အဆစ်ရောင်ရောဂါကုသရာတွင် သုံးခဲ့ဖူးသည်။

နယ်သစ်ရှာဖွေသောပေါ် တူဂီတို့ဘရာဇီးသို့စရောက်သည့်အခါတွင်ရာဘာ ဘောလုံးများနှင့် ကစားနေသော နယ်ခံလူများကို တွေ့ရှိရာမှ ဥရောပတိုက် သားတို့ ရာဘာကို စတင်သိရှိကြသည်။ ရာဘာပင်၏ဒေသရင်းသည် ဘရာဇီး နိုင်ငံ ဖြစ်သည်။ သို့သော် အပင်ပေါက်များသည် အင်္ဂလန်မှတဆင့် ပူနွေး စွတ်စိုသည့် ရာသီဥတုရှိသော စင်ကာပူသို့ တဖြည်းဖြည်း ရောက်လာသည်။ ယခုအခါတွင် ရာဘာတုကို ရေနံစိမ်းမှ ပြုလုပ်နေပြီ။ သို့သော် အရှေ့တောင် အာရှတွင် သဘာဝရာဘာသည် အရေးပါဆဲပင် ဖြစ်သည်။

ရာဘာပင်၏အခေါက်ကို လှီးဖြတ်၍ ရာဘာနို့စေးခံယူသည်။ အစေးခဲ သွားစေရန် အက်ဆစ်ထည့်သည်။ အခဲကို တလိမ့်များဖြင့်ညှပ်၍ အရည်ကို ညှစ်ထုတ်ပြီးနောက် မှိုတက်၍ပျက်စီးခြင်းမှ ကာကွယ်ရန် ကျပ်တင်သည်။



ရာဘာပင်၏ဒေသရင်းမှာ ဘရာဇီးနိုင်ငံဖြစ်ပြီး ၎င်းမှ အဖြူရောင် ရာဘာနို့စေး ရသည်။



မလေးရှားနိုင်ငံတွင် အဘွားအိုတဦး ရာဘာ နို့စေးခြစ်နေသည်။



ပင်စည်တွင် ရှည်လျားစွာ ခြစ်ထားသော နေရာမှ နို့စေးများကျနေသည်။



ဥယျာဉ်စိုက် ရွက်လှပင်များသည် အလှစိုက်ချုံပင်များ ဖြစ်သည်။ ရောင်စုံအရွက် များမှာ ပုံသဏ္ဌာန်အမျိုးမျိုးရှိပြီး အများအားဖြင့် တွန့်လိမ် နေတတ်သည်။ ၎င်းတို့၏ ဒေသရင်းမှာ အင်ဒိုနီးရှားနိုင်ငံ ဖြစ်သည်။ ဤအပင်တမျိုးမှ ရရှိသော အဆီကို ဝမ်းနုတ်ဆေးအဖြစ် သုံးသည်။







ရှားစောင်းပြာသာဒ်ပင်သည် ကြီးမားသော သစ်မာပင် ဖြစ်သည်။

'မက်ကရင်ဂါ'ပင်၏ အကိုင်း (ဝဲ)၊ အသားထူပင်စည်ရှိသည့် ဂေါက်ဝိပင် (ယာ)၏ ဒေသရင်းမှာ ဗဟိုအမေရိက ဖြစ်သည်။



ပီလောပီနံပင်သည် အပူပိုင်းဒေသများစွာတို့တွင် ဖြစ်ထွန်းသည်။ မြင့်သော သစ်ပျော့ပင်ဖြစ်ပြီး စားကောင်းသော အရွက်များ ရှိသည်။ ကစီအပြည့် ပါဝင်သော 'ကျူဗာမြစ်' ရှိသည်။



နယူးဂီနီမှ ကြောင်မြီးပန်း ပင် တွင် အနီရောင် ကြောင်မြီးပန်းခိုင်များ ရှိသည်။



ကြက်ဆူပင်သည် သစ်ပျော့ပင် သို့မဟုတ် ပင်လုံးပျော့သော ချုံပင် ဖြစ်သည်။ အပူပိုင်းဒေသများတွင် အလေ့ကျပေါက်ပင်နှင့် စိုက်ပျိုးပင်အဖြစ် တွေ့ရ၏။ မူလဒေသမှာ အာဖရိက ဖြစ်သည်။ ကြက်ဆူဆီကို အစေ့မှထုတ်ယူရသည်။



ဂနိုင့်ကျက်သရေပင်တွင် အချို့အရွက်တို့မှာ ကြီးမားပြီး အနီရောင်ရှိသောကြောင့် အပွင့်ဟု အထင်မှားတတ်သည်။ နှင်းဆီပွင့်ပုံ အနေအထားရှိသော အနီရောင် အရွက်များ၏အလယ်တွင် အဝါရောင် အပွင့်ငယ်များကို တွေ့ရသည်။



'ယူဖော်ဗီယာ ဟယ်လီယိုစကိုပီယာ' (ယာ) သည် ဥရောပတဝန်းတွင် ပေါက်သည်။ မဒါဂါစကာမှ 'ယူဖော်ဗီယာ စပလင်ဒင်'(ယာအစွန်) သည်သဲကန္တာရ တပိုင်း ဒေသများ၌ ပေါက်သည်။



## ဟောဲလီမျိုးရင်း

အနောက်တိုင်းခရစ္စမတ်ပွဲတော်တို့တွင် သုံးသည့် အစိမ်းရင့်ရောင်အရွက်၊ အနီရောင်အသီးတို့ဖြင့်လှပသော 'ဟော်လီ'မျိုးရင်းဝင်အပင်များကိုလူသိများသည်။ မျိုးစိတ် ၃၀၀ အနက် တမျိုးကို လက်ဖက်ခြောက်အဖြစ် သုံးသည်။ ရွက်ထီးရှိသော ချုံပင် သို့မဟုတ် သစ်မာပင်များဖြစ်သည်။ အရွက်များဆုံသည့်နေရာတွင် အစိမ်းရောင်သမ်းသည့် သေးငယ်သော အပွင့်များကို စုပြုံလျက် တွေ့ရသည်။



ဟော်လီပင်သည် အမြဲစိမ်းပင်ငယ်ဖြစ်ပြီး ဒေသရင်းမှာ ဥရောပဖြစ်သည်။







## မေပယ်မျိုးရင်း

'မေပယ်' မျိုးရင်းဝင် မေပယ်ပင်တို့မှ နွေရာသီတွင် အရိပ်ရသည်။ နွေဦးတွင် တင်လဲရသည်။ ဆောင်းဦးတွင် အရွက်များ ခြောက်သွေ့ချိန်၌ တောက်ပသော အရောင်များရှိသည်။ ဤမျိုးရင်းဝင် အပင်တမျိုးဖြစ်သော 'ဆစ်ကမိုး' ပင်၏ အသားကို တယောအကောင်းစားပြုလုပ်သည်။မေပယ်ရွက်သည် ကနေဒါနိုင်ငံ၏ အထိမ်းအမှတ် ဖြစ်သည်။

မျိုးစိတ် ၂၅၀ ခန့်ကို မြောက်ဘက် သမပိုင်း ဒေသတို့တွင် တွေ့ရသည်။ သစ်မာပင်ဖြစ်စေ၊ ချုံပင်ဖြစ်စေ အားလုံး အရွက်ကြွေသည်။ မေပယ်မျိုးစိတ် အချို့မှရသော သစ်ရည်ကို တင်လဲရည်အဖြစ် သုံးနိုင်သည်။မေပယ်သစ်သားကို ပရိဘောဂများပြုလုပ်ရန် တန်ဖိုးထားသည်။



ဥယျာဉ်စိုက်မေပယ်ပင်



ရေမျှောပင်

## ရေမျှောမျိုးရင်း

ဤမျိုးရင်းဝင်အပင်တို့တွင် ကြီးမားလုံးဝန်း၍ အခွံထူသော အစေ့များရှိသည်။ အစေ့အရောင်မှာ ပြောင်လက်ပြီး နီညိုရောင် ဖြစ်သည်။ 'ချက်စနတ်' သီးများနှင့်တူသော်လည်း အရသာခါးပြီး အဆိပ်အတောက်ပင် ဖြစ်နိုင်သည်။ မျိုးစိတ် ၂၄ မျိုးခန့်မှာ သစ်မာပင် သို့မဟုတ် ချုံပင်များဖြစ်သည်။



လိုင်ချီးသီး၏ အဖြူရောင် အသားနုကို စားနိုင်သည်။

## ဆပ်ဗယ်ရီမျိုးရင်း

'ဆပ်ဗယ်ရီ' မျိုးရင်းဝင် ဆပ်ဗယ်ရီ (ကုလားကင်ပွန်း) ပင်၏အသီးတွင် ဆပ်ပြာကဲ့သို့ အမြှုပ်ထွက်သည့် ပစ္စည်းပါဝင်သောကြောင့် အဝတ်လျှော်ရန် ဂျပန်ပြည်၊ တရုတ်ပြည်တို့တွင် သုံးခဲ့ဖူးသည်။ မျိုးစိတ် ၁၀၀၀ တွင် ကြက်မောက်၊ တောကြက်မောက်နှင့် 'လိုင်ချီး'ပင်များပါဝင်သည်။ အသီးများကို စည်သွတ် သို့မဟုတ်အအေးစိမ်ပြီးရောင်းသည်။

သစ်မာပင်၊ချုံပင်နှင့်နွယ်ပင်များ ပါဝင်သည်။ရွက်ပေါင်းများရှိသည်။




အရှေ့ အာရှရှိ ဆပ်ဗယ်ရီပင်သည် အရွယ်လတ်သစ်မာပင်ဖြစ်ပြီး ၎င်း၏ အသီးမှ အဆိပ်ဖြစ်စေတတ်သော 'ဆပိုနင်' ထွက်သည်။



ကုလားမျက်စိပင်၏ အသီးသည် မီးအိမ်နှင့်တူသည်။



ကြက်မောက်သီး၏ အသားနုသည် ချို၏။




ပန်းရောင်နှင့်အဖြူရောင်ပွင့်သောတနှစ်ခံဒန်းပန်းပင်

## ဒန်းပန်းမျိုးရင်း

မျိုးစိတ်၄၅မျိုး၏ အသီးတို့သည် ရင့်မှည့်ချိန်တွင် အနည်းငယ်ထိရုံမျှဖြင့်ပေါက်ကွဲပြီး အစေ့များကိုပြန့်ကျဲစေသည်။ စိုစွတ်သောနေရာများတွင် ပေါက်လေ့ရှိသည်။ အပူပိုင်းအာရှနှင့် အာဖရိကတွင် ပေါများသည်။ အသားထူသောပင်စည်ရှိသည့် သစ်ပျော့ပင်များ ဖြစ်သည်။ ပွင့်ချပ်ငါးခုအနက်တခုတွင် ဝတ်ရည်ပါသည်။

## စပျစ်မျိုးရင်း

စပျစ်ပင်တို့သည် ရှေးအကျဆုံးစိုက်ပျိုးပင်တို့အနက် တစ်မျိုးဖြစ်သည်။ အသီးမှရသောအရည်သည် ဝိုင်အရက်ပြုလုပ်ရန် အခြေခံဖြစ်သည်။

ဝိုင်အရက်ပြုလုပ်ခြင်းမှာ ‘အောက်ဆီဂျင်’ ကင်းမဲ့သည့် အခြေအနေတွင် စပျစ်သကြားကို ‘အယ်လကိုဟော’ အဖြစ် ပြောင်းလိုက်ခြင်းဖြစ်သည်။ စပျစ်သီးများကို ခြေထားပြီး အချဉ်ဖောက်သည်။ ထိုအခါ အရည်ထဲရှိ သကြားကို တဆေးပင်၏ အင်ဇိုင်းများက အယ်လကိုဟောနှင့် ‘ကာဗွန်ဒိုင်အောက်ဆိုဒ်’ အဖြစ် ပြောင်းလိုက်သည်။ အနံ့အရသာကောင်းစေရန် စည်များထဲတွင် အလုံပိတ်ပြီး နှစ်အတော်ကြာ ထားရသည်။ စပျစ်သီး အမျိုးအစားပေါ်တွင် မူတည်ပြီး ဝိုင်အရက်အဖြူ သို့မဟုတ် အနီဖြစ်လာသည်။

အပင်အများစုသည် သစ်မာပင်စည်ရှိသော နွယ်ပင်ဖြစ်သည်။



‘ဗာလဆာ’ပင်မှ ပေါ့ပါးနူးညံ့သော သစ်သားရသည်။ ၎င်း၏ ဒေသရင်းမှာ အပူပိုင်းအမေရိက ဖြစ်သည်။



‘အမျိုးသမီးလက်ချောင်း’ခေါ် မျိုးစပ် စပျစ်ပင် ဖြစ်သည်။



ဝိုင်စပျစ်ပင်၏ ဒေသရင်းမှာ မြေထဲပင်လယ် ဖြစ်သည်။



အကြမ်းခံသော ‘ဟွန်ကင်ယာ ဖီစီဖိုလီယာ’ ၏အရွက်မှ အသုံးဝင် လျှော်မျှင်ရသည်။



အရှေ့တောင်အာရှရှိ‘ဗိုက်တစ် ထရိုင်ဖိုလီယာ’၏ အသီးသည် မစားကောင်းပေ။

## ဂုန်လျှော်မျိုးရင်း

ဂုန်လျှော်မျိုးရင်းဝင် အပင်တို့မှရရှိသော လျှော်မျှင်တို့သည် ဝါဂွမ်းပြီးလျှင် အသုံးအဝင်ဆုံးနှင့် အပေါများဆုံးဖြစ်သည်။ ဥရောပရှိ‘လင်ဒင်’ပင်မှအဖိုးတန် ဗတ်သစ်သား ရသည်။

အပူပိုင်းတွင်သာတွေ့ရသောမျိုးစိတ် ၃၅၀ ခန့်မှာ သစ်ပျော့ပင်၊ချုံပင်နှင့် သစ်မာပင်များဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်မှ ဂုန်လျှော်အများဆုံး ထွက်သည်။ ၎င်းကို အိတ်များ၊ ကြိုးများ ပြုလုပ်သည်။

## ခေါင်ရန်းမျိုးရင်း

ခေါင်ရန်းနှင့်ဝါပင်တို့သည် ဤမျိုးရင်းတွင်ပါဝင်သည်။ ဝါပင်ကိုအိဂျစ်နှင့်ပီရူးနိုင်ငံတို့တွင် သမိုင်းမတင်မီကပင် စိုက်ပျိုးခဲ့သည်။ ဝါမှရက်လုပ်သော ချည်ထည်သည် လူသုံးများသည်။ သစ်ပျော့ပင် သို့မဟုတ် ချုံဖုတ်ပင်ဖြစ်သော ဝါပင်၏ 'ကက်ပဆူး'သီးသည် ရင့်မှည့်ချိန်တွင်အက်ကွဲသည်။ ထိုအခါ အစေ့ပဘ်လည်ရှိ ဝါဂွမ်းမျှင်များ ပေါ်လာသည်။ ၎င်းတို့ကို အထည်ရက်လုပ်သည်။ ဝါစေ့မှ ဆီထွက်သည်။

မျိုးစိတ် ၁၅၀၀ တွင် သစ်မာပင်များအပြင် သစ်ပျော့ပင်နှင့် ချုံပင်များလည်း ပါဝင်သည်။ မျိုးစိတ်အချို့ကို တိရစ္ဆာန်အစာအဖြစ် သုံးပြီး အချို့ကိုမူ အလှစိုက်၏။ ရုံးပတီကို စားသုံးသူများသည်။







'ဟစ်ဗစ်စကတ်' တရုတ်မျိုး (ဝဲ)၊ ဟစ်ဗစ်စကတ် ဆီးရီးယားမျိုး (ယာ)၊ ဟစ်ဗစ်စကတ် ဂျပန်မျိုး (အလယ်)



အနောက်အာရှရှိ ပန်းချဉ်ပေါင်ပင်သည် အလွန်မြင့်သော သစ်ပျော့ပင် ဖြစ်သည်။ ဥယျာဉ်စိုက်ပင်အဖြစ် လူကြိုက်များသည်။



ရုံးပတီသည် အပူပိုင်းဒေသတဝန်းရှိမြင့်သော သစ်ပျော့ပင် ဖြစ်သည်။ အသီးစားရန် စိုက်သည်။



ခေါင်ရန်းမျိုးစိတ်များစွာတို့သည် နေ့အချိန်တွင် အရောင်ပြောင်းသည်။ သုံးပန်လှပွင့်တို့သည် နံနက်တွင် အဖြူ၊ ညနေတွင် ပန်းရောင်သို့ ပြောင်းသည်။



ဤအိန္ဒိယဝါပင်မျိုးသည် ချုံပင်ဖြစ်သည်။ အခြားဝါပင်မျိုးများသည် သစ်ပျော့ပင် ဖြစ်သည်။

## သဘော်လက်ပံမျိုးရင်း

ဤမျိုးရင်းဝင် သစ်မာပင်တမျိုးသည် ဟောလိဝုဒ် ကျော်ကြားမှုတွင် အထောက်အကူပြုသည်။ တောင်အမေရိကရှိ 'ဗာလဆာ' ပင်၏ သစ်သားသည် အလွန်ပေါ့ပါးနူးညံ့သောကြောင့် ရုပ်ရှင်ရိုက်ကူးရာတွင် လေယာဉ်ပုံစံငယ်များမှသည် ပရိဘောဂအတုများအထိ ပြုလုပ်ရန်သုံးသည်။ လူကြမ်းကဇာတ်လိုက်၏ခေါင်းကို ၎င်းသစ်သားဖြင့် ပြုလုပ်ထားသော ကုလားထိုင်ဖြင့် ရိုက်သောအခါ ကုလားထိုင်ကျိုးသွားသော်လည်း နာကျင်ထိခိုက်ခြင်းမရှိပေ။

အများအားဖြင့် အမေရိကတိုက်များမှဖြစ်ပြီး အချို့ကို အရှေ့တောင်အာရှနှင့် အာဖရိကတွင် တွေ့နိုင်သည်။ မျိုးစိတ် ၁၄၀ ခန့်တွင် 'ဗေအိုဗတ်'ပင်လည်း ပါဝင်သည်။ ၎င်းမှအစားအစာ၊ အမျှင်၊ အရိပ်နှင့် ဆေးဝါး ရရှိသည်။



အာဖရိကရှိ ဗေအိုဗတ်ပင်တွင် ရေသိုလှောင်ထားသော ပင်စည်မကြီး၊ သစ်ငုတ်သဖွယ် အကိုင်းအခက်များနှင့် အဖြူရောင် အပွင့်ကြီးများ ရှိသည်။ အညာရှည်ရှိသော အသီးများတွဲလဲကျနေသည်။ ပင်စည်မှ လျှော်မျှင်ရသည်။ အသားနုကို ဖျော်ရည်ပြုလုပ်နိုင်သည်။ အသီးနှင့်အရွက်ကို စားနိုင်သည်။

## ကိုကိုးမျိုးရင်း

ကိုကိုး၊ချောကလက်နှင့်ကိုလာဖျော်ရည်များကို ကိုကိုးမျိုးရင်းဝင်အပင်များမှ ရရှိသည်။ ကိုကိုးဟူသောစကားလုံးမှာ အမေရိကရှိ မာယာအင်ဒီးယန်း တို့၏ စကားအရ ဖျော်ရည်ခါးဟု အဓိပ္ပာယ်ရသည်။ မျိုးစိတ် ၇၅၀ ပါဝင်သည်။

အများစုမှာ အပူပိုင်းချုံပင် သို့မဟုတ် သစ်မာပင်များဖြစ်သည်။အသီးများ အသားထူပြီး ပျဉ်းတွဲသောအခွံရှိသည်။ အစေ့ကို အချဉ်ဖောက်၍လှော်ကာ ကြိတ်ထောင်းပြီးနောက် ကိုကိုး၊ချောကလက်နှင့် ကိုကိုးထောပတ်ပြုလုပ်သည်။











တရုတ်ပြည်နှင့် ဂျပန်ပြည်ရှိ 'စူလတန် ဘုရင်၏ထီး'ပင်သည် ဆောင်းဦးတွင် ပထမဆုံး အရွက်ကြွေသည်။ တရုတ်ပြည်တွင်တူရိယာပစ္စည်းများ ပြုလုပ်ရန် သုံးသည်။



ဒူးရင်းပင်သည် အရှေ့တောင်အာရှရှိ အမြဲစိမ်းပင် ဖြစ်သည်။ အနံ့ပြင်းသော အသီးကို အချို့က နှစ်သက်စွာ စားသုံးသည်။



သဘော်လက်ပံပင်၏ အသီးခွံအတွင်းရှိ ရှည်လျား ဖွံ့ဖွေးသော အမျှင်များကို ကူရှင်၊ မွေ့ရာနှင့် အသက်ကယ် အင်္ကျီများတွင် ထည့်ရန် လဲမှို့အဖြစ် သုံးသည်။



ကိုကိုးသီး၏ အစေ့များမှ ကိုကိုးနှင့်ချောကလက်ရသည်။ချောကလက် အနံ့အရသာရရန် အစေ့များကို အချဉ်ဖောက်ရသည်။

## ဝါမီယာမျိုးရင်း

သစ်မာပင်နှင့်ချုံပင်ဖြစ်သော 'ဝါမီယာ' မျိုးရင်းဝင် မျိုးစိတ် ၂၇၅ မျိုးတို့၏ ဒေသရင်းမှာ အာရှ၊ အမေရိကနှင့် ဩစတြေးလျတို့ဖြစ်သည်။ အရွက်နှင့်အပွင့်များ အလွန်ကြီးသည်။ အသီးများသည် အမြောက်ဆန်အရွယ်အထိရှိနိုင်သည်။ ၎င်းတို့သည် ခြောက်သွေ့ပြီး မစားကောင်းပေ။

## လက်ဖက်မျိုးရင်း

လက်ဖက်ရည်သည် ကမ္ဘာတွင် အကျော်ကြားဆုံး အဖျော်ယမကာ တစ်မျိုးဖြစ်သည်။ ဂျပန်လူမျိုးတို့၏ ဇင်အခမ်းအနားသည် လက်ဖက်ရွက်ကို ရေနွေးတွင် ခတ်၍ သောက်ခြင်းမှ အခြေခံ၍ ဖြစ်ပေါ်လာသည်။ ဗြိတိသျှလူမျိုးတို့၏ တနေ့တာအချိန်တွင် "လက်ဖက်ရည်သောက်ချိန်" သည် အရေးပါသော အချိန်ပိုင်း ဖြစ်သည်။

အရေးပါသော မျိုးရင်းဝင်အပင်မှာ လက်ဖက်ပင် ဖြစ်သည်။ မျိုးစိတ် ၅၀၀ အနက် အများစုသည် အပူလျော့ပိုင်းတွင်ပေါက်သည်။ လက်ဖက်ပင်အရိုင်းသည် မြင့်သောချုံပင်ဖြစ်သည်။ စိုက်ပျိုးပင်မှာ အရွက်ခူးသဖြင့် ၁.၅ မီတာထက်မမြင့်ချေ။ အချဉ်မဖောက်သော အရွက်နုများကို အဖန်ခြောက်ပြုလုပ်၍ အချဉ်ဖောက်ထားသောအရွက်များကို အချိုခြောက် ပြုလုပ်သည်။



အရှေ့တောင်အာရှရှိ 'ဝါမီယာ ဆတ်ဖရူတီကိုဆာ' သည် အမြဲစိမ်းချုံပင်ဖြစ်သည်။ အသီးကို ငှက်များစားသည်။



မလေးရှားနိုင်ငံ၊ ကင်မရွန် ကုန်းမြင့်ပေါ်တွင် လေးလံသောခြင်းများကို ပိုး၍ လက်ဖက်ခူးနေသူများဖြစ်သည်။



လက်ဖက်ပင် (ယာ) သည် အမြဲစိမ်းချုံပင်ဖြစ်ပြီး ဒေသရင်းမှာ တရုတ်ပြည်ဖြစ်သည်။ 'ကမ်မီလီယာ ဆာဆန်ကွာ' (ဝဲ)

## မင်းကွတ်မျိုးရင်း

မျိုးစိတ် ၅၅၀ တို့သည် အပူပိုင်းဒေသတွင်ပေါက်သော သစ်မာပင်နှင့် ချုံပင်များဖြစ်သည်။ ၎င်းတို့၏သစ်သားသည် အလွန်မာပြီး ခိုင်ခံ့သဖြင့် လှေ၊ ဗီရိုစသည်တို့ပြုလုပ်ရာတွင်သုံးသည်။ ကံ့ကော်သည်ဤမျိုးရင်းဝင်အပင်ဖြစ်သည်။

မင်းကွတ်မျိုးစိတ်များတွင် စားကောင်းသောအသီးနှင့် အပွင့်များရှိသည်။ အချို့မျိုးစိတ်တို့တွင် ထူထဲကြီးမားသော အရွက်များရှိသည်။ ၎င်းတို့အနက် 'အော်တိုဂရတ်' ပင်၏ အရွက်ပေါ်တွင် ကလေးများနှင့် ချစ်သူများက အမည်များကို ရေးတတ်ကြသည်။



မင်းကွတ်ပင်တွင်အရသာရှိသော အသီး ရှိသည်။ ပန်းရောင်ဖြစ်သောအသီးခွံသည် အဝတ်များကို အဝါရောင်စွန်းစေသည်။



ဂျာဗားမှ အိန္ဒိယအထိ အလေ့ကျပေါက်သော ကံ့ကော်ပင် ဖြစ်သည်။



အော်တိုဂရတ်ပင်သည် သစ်ကပ်ပင်ဖြစ်ပြီး ၎င်း၏အမြစ်များက လက်ခံပင်ကို တဖြည်းဖြည်းမျိုသည်။




‘စိန့်ဂျွန်စဝပ်’ပင်သည် ဂျပန်နိုင်ငံတောင်ကုန်းများပေါ်တွင်ပေါက်သော နှစ်ရှည်ခံပင် ဖြစ်သည်။ တချိန်က ရိုးရာဆေးဖော်ရာတွင် သုံးသည်။








နှစ်ရှည်ခံပင် ဂျပန် ‘ဗိုင်အိုလာ ဂရစ်ပိုဆာရက်’ (အထက်)၊ ဥရောပရှိ ‘ပင်စီ’ ပင် (ယာ)

## စိန့်ဂျွန်စဝပ်မျိုးရင်း

စိန့်ဂျွန်စဝပ်မျိုးရင်းဝင် မျိုးစိတ် ၃၅၀ တို့တွင် သစ်ပျော့ပင်၊ ချုံပင်နှင့် သစ်မာပင် စသည်တို့ ပါဝင်သည်။ ရွက်ဆိုင် သို့မဟုတ် စက်ဝိုင်းပတ် အနေအထားရှိသော အရွက်တွင် အနက်ရောင် ဆီအဖုများ ပါရှိသည်။ အပွင့်တွင် ပွင့်ဖတ်၊ ပွင့်ချပ်ငါးခုစီနှင့် ဝတ်ဆံဖိုများစွာ ပါဝင်၏။ ၎င်းတို့၏ဒေသရင်းမှာ သမပိုင်းဒေသများနှင့်အပူပိုင်းဒေသရှိတောင်များ၏ဆင်ခြေလျှောများဖြစ်၏။

## ကညင်မျိုးရင်း

မျိုးစိတ် ၃၀၀ တို့သည် အာရှ၏အပူပိုင်းမိုးသစ်တောများတွင် ပေါက်ရောက်ကြီးစိုးသော သစ်မာပင်များ ဖြစ်သည်။ မျိုးစိတ်များစွာတို့မှ အဖိုးတန်သစ်သား ရရှိသည်။ အရှေ့တောင်အာရှတွင် ဤသစ်တောများကို ဝင်ငွေရရန်နှင့် စိုက်ပျိုးရန်မြေအတွက် ခုတ်လှဲကြသည်။ ငါးနှစ်မှ ဆယ်နှစ်အတွင်း တကြိမ်သာ ပွင့်သည်။ ပွင့်ဖတ်နှစ်ခုမှာ အတောင်သဖွယ် ဖြစ်နေသဖြင့် အသီးကြွေကျသည့်အခါ အတောင်ခတ်နေသောငှက်နှင့်တူသည်။

## ဗိုင်အိုလက်မျိုးရင်း

‘ဗိုင်အိုလက်’မျိုးရင်းဝင် မျိုးစိတ် ၈၅၀ ခန့်၏ ထက်ဝက်မှာ ‘ဗိုင်အိုလာ’ မျိုးစုဖြစ်ပြီး နူးညံ့သေးငယ်လှပသော ရောင်စုံအပွင့်များကြောင့်ဥယျာဉ်စိုက်သူများတန်ဖိုးထားသည်။ နှစ်သက်ဖွယ်ကောင်းသော ပင်စီပင်လည်း မျိုးရင်းဝင်တစ်မျိုး ဖြစ်သည်။

ဗိုင်အိုလက်ပွင့်တွင် ပွင့်ဖတ်ငါးခုနှင့် ပွင့်ချပ်ငါးခု ရှိသည်။ အောက်ဆုံးရှိ ပွင့်ဖတ်သည်ပိုကြီးပြီး အတက် သို့မဟုတ် အိတ်ပါသည်။ ဗိုင်အိုလက်မျိုးစိတ်များစွာတို့သည် နွေဦးတွင်ပွင့်သည်။

## သီတင်းမျိုးရင်း

မျိုးစိတ် ၂၄ မျိုးသာရှိသည်။ ၎င်းတို့အနက် နှုတ်ခမ်းဆိုးဆေးပင်၏ အစေ့မှ ထွက်သော လိမ္မော်နီအရောင်ကို နှုတ်ခမ်းဆိုးဆေးအတွက် သုံးသည်။ အစာဆိုးဆေးအဖြစ်လည်း သုံးသည်။

ဤအပင်အမျိုးစု၏ဒေသရင်းမှာ အပူပိုင်းအမေရိက ဖြစ်သည်။ နှုတ်ခမ်းဆိုးဆေးပင်တွင် အနီရောင်သစ်ရည်နှင့် အစေ့များစွာပါသော အသီးရှိသည်။ အသီးတို့တွင် အသားထူသော အနီရောင်အခွံ ရှိသည်။ အရွက်သည် ရွက်ထီးဖြစ်ပြီး ကြောင်လိမ်ပုံ အနေအထားရှိသည်။



သစ်မာရသော ‘ရှိုရီးယား ကာတစ်ဆီအိုင်’



အတောင်နှစ်ခုပါသော ကညင်သီး



သီတင်းသီးမှ နှုတ်ခမ်းဆိုးဆေးတွင်သုံးသော ဆိုးဆေး ရသည်။

## စူကာမျိုးရင်း

မျိုးစိတ်၆၀၀ခန့်အနက် အများစု၏ဒေသရင်းမှာ အပူပိုင်းအမေရိကဖြစ်သည်။

အပင်များသည် နွယ်ပင်များဖြစ်ပြီး ရွက်ထီး သို့မဟုတ် ရွက်ပေါင်းများမှာ ရွက်လွှဲအနေအထား ရှိသည်။ အပွင့်တွင် ပွင့်ဖတ်နှင့် ပွင့်ချပ် ငါးခုစီ ရှိသည်။ စူကာပန်းများသည်ကြက်သွေးရောင်ဖြစ်သောကြောင့်ခရစ်တော်၏နောက်ဆုံးအချိန် ခံစားချက်ကို ဖော်ဆောင်၍ ခရစ်တော်၏ ဝေဒနာ ပန်း ဟုလည်း ခေါ်သည်။



စူကာပင်သည် တောင်အမေရိကမှ ဖြစ်သည်။



စူကာသီး၏ အသားနုထဲ၌ အစေ့များရှိသည်။

## သဘော်မျိုးရင်း

ဤမျိုးရင်းတွင် သဘော်ပင်သည် လူသိများပြီး အကျော်ကြားဆုံးဖြစ်သည်။ သဘော်သီးတွင် ဗီတာမင်အေနှင့်စီ များစွာပါဝင်သည်။ ကမ္ဘာပေါ်ရှိပူနွေးစွတ်စိုသော နိုင်ငံတိုင်းတွင် ပေါက်သည်။ မျိုးရင်းဝင်သစ်ပျော့ပင်ငယ်များမှ ထွက်သော နွားနို့ရောင်သစ်ရည်ဘွင် 'ပက်ပိန်း' ခေါ် 'အင်ဇိုင်း' ပါဝင်သည်။ ၎င်းအင်ဇိုင်းသည် ပရိုတင်းများကို 'အေမီနိုအက်ဆစ်'များအဖြစ် ဖြိုခွဲနိုင်သည်။

သဘော်ပင်စည်မှ အကိုင်းအခက်ဖြာလေ့မရှိ။ ရိုးတံရှည်သော အရွက်ကြီးများသည် ပင်စည်မှ ကြောင်လိမ်ပုံ ရစ်ပတ်ထွက်သည်။ အဖိုပင်နှင့် အမပင် သီးခြားဖြစ်သည်။မျိုးစိတ်အားလုံး၏ဒေသရင်းမှာအပူပိုင်းအမေရိကဖြစ်သည်။



ဗီတာမင်ကြွယ်ဝ၍ အရသာရှိသည့် အသီးကြောင့် လူသိများသော သဘော်ပင်

## ကြေပန်းမျိုးရင်း

မျိုးစိတ် ၇၀၀တို့သည် အပူပိုင်းဒေသတွင် ပေါက်သည်။ လှပသောအပွင့်များနှင့် အရွက်များရှိသည်။ သမပိုင်းဒေသများတွင် အိမ်၌ အလှစိုက်ပင်များအဖြစ် စိုက်သည်။

အချို့ကြေပန်းမျိုးစိတ်တို့သည် သစ်ပျော့ပင်ဖြစ်ပြီး အသားထူသည့်ပင်စည်များရှိသည်။ ရောင်စုံပြောက်ကျား အရွက်ကြီးများသည် အပွင့်ထက် ပိုမိုလှပသည်။ တပင်တည်းပေါ်တွင် အဖိုပွင့်၊ အမပွင့် နှစ်မျိုးစလုံးရှိသည်။ ၎င်း၏ အရွက်ပိုင်းတပိုင်းမှ အပင်သစ်တပင် ပေါက်လာနိုင်ခြင်းသည် ထူးခြားသည်။






ကြေပန်းပင်သည် တနှစ်ပတ်လုံးပွင့်သည်။



အိန္ဒိယပြည်ရှိ ကြေပန်းပင်တွင် လှပသည့် အရွက်များ ရှိသည်။

## ရှားစောင်းမျိုးရင်း

မျိုးစိတ် ၁၂၀၀ ပါဝင်ပြီး အမေရိကရှိသဲကန္တာရဒေသတွင် ပေါက်သော အပင်များဖြစ်သည်။ ပင်စည်များအတွင်း ရေကိုသိုလှောင်ထားသည်။ အရွက်များရှိသော်လည်း အချို့မျိုးစိတ်တွင် ဆူးအဖြစ်တည်ရှိသော အရွက်များက တိရစ္ဆာန်များဘေးရန်မှ ကာကွယ်သည်။

ရှားစောင်းအများစုတွင် ရောင်စုံအပွင့်ကြီးများရှိ၏။ 'ဆာဂူအာရို' ရှားစောင်းပင်ကြီးများသည် နှစ် ရာပေါင်းများစွာ အသက်ရှည်သည်။





လက်ဝဲဘက်တွင် ရှားစောင်းအမျိုးမျိုးပုံ ဖြစ်သည်။ လက်ယာဘက်ရှိကျားလျှာပင်၏ ပြားသောပင်စည်ပေါ်တွင် ချိတ်ကောက်ငယ်များ ရှိသည်။ အသီးကို စားရ၏။





မက္ကဆီကို ရှားစောင်းသည် ညတွင် ပွင့်သည်။ လက်ယာဘက်ရှိ 'ကဏန်းရှားစောင်း' ပင်၌ အဆစ်များပါပြီး ပြားသောပင်စည် ရှိသည်။

## ဒန်းကြီးမျိုးရင်း

ရာစုနှစ်များစွာကပင် ဒန်းပင်၏အရွက်ကို ဆံပင်၊ မုတ်ဆိတ်မွေး၊ လက်သည်းခြေသည်း၊ မြင်းလည်ဆံမွေး၊ မြင်းမြီး၊ သိုးမွေးနှင့် ပိုးချည်တို့ကို ဆေးဆိုးရာတွင် အသုံးပြုခဲ့သည်။ ဤမျိုးရင်းတွင် သစ်မာပင်၊ ချုံပင်မှ သစ်ပျော့ပင်အထိ အပင်မျိုးပေါင်း ၄၅၀ ကျော်ခန့် ရှိသည်။ အများစု၏ဒေသရင်းမှာ အပူပိုင်းဒေသ ဖြစ်သည်။




အပူပိုင်းဒေသဥယျာဉ်များရှိပန်းအပင်



ဒန်းကြီးပင်၏ဒေသရင်းမှာ အပူပိုင်းအာရှ ဖြစ်ပြီး ၎င်းမှ ဆိုးဆေးရသည်။

## ဒက်ဖန်မျိုးရင်း

'ဒက်ဖနီ' မျိုးရင်းတွင် မျိုးစိတ် ၅၀၀ ခန့်ရှိသည်။ လှပပြီးမွှေးသောပန်းများ ရှိသည်။ မျိုးစိတ်အချို့၏အပွင့်များတွင် အဆိပ်ပါသည်။ လျှော်မျှင်ပါသည့် ထူထဲသောအခေါက်ရှိ၏။ အသီးမှာခွံမာ တစ်စေ့သီး သို့မဟုတ် အတွင်းခွံမာသီး ဖြစ်၏။






အမြဲစိမ်း 'ဒက်ဖနီမွှေး' ပင်၏ ဒေသရင်းမှာ တရုတ်ပြည်ဖြစ်သည်။





'ဒက်ဖနီဆူဒို-မီဇာရီယမ်' ချုံပင်(ဝဲ) နှင့်သစ်မာပင် 'ဒီဂျီဝါသိယာ ခရိုင်ဆင်သာ' (ယာ) တို့သည် ရွက်ကြွေပင်များ ဖြစ်သည်။

## တလည်းမျိုးရင်း

တလည်းမျိုးရင်းတွင် မျိုးစိတ် နှစ်ခုသာ ရှိသည်။ တလည်းပင်သည် အရွက်ကြွေသော ဆူးရှိချုံပင်ဖြစ်ပြီး ၎င်း၏ဒေသရင်းမှာ ပါရှားနိုင်ငံ ဖြစ်သည်။ အသီးတွင် ချိုပြီးအရည်ရွှမ်းသည့် အသားပါသော အစေ့များရှိသည်။ ရှေးမဆွကပင် စိုက်ပျိုးလေ့ရှိပြီး အသီးကို ဝိုင်အရက်စိမ်လေ့ ရှိသည်။

အရွက်များ ရွက်ဆိုင်ထွက်ပြီး အပွင့်များတွင် ပွင့်ချပ်ငါးခုမှ ရှစ်ခုအထိ ရှိသည်။ ဝတ်ဆံဖိုများစွာ ပါဝင်သည်။ 'ဗယ်ရီ' သီး ရှိသည်။






တလည်းသီးသည် လုံးဝန်းပြီး သားရေနှင့်တူသည့် အနီရောင်အခွံထူ ရှိသည်။



တလည်းပင်သည် ရွက်ကြွေချုံပင် သို့မဟုတ် သစ်မာပင် ဖြစ်သည်။




တလည်းသီးတွင် အစေ့များ အကန့်လိုက် ရှိသည်။

## ဘရားဇီးတစ်စေ့သီးမျိုးရင်း

'ဘရာဇီးတစ်စေ့သီး' မျိုးရင်းဝင်အပင်များသည် သစ်မာပင် သို့မဟုတ် ချုံပင်ဖြစ်သည်။ မျိုးစိတ် ၁၅၀ ခန့်ရှိပြီး ၎င်းတို့၏ဒေသရင်းမှာ အပူပိုင်းအမေရိကဖြစ်သည်။ လင်းနို့အကူအညီဖြင့်ဝတ်မှုန်ကူးသည်။အသီးများကိုစားသုံးနိုင်ပြီး အဆီကို စီးပွားဖြစ် ထုတ်ယူနိုင်သည်။



'အမြောက်ဆန်'ပင် (အင်ကြင်းတစ်မျိုး) ၏ ဒေသရင်းမှာ တောင်အမေရိက ဖြစ်သည်။ အမြောက်ဆန်နှင့်တူသော အသီးများရှိသည်။ အနံ့ဆိုး၏။



ကျည်းပင်သည် ရွှံ့ညွန်ထူသည့်မြစ်ကမ်းတွင် ပေါက်သည်။ ညဘက်တွင် မွှေးသောပန်းများက လင်းနို့ကို ဆွဲဆောင်၍ ဝတ်မှုန်ကူးစေသည်။

## လမုမျိုးရင်း

မျိုးရင်းဝင်အပင်များသည်ဒီရေအတက်အကျရှိသောနေရာတဝိုက်ရွှံ့ညွန်ထူရာ အပူပိုင်းပင်လယ်ကမ်းစပ်တွင် ပေါက်သည်။ အပေါ်သို့ကွေး၍ ထောင်မတ်နေသော အမြစ်အချို့သည် လေကိုစုပ်ယူခြင်းကြောင့် လေမရှိသောရွှံ့ညွန်ထဲတွင် ပေါက်နိုင်သည်။ ပင်လယ်အတွင်းရှိ ဆားဓာတ်သည် အပင်အတွင်းမှ ရေကို 'တဘက်စိမ့်'နည်းဖြင့် စိမ့်ထွက်နိုင်စေသည်။ ထို့အတွက် အပင်တွင်းရှိ ရေခန်းမသွားစေရန် အရွက်များသည် ထူထဲပြီး သားရေကဲ့သို့ မာကျောသည်။

အစေ့သည်အပင်မှအသီးမကြွေမီအညှောက်ပေါက်နိုင်သည်။အမြစ်လောင်းငယ်လည်း ထွက်နိုင်သည်။ အသီးကြွေချိန်တွင် အမြစ်လောင်းသည် ရွှံ့ညွန်အတွင်းသို့ လှံသဖွယ်စိုက်နေသည်။ ဒီရေတက်ချိန်တွင်ကြွေပါက ရေထဲသို့ကျပြီး မျောပါလျက် အခြားတနေရာ၌ အမြစ်စွဲနိုင်သည်။



ဖြူးခြေထောက်ပင်သည် အပူပိုင်းဒေသရှိ အမြဲစိမ်းပင် ဖြစ်သည်။

## အိုးပုတ်မျိုးရင်း

မျိုးစိတ် ၄၀၀၀ ရှိပြီး ချုံပင် သို့မဟုတ် သစ်ပျော့ပင်ဖြစ်၍ ၎င်းတို့၏ဒေသရင်းမှာ အပူပိုင်းဒေသဖြစ်သည်။ ရွက်ကြောများထင်ရှားသော အရွက်ရှိသည်။ ပွင့်ချပ်လေးခုမှ ငါးခုအထိ ရှိသည်။ ပုံတွင်တွေ့ရသော မျိုးစိတ်၏အသီးမှာ စားကောင်းသော်လည်း ပါးစပ်ကို ခရမ်းရောင်စွန်းစေသည်။



သြစတြေးလျမှ မောရစ်ရှနိုင်ငံအထိ တွေ့နိုင်သော အိုးပုတ်ပင်



ဖြူးခြေထောက် အပင်ပေါက်များ



လမုမျိုးရင်းဝင် ဖြူးပင်

## ယူကလစ်မျိုးရင်း

မျိုးစိတ် ၄၀၀၀ အနက် အချို့ကို လူသိများကြသည်။ လေးညှင်းပွင့်ကို ဟင်းခတ် အမွှေးအကြိုင်အဖြစ် သုံးပြီး 'ယူကလစ်' ပင် နှင့် 'မာတယ်'ပင်များကို အပူပိုင်းဒေသရှိ ဥယျာဉ်များနှင့် လမ်းဘေးတလျှောက်တွင် စိုက်သည်။ မာလကာသီးသည် အာဟာရဖြစ်စေသည်။မျိုးစိတ်အတော်များများမှဆီထုတ်ယူနိုင်သည်။

အများအားဖြင့်အပူပိုင်းဒေသရှိ သစ်မာပင် သို့မဟုတ် ချုံပင်ဖြစ်ပြီး ပစိဖိတ်ချိုင့်ဝှမ်းဒေသတွင် တွေ့နိုင်သည်။ အနံ့ပြင်းသောအရွက်တွင် ဆီအဖုများပါသည်။ အသီးမှာ 'ကက်ပဆူး' သို့မဟုတ် 'ဗယ်ရီ'ဖြစ်သည်။




ယူကလစ်ပင်ကို သစ် မာ ပင် အ ဖြစ် လည်းကောင်း၊ ချုံ ပင် အ ဖြစ် လည်း ကောင်း တွေ့ရသည်။ သက်နုပင်၏ အရွက်များသည် ဝိုင်းသည်။



ယူဂျီနီယာ မျိုးစိတ် ၁၀၀၀ ကျော်တွင်ပါဝင်သော 'ယူဂျီနီယာ အေကွီယာ' ၏ဒေသရင်းမှာ အိန္ဒိယနိုင်ငံဖြစ်သည်။



သစ်မာပင်ငယ် မာလကာပင်၏ဒေသရင်းမှာ အပူပိုင်းအမေရိက ဖြစ်သည်။



'ပုလင်းဆေး ဝက်မှင်ဘီး' ပင်၏ ပန်းခိုင်သည်ပုလင်းဆေးသောဝက်မှင်ဘီးပုံရှိ၏။



'စက္ကူအခေါက်'ပင် ၏ အရွက်မှ 'ကာဂျူပွတ်'ဆီ ရသည်။ အခေါက်ကို လှေရေလုံစေရန် အသုံးပြုသည်။



လေးညှင်းသည် 'ယူဂျီနီယာ ကယ်ရီယိုဖီးလတ်' ၏ ပွင့်ဖူးအခြောက်ဖြစ်သည်။

## ညနေပရင်းမရို့မျိုးရင်း

'ညနေပရင်းမရို့' မျိုးရင်းဝင် မျိုးစိတ် ၆၅၀ အနက် 'ဖျူရှီယာ' ပင်သည် လှပပြီး ညွတ်ကျနေသောအပွင့်ကြောင့် ထင်ရှားသည်။ အခြားအပင်များ၏ အပွင့်များသည် ညနေပိုင်းတွင်သာပွင့်ပြီး ပိုးဖလံများဖြင့် ဝတ်မှုန်ကူးသည်။ အများအားဖြင့် သစ်ပျော့ပင်ဖြစ်ပြီး ၎င်းတို့၏ဒေသရင်းမှာ သမပိုင်းဇုံများဖြစ်သည်။ အရွက်များသည် ရွက်ဆိုင် သို့မဟုတ် ရွက်လွှဲအနေအထားရှိသည်။ အချို့မျိုးစိတ်၏အစေ့များ၌အမျှင်များရှိသောကြောင့်လေတွင်လွင့်ပါနိုင်သည်။






ညနေပရင်းမရို့ပင်၏အဝါရောင်အပွင့်သည် ညနေပိုင်း၌သာ ပွင့်၏။





'မီးပေါင်း' ပင် (ယာအစွန်) သည် မီးလောင်မြေတွင် ကောင်းစွာ ပေါက်သည်။ 'ဖျူရှီယာ ဟိုက်ဗရစ်ဒါ' (ယာ) သည် အမြဲစိမ်း ချုံပင်ဖြစ်သည်။ လှပသော အပွင့်များကြောင့် တန်ဖိုးရှိ၏။

## တိုက်ကပ်နွယ်မျိုးရင်း

တိုက်ကပ်နွယ်ပင်၏ အရွက်များသည် အဆောက်အအုံ နံရံတို့၌ တွယ်တက်နေတတ်ပြီး ၎င်းရှုခင်းသည် အနောက်နိုင်ငံများတွင် ကဗျာဥာဏ်ကွန့်စရာမြင်ကွင်း တစ်မျိုး ဖြစ်ခဲ့သည်။ မျိုးစိတ် ၇၀၀ ရှိသည်။ ၎င်းတို့အနက် 'ဂျင်ဆင်'ပင်မှာ အရှေ့တိုင်း၌ နာမည်ကြီးသည်။ ဂျင်ဆင်ကို တရုတ်ရိုးရာအားဆေးများတွင် သုံးသည်။ ၎င်း၏အပွင့်သည် သေးငယ်ပြီး အသီးမှာ 'ဗယ်ရီ'သီး ဖြစ်သည်။



အမြစ်တိုများဖြင့် တွယ်တက်သော ဥရောပ တိုက်ကပ်နွယ်ပင်



ဆောင်းဦးပေါက်တွင်ပွင့်သော အမြဲစိမ်းနွယ်ပင်



စမုန်နက်ပင်သည် နှစ်ရှည်ခံပင်ဖြစ်ပြီး တူရကီနိုင်ငံရှိ ရှေးခေတ် အဆောက်အအုံပျက်များကြား၌ ပေါက်နေသည်။



တခါတရံ ဘဝဲပင်ဟုခေါ်သော ထီးပင်၏ဒေသရင်းမှာ အရှေ့မြောက်ဩစတြေးလျ ဖြစ်သည်။ ရှည်လျားပြီး ပြန့်ကားသောပွင့်ကိုင်းများရှိခြင်းကြောင့် ဘဝဲဟုလည်းခေါ်ခြင်း ဖြစ်သည်။

## မုန်လာဥဝါမျိုးရင်း

မုန်လာဥဝါတွင် ဗီတာမင်အေ၏ အရင်းခံဖြစ်သော 'ကယ်ရိုတင်း' များစွာ ပါဝင်သည်။ မျိုးစိတ် ၂၈၀၀ အနက် 'ဟင်းမလေ့'ပင်မှ အဆိပ်ထုတ်ယူနိုင်သည်။ ဒဿနပညာရှင် ဆိုကရေးတီးသည် အစိုးရကို ဝေဖန်သဖြင့် ဟင်းမလေ့ပင်မှ အဆိပ်ကို သောက်၍ သေစေရန် ဂရိ အာဏာပိုင်များက အမိန့်ပေးခဲ့သည်။

အစားအစာ အမျိုးမျိုးကို မုန်လာဥဝါမျိုးရင်းမှရရှိသည်။ တရုတ်နံနံ၊ ပါစလေ၊ စမုန်၊ နံနံ၊ စမုန်နက်နှင့် မြင်းခွာတို့သည် မုန်လာဥဝါ မျိုးရင်းဝင် အချို့ဖြစ်သည်။ မျိုးစိတ်များစွာသည် အနံ့ရှိသော အခေါင်းပွ သစ်ပျော့ပင်များ ဖြစ်ပြီး ငှက်မွေးပုံရွက်ပေါင်းများရှိသည်။



မုန်လာဥဝါသည် ရေသောက်မြစ်ဖြစ်ပြီး ၎င်းကို စားနိုင်သည်။



'ဂျာဗားပါစလေ'ပင်၌ တွားသွားသော ပင်စည်များရှိသည်။ စွတ်စိုသော နေရာများတွင်ပေါက်သည်။



ဥရောပမှ နှစ်နှစ်ခံ ဟင်းမလေ့ပင်တွင် ပြင်းထန်သော အဆိပ်ပါသည်။




ဂျာဗားမြင်းခွာ၌ တွားသွားသော ပင်စည်ရှိသည်။ အရိပ်ရသော နေရာတွင် ပေါက်သည်။




'အင်ဂျယ်လိကာ'ပင်ကို ကိတ်မုန့်တွင် အနံ့အရသာရှိစေရန် သုံးသည်။ ဆေးအဖြစ်သုံးခဲ့သည်။

## ဒေါ့ဂဝုမျိုးရင်း

အလွန်လှပသော အပွင့်ဆောင် သစ်မာပင်အချို့သည် 'ဒေါ့ဂဝု' မျိုးရင်းတွင် ပါဝင်သည်။ အပြူ သို့မဟုတ် ဒ. ာစိမ်းရောင် အပွင့်ငယ်တို့သည် အစုအပြုံလိုက် ပွင့်သည်။ရင်း အပွင့်စုကို အဖြူန င့်ပန်းနုရောင်ပွင့်ခံရွက်ကြီးများက ဝန်းရံထားသည်။ 'ကော်နတ် ကော်ဆွန်' ၏ အသီးသည် စားကောင်းသော်လည်းအခြား ဒေါ့ဂဝုမျိုးစိတ်၏ အသီးအမ ျားစုမှာ အဆိပ်ဖြစ်စေတတ်သည်။




ဒေါ့ဂဝုဂျပန်မျိုး (ဝဲ) ကို ဥယျာဉ်များတွင် စိုက်သည်။ 'ဗန့်ဗယ်ရီ'ပင် (ယာ) တွင် အပွင့်များ အစုလိုက်ပွင့်သည်။




ဝင်းတားဂရင်းပင်သည် အမြဲစိမ်း ချုံပင်ငယ် ဖြစ်သည်။ တောင်စောင်းများတွင် ပေါက်သည်။




'အာရှအိန္ဒိယဆေးတံ' ပင်သည် ဝင်းတားဂရင်းမျိုးရင်းဝင်ဖြစ်ပြီး အာရှသစ်တောများရှိ သစ်ဆွေးပေါ်တွင် ပေါက်သည်။

## ဝင်းတားဂရင်းမျိုးရင်း

ဝင်းတားဂရင်း'မျိုးရင်းဝင် မျိုးစိတ် ၃၅ မျိုး အနက် တမျိုးမှ ဝင်းတားဂရင်းဆီကို သကြားလုံး၊ 'ချူးယင်းဂမ်း'၊ သွားတိုက်ဆေးနှင့် ဆေးဝါးတို့တွင် ရနံ့အတွက် ထည့်သည်။ အခြား မျိုးစိတ်တမျိုးမှ ဆီကို လင်နမင်လိမ်းဆေးအဖြစ် သုံးသည်။ သောက်လျှင်အဆိပ်ဖြစ်သည်။

ဝင်းတားဂရင်းပင်တို့သည် မြောက်ဘက်အာတိတ်ဒေသအထိ ပေါက်နိုင်ပြီး ၎င်း၏ သေးငယ်၍ ဝိုင်းသောအရွက်တို့မှာ ဆောင်းတချိန်လုံး စိမ်းလန်းရှင်သန်နိုင်သည်။ ၎င်းတို့သည် နှစ်ရှည်ခံပင်များဖြစ်ပြီး မြေအောက် တွားသွားပင်စည်ရှိသည်။ အချို့တွင် ခေါင်းလောင်းပုံ အပြူရောင် အပွင့်များ ရှိသည်။ မျိုးစိတ်အနည်းငယ်မှာ သစ်ဆွေးပေါ်တွင် ပေါက်သည်။

## ဟက်သာမျိုးရင်း

'ဗလူးဗယ်ရီ'၊ 'ကရင်ဗယ်ရီ'နှင့်'ဗရိုင်ယာ'တို့သည်'ဟက်သာ'မျိုးရင်းဝင် အပင်များဖြစ်သည်။ ဗရိုင်ယာအမြစ်ကိုဆေးတံ ပြုလုပ်သည်။ တောင်စလပ်ပင်လည်း ဤ မျိုးရင်းတွင် ပါဝင်သည်။ လှပသောအပွင့်များ ရှိသည်။

အပင်အများစုမှာအမြဲစိမ်းချုံပင်ပုများ ဖြစ်သည်။ မျိုးစိတ် ၁၉၀၀ နီးပါးတို့သည်တနေရာတည်းစွဲပေါက်သောအပင်များမဟုတ်ကြပေ။ အပူပိုင်းတောင်စောင်းများမှ အာတိတ်ဒေသအထိ ပေါက်နိုင်သည်။ အများအားဖြင့် သစ်ပုပ်မြေတွင် ပေါက်သည်။



'ဗဲဟက်သာ'ပင် နှင့် အပွင့်ငယ်ပွင့်သော 'ကော်လူနာ ဗာလဂါရစ်' ချုံပင်



ဥယျာဉ်မှူးများ နှစ်သက်သော 'အင်ကီယန်သတ် ပီရူလေးတတ်'ရွက်ကြွေချုံပင်



ရွက်ကြွေချုံပင် 'ရိုဒိုဒင်ဒရွန် ဂျပွန်နီကတ်'



အမြဲစိမ်းပင် 'ရိုဒိုဒင်ဒရွန် မက်ကရိုဆက်ပလမ်'



'အယ်ရီကာ မမ်မိုဆာ'သည် ဟက်သာမျိုးရင်းဝင် အယ်ရီကာမျိုးစု၏ မျိုးစိတ်၅၀၀ တင် ပါသည်။ ဒေသရင်းမှာ တောင်အာဖရိက ဖြစ်၏။



'ပရင်းမရို့' ပင်သည် ဥရောပသစ်တောများတွင် ပေါက်သည်။



အယ်လပိုင်း စနိုးဗဲပင်



နှစ်ရှည်ခံပင်ငယ် 'ဆိုက်ကလာမင်' ပင်တွင် နှလုံးပုံ အရွက် ရှိသည်။

## ပရင်းမရို့မျိုးရင်း

ပရင်းမရို့မျိုးရင်းတွင် သစ်ပျော့ပင်မျိုးစိတ် ၁၀၀ ခန့် ပါဝင်သည်။ ထူးဆန်းသည့် မျိုးစိတ်တမျိုးမှာ 'ကြက်သွေးရောင်ပင်ပါနယ်'ပင် ဖြစ်သည်။ ၎င်း၏ ပွင့်ချပ်များပိတ်နေလျှင် ရာသီဥတုကြမ်းတမ်းမည်ဟု ကြိုတင်ခန့်မှန်းနိုင်သည်။ အပင်အများစုကို မြောက်ဘက်သမပိုင်းဒေသတွင် တွေ့ရသည်။ နွေဦးတွင် အပွင့် ပွင့်သည်။ အယ်လပတောင်တွင် ဆောင်းရာသီကုန်ဆုံးကြောင်းကို 'အယ်လပိုင်းစနိုးဗဲ'ပင် ပွင့်ခြင်းဖြင့် သိနိုင်သည်။



ကန့်ချုပ်ပြာသည် တောင်အာဖရိကရှိ အလှစိုက် ချုံပင် ဖြစ်သည်။

## ကန့်ချုပ်မျိုးရင်း

အာရှအလယ်ပိုင်းနှင့် မြေထဲပင်လယ် တဝိုက်တွင်ရှိသော ပင်လယ်ကမ်းခြေများနှင့် ခြောက်သွေ့သော ဒေသတို့၌ ပေါက်သည်။ သစ်ပျော့ပင် သို့မဟုတ် ချုံပင်များဖြစ်သည်။ကူရှင်ပုံအကြမ်းခံ 'သရစ်'ပင်မှအစ အပူပိုင်းဒေသပေါက် ချုံဖုတ်ပင်ဖြစ်သော 'ဖော်ဂက်မီနော့' ပင်အထိ ပါဝင်သည်။



ဥရောပ ပင်လယ်ကမ်းခြေတွင် ပေါက်သော သရစ်ပင်

## သကြားသီးမျိုးရင်း

'ချူးယင်းဂမ်း' ရရှိသည့် နို့စေးထွက်သော ဤမျိုးရင်းတွင် သစ်မာပင် သို့မဟုတ် ချုံပင်များ ပါဝင်သည်။ နို့စေးကို အခြောက်ခံသောအခါ ကော်စေးအားလုံး၏ အခြေခံဖြစ်သော 'ချီကယ်'ကို ရသည်။ မျိုးစိတ် ၁၀၀ အနက် တမျိုးမှ ထွက်သော နို့စေး 'ဂတ်တာပါချာ'ကို ရေအောက်ကြေးနန်းဖုံးအုပ်ရန် အသုံးပြုသည်။ အပင်အားလုံး၏ ဒေသရင်းမှာ အပူပိုင်းဒေသဖြစ်သည်။ မျိုးစိတ်အချို့၏ အသီးသည် အရသာရှိသည်။

## အက်ဗော်နီမျိုးရင်း

'အက်ဗော်နီ'ပင်၏ အနက်ရောင်အနှစ်သားသည် ကျော်ကြားသော သစ်သား ဖြစ်သည်။ မာကျော၍ ခိုင်ခံ့ပြီး အရောင်တင်လိုက်လျှင် တောက်ပသည်။ ဗီရို၊ အနက်ရောင် စန္ဒရားခလုတ်နှင့် ယခင်က သဘော်ာပန်ကာဝင်ရိုး ပြုလုပ်ရန် သုံး၏။ မျိုးစိတ် ၃၂၅ မျိုးသည် ချုံပင်နှင့် သစ်မာပင်များ ဖြစ်သည်။ အများအားဖြင့် သားရေကဲ့သို့သော အရွက်များရှိပြီး ပူနွေးသောဒေသတွင် ပေါက်သည်။ အက်ဗော်နီမျိုးရင်းဝင် တည်ပင်၏ အသီးသည် အရသာရှိသည်။







အရှေ့အာရှနှင့် မြေထဲပင်လယ်ဒေသရှိ တည်ပင်၏အပွင့်နှင့် အသီးဖြစ်သည်။ ၎င်း၏ ဒေသရင်းမှာ အိန္ဒိယပြည် ဖြစ်သည်။

သကြားသီး (ဝဲ) တွင် အရသာရှိသောအညိုရောင်အသား ရှိသည်။

# အာလူးမျိုးရင်း



ဗောက်သီးပင်၌ မီးအိမ် သဏ္ဍာန် ပွင့်ဖတ်များ ရှိသည်။



ခရမ်းပင်၏ဒေသရင်းမှာအိန္ဒိယနိုင်ငံဖြစ်သည်။



ငရုတ်ပင်၏ အသီးနှင့် အစေ့တွင် စပ်သော အရသာရှိသည်။



ခရမ်း ချဉ်ပင် ကို ကမ္ဘာအနှံ့စိုက်ပျိုးသည်။ မျိုးပြားများစွာ ရှိသည်။ ၎င်းတို့ အနက် အချို့သည်ထူးခြားလာ၍ သဘာဝအလျောက် မျိုးပွားနိုင်ခြင်းမရှိ။

ဤမျိုးရင်းဝင်သီးနှံများကို ဟင်းခတ်အမွှေးအကြိုင်များနှင့် ရောနှောချက်ပြုတ်သည်။ အင်အားကို တိုးပွားစေသော အရေးပါသည့် အစားအစာတွင် အပါအဝင်ဖြစ်သောအာလူးကို ကမ္ဘာအနှံ့စားသုံးသည်။ ခရမ်းချဉ်သီးတွင် ဗီတာမင်စီ ပါဝင်သည်။ 'ပီကျူနီယာ'ပင်မှ လှပသောအပွင့်ရသည်။ 'ဗယ်လာဒိုနာ' ပင်၏'ဗယ်ရီ'သီးမှရသော ဆေးကို လူနာအား မေ့ဆေးမပေးမီ အသုံးပြုသည်။ ဆေးရွက်ကြီးပင်၏အရွက်ကို သောက်ရှူနိုင်သည်။၎င်းတွင်'နစ်ကိုတင်း'အဆိပ်ပါသည်။ ထို့ပြင် ဤမျိုးရင်းဝင်အပင်များသည် အမျိုးမျိုးအသုံးဝင်သည်။

မျိုးစိတ် ၂၀၀၀ ခန့် ရှိသည်။၎င်းတို့၏ဒေသရင်းမှာ အပူပိုင်းနှင့် သမပိုင်းဒေသများဖြစ်ပြီး နွယ်တက်သောချုံပင် သို့မဟုတ် သစ်မာပင်များ ဖြစ်သည်။



'ကျူဗာ'ဖြစ်သော အာလူး၏ဒေသရင်းမှာ တောင်အမေရိက ဖြစ်သည်။ အချို့နိုင်ငံများတွင် အာလူးသည် အနပ်တိုင်းမပါမပြီးသော စားဖွယ် ဖြစ်သည်။



ပီကျူနီယာပင်သည် တနှစ်ခံပင်ငယ် ဖြစ်၏။ မျိုးပြားများသည် အာဂျင်တီးနားနိုင်ငံရှိ မျိုးစိတ်နှစ်မျိုးမှ ပွားများလာသည်။





ပဒိုင်းပင် (ဝဲ) ဖြစ်သည်။ ဆေးရွက်ကြီးပင် (ယာ) ကို နယ်သစ်ရှာသော ဥရောပတိုက်သားများက အမေရိကန်အင်ဒီးယန်းများထံမှ ယူဆောင်ခဲ့သည်။



ဗယ်လာဒိုနာပင်၏ ဗယ်ရီသီးများတွင် 'အေထရိုပင်း' ပါဝင်ပြီး ၎င်းသည် အာရုံကြောအဖွဲ့ကို ထုံထိုင်းစေသည်။

## ကျားပါးစပ်မျိုးရင်း

ကျားပါးစပ်မျိုးရင်းတွင် မျိုးစိတ် ၃၀၀၀ ပါဝင်ပြီး အရောင်အသွေးစုံသည့် အပွင့်များကြောင့် လူသိများသည်။

ကျားပါးစပ်ပွင့်များတွင် နှုတ်ခမ်းနှစ်ခု ရှိပြီး အပွင့်ကိုဘေးမှဖိပေးခြင်းဖြင့် နှုတ်ခမ်းများကို ရုတ်ခြည်းပွင့်စေနိုင်၊ ပိတ်စေနိုင်၏။ ဤမျိုးရင်းဝင် 'ပေါ်လိုနီယာ' ပင်၏ သစ်သားမှာ ပေါ့ပါးပြီး ကြာရှည်ခံသည်။ အလွန်အစွမ်းထက်သော နှလုံးရောဂါကုဆေးကို 'ဒစ်ဂျစ်တယ်လစ်'ပင်မှ ရသည်။

အပင်အများစုသည် သစ်ပျော့ပင်များ ဖြစ်သည်။ အချို့မှာ ကပ်ပါးတပိုင်း ဖြစ်သည်။ အသီးတွင် အစေ့များစွာပါသည်။



တနှစ်ခံ ပေါင်းပင်ဖြစ်သော 'ငှက်မျက်စိ' ပင်၏ ဒေသရင်းမှာ ဥရောပဖြစ်သည်။




ပေါ်လိုနီယာပင်မှ အဖိုးတန်သစ်သားရသည်။

## ဖော်ဂက်မီနော့မျိုးရင်း

မျိုးစိတ် ၁၅၀၀ ခန့်သည် ပူနွေးသောဒေသချာတွင် ပေါက်သည်။ အပွင့်တွင် ကတော့ပုံချပ်အုံဝိုက်နှင့် ဝတ်ဆံဖို ငါးခု၊ မအင်္ဂါတခုရှိသည်။ ၎င်းအပင်များနှင့် ပတ်သက်၍ ဏ္ဍာရီပုံပြင်များ များစွာ ရှိခဲ့သည်။ ဒဏ္ဍာရီပုံပြင်တခုသည် ကမ္ဘာ့ပထမ ချစ်သူစုံတွဲ အာဒမ်၊ ဧဝနှင့်ပင် ပတ်သက်နေသည်။



နှစ်ရှည်ခံသစ်ပျော့ပင် 'ဖော်ဂက်မီနော့' ပင်တွင် အပြာရောင် အပွင့်ငယ်များ ရှိသည်။



အပူပိုင်းအမေရိကရှိ 'ကြိုးချုံဖုတ်' ပင်၏ အခေါက်မှ လျှော်မျှင်ရသည်။





'မြေခွေးလက်အိတ်'ခေါ် ဒစ်ဂျစ်တယ်လစ်ပင် (ဝဲ) သည် ဥရောပတွင် အလေ့ကျပေါက်သော နှစ်နှစ်ခံသစ်ပျော့ပင် ဖြစ်သည်။ ကျားပါးစပ်ပင် (ယာ) များသည် နှစ်နှစ်ခံပင်များ ဖြစ်သည်။

## နှမ်းမျိုးရင်း

အပူပိုင်းဒေသရှိ သစ်ပျော့ပင်များဖြစ်ပြီး မျိုးစိတ် ၅၀ ခန့်ရှိသည်။ နှမ်းပင်ပါဝင်သောကြောင့် ဤမျိုးရင်းကို လူသိများ၏။ နှမ်းစေ့များကို အစားအစာများတွင် ထည့်၍လည်းကောင်း၊ နှမ်းဆီကို ချက်ပြုတ်ရာတွင်လည်းကောင်း အသုံးပြုသည်။ နှမ်းဆီသည် ဆူဒန်နိုင်ငံမှ အများဆုံးထွက်သည်။ မျိုးရင်းဝင် အသီးများမှာ 'ကက်ပဆူး'သို့မဟုတ် ခွံမာသီးများ ဖြစ်သည်။ မျိုးစိတ်အချို့၏ အသီးတွင် ဆူးပါသည်။



နှမ်းပင်

## သံလွင်မျိုးရင်း

သံ လွင် ပင် ၏ သစ် ခက် ကို ငြိမ်း ချမ်း ရေး သင်္ကေတအဖြစ် အ နောက် တိုင်း ယဉ်ကျေးမှုတွင်သုံးသည်။ ၎င်းအပင်များကို မွှေးကြိုင်သောအသီးနှင့် မာကျော၍ လုပသောသစ်သားအတွက် စိုက်ပျိုးသည်။ အသီးကို နှစ်ရှည်သိုလှောင်၍လည်းကောင်း၊ ဆီကြိတ်ယူ၍လည်းကောင်း စားသုံးသည်။ ဤမျိုးရင်းဝင် စံပယ်ပင်၏ အပွင့်ကို တရုတ်လူမျိုးများက လက်ဖက်ရည်ကြမ်းတွင် ထည့်၍ သောက်သည်။ စံပယ်ဆီကို ရေမွှေးနှင့် ဆပ်ပြာပြုလုပ်ရာတွင် သုံးသည်။

အပင်မျိုးပေါင်း ၄၀၀ ခန့်သည် ချုံပင်မှ သစ်မာပင်အထိဖြစ်ပြီး မျိုးစိတ်များစွာသည် အာရှနှင့်မြေထဲပင်လယ်ဒေသတွင်ပေါက်သည်။ ခေါင်းလောင်းပုံ အပွင့်များရှိသည်။



ချုံပင်ငယ်ဖြစ်သော စံပယ်ပင်၏ ဒေသရင်းမှာ အာရှဖြစ်သည်။



သံလွင်ပင်သည် အမြဲစိမ်းနှစ်ရှည်ခံအပင်ငယ်ဖြစ်ပြီး မြေထဲပင်လယ် ဒေသတွင် စိုက်သည်။

## ဂျင်ရှင်မျိုးရင်း

အပြာရောင် 'ဂျင်ရှင်'ပွင့်များသည် ဥရောပရှိ အယ်လပိုင်းဒေသ မြက်ခင်းပြင်များတွင် နှင်းခဲများပျော်ချိန်၌ ပွင့်လေ့ရှိသည်။ မျိုးစိတ် ၈၀၀ ရှိပြီး အဝါ၊ အဖြူနှင့် အနီရောင် အပွင့်များ ပွင့်သည်။ အဝါရောင်ပွင့်သော မျိုးပြားတမျိုး၏ အမြစ်မှာ အရသာခါးပြီး ဆေးဖက်ဝင်သည်။



နွေဦးရာသီ၌ ပွင့်လေ့ရှိသော ဂျင်ရှင်ပင်နှင့် 'ပရင်းမရို့' ပင်တို့ ဖြစ်သည်။

## ဗတ်လီယာမျိုးရင်း

အလွန်ပြင်းထန်သည့် အဆိပ်တမျိုးဖြစ်သော 'စထရစ်ခနင်း' ကို 'ဗတ်လီယာ' မျိုးရင်းဝင် အပင်တပင်မှရသည်။ ၎င်းအဆိပ်ကို အစေ့ခွံမှ ထုတ်ယူနိုင်သည်။ အဆိပ်သင့်လျှင် ပြင်းထန်စွာတက်ခြင်းဖြင့် အသက်ဆုံးရှုံးနိုင်သည်။ အရွက်များသည် ရွက်ထီးဖြစ်ပြီး ရွက်စွယ်များရှိ၏။ အပူပိုင်းဒေသတွင်ပေါက်သည့် အန္တရာယ်မပေးနိုင်သော မျိုးပြား ၈၀၀ ခန့် ရှိသည်။



'ဗတ်လီယာ ဒေဗီဒီ' ကို တရုတ်ပြည်သမပိုင်းရှိ ဥယျာဉ်များတွင် စိုက်သည်။



အဖြူပွင့်ရှိသောဂျင်ရှင်ပင်သည် အာရှရှိ ရေကန်၊ရေမြောင်းများတွင် ပေါက်သည်။

## သဘော်ဓမညိုးမျိုးရင်း

မျိုးစိတ် ၁၃၀၀ အနက် အများစုသည် အပူပိုင်းရှိ ချုံပင်ဖြစ်ပြီး လှပသော အပွင့်များ ရှိသည်။ ဘုမ္မရာဇာနှင့် 'စထရိုဖင်းသတ်' ပင်တို့မှ အဖိုးတန်ပရဆေး ထုတ်ယူနိုင်သည်။ ပန်းရောင်ပွင့်ရှိသော သဘော်ဓမညိုးပင်မှ ကင်ဆာရောဂါကို တိုက်ဖျက်နိုင်သော ဆေးရရှိသည်။



နွယ်သာကီပင်တွင် နှလုံးကို အဆိပ်ဖြစ်စေသော 'ဂလူကိုဆိုက်' ပါရှိသည်။



အကျော်ပင်၏ဒေသရင်းမှာ အပူပိုင်းအမေရိက ဖြစ်သည်။ ၎င်းတွင် မွှေးသောပန်းများ အဆုပ်လိုက်ပွင့်သည်။



ရွှေဝါပန်းပင်သည် သစ်မာပင်ဖြစ်ပြီး အစေးသည် ဝမ်းသက်စေနိုင်သည်။



ပန်းရောင်ပွင့်ရှိသော သဘော်ဓမညိုးပင်တွင် နို့စေးပါသည်။

## မုရိုးမျိုးရင်း

ဤမျိုးရင်းဝင် အပင်များတွင် များသော အားဖြင့် အဆိပ် ဖြစ်နိုင်သည့် ပျစ်သောနို့စေးများရှိသည်။ မျိုးစိတ် ၇၀၀ ခန့်ရှိပြီး သစ်ပျော့ပင်၊ ချုံပင် သို့မဟုတ် သစ်ကပ်ပင်များဖြစ်၍ အပူပိုင်းနှင့် အပူလျော့ပိုင်း ဒေသတို့တွင် ပေါက်သည်။ မုရိုးပင်များ၏ အသီးများသည် မှည့်လျှင် နှစ်ခြမ်းကွဲပြီး အမွှေးပါသောအစေ့များ လေတွင်လွင့်ပါသည်။





အမေရိကအပူပိုင်းဒေသမှ အဆိပ်ရှိသော မုရိုးပင်တစ်မျိုး



'စတက်ပီလီယာ' မျိုးစိတ်နှစ်ခု (အထက်) ၏ အညိုနံ့ထွက်သော အပွင့်များကို ယင်ကောင်များက ဝတ်မှုန်ကူးပေးသည်။ 'ဒစ်ချီဒီယာ အက်စတီဖာနာ' (ဝဲ) သည် ပုရွက်ဆိတ်များ သယ်လာသောအမှိုက်များမှ ဓာတ်ဆား ရရှိသည်။

## အာဖရိကကျူးလစ်သစ်မာပင်မျိုးရင်း

မျိုးစိတ် ၇၅၀ ပါဝင်သည်။ အပွင့်များမှာ 'ကျူးလစ်'ပန်းနှင့်တူသည်။ မျိုးစိတ်တခု၌မူ ဝက်အူချောင်းပုံအသီးများ တွဲလဲကျနေသဖြင့် 'ဝက်အူချောင်း' ပင်ဟူ၍ အမည်ပေးခဲ့သည်၊ ဤမျိုးရင်းတွင် သစ်မာပင်၊ ချုံပင်နှင့်နွယ်ပင်များပါဝင်ပြီး အပူပိုင်းနိုင်ငံများ၌ တွေ့နိုင်သည်။



အာဖရိက ကျူးလစ်သစ်မာပင်



ကောက်လန်းတီပင်တစ်မျိုး

## ကောက်လန်းတီမျိုးရင်း

မျိုးရင်းဝင်အပင်အားလုံးသည် အမြစ်ကပ်ပါးပင်ဖြစ်၏။ အရွက်များသည် ရွက်ဖတ်ငယ်များဖြစ်ပြီး 'ကလိုရိုဖီး' မပါရှိပေ။ ထို့ကြောင့် အစာမဖွဲ့စည်းနိုင်ပဲ အခြားအပင်၏အမြစ်များတွင် ကပ်ပါးအဖြစ်နေလျက် အစာကိုလက်ခံပင်မှစုပ်ယူသည်။ မျိုးစိတ် ၁၄၀ ရှိသည်။ အပွင့်များမှာ ပြွန်ပုံသဏ္ဌာန်ရှိပြီးနှုတ်ခမ်းနှစ်ခုပါရှိ၏။ ဥရောပနှင့် အာရှရှိ ပူနွေးသောဒေသများတွင် ပေါက်သည်။

## ဂလော့ဆီနီယာမျိုးရင်း

'ဂလော့ဆီနီယာ'မျိုးရင်းတွင် အပွင့်ရှိ ပွင့်ချပ်များသည် ပြွန်တခုကဲ့သို့ဖြစ်နေပြီး ကတော့ပုံ သို့မဟုတ် နှုတ်ခမ်းပုံသဏ္ဌာန်ရှိသည်။ မျိုးစိတ် ၁၂၀၀ ခန့် အနက်အချို့တွင်ကတ္တီပါသားရှိသော ရောင်စုံအရွက်နှင့်လှပသော အပွင့်များရှိသည်။အပူပိုင်း၊အပူလျော့ပိုင်းဒေသနှင့်ပူနွေးသောဒေသတို့တွင်ပေါက်သည်။ အချို့တို့သည် အခြားအပင်ပေါ်တွင်ပေါက်သော သစ်ကပ်ပင်များ ဖြစ်သည်။



စိန်တံချူပင်



'အာဖရိက ဗိုင်အိုလက်'ပင်သည် နှစ်ရှည်ခံပင် ဖြစ်၏။



ကတ္တီပါ သား အပွင့် ရှိ သော ဂလော့ဆီနီယာပင် ဖြစ်၏။



'အိပိစိယာ'ပင်သည် တွားသွားသစ်ပျော့ပင်ဖြစ်ပြီး အပူပိုင်းတောင်အမေရိကရှိ အလှစိုက်ပန်းပင် တစ်မျိုးဖြစ်၏။



အပူပိုင်းအာဖရိကရှိ ဝက်အူချောင်းပင်၏ အပွင့်သည် ညဘက်တွင် ပွင့်သည်။ လင်းနို့များက ဝတ်မှုန်ကူးပေးသည်။

## ပူဖောင်းမျိုးရင်း

ဤမျိုးရင်းဝင်အပင်များသည် အသားစားအပင်များ ဖြစ်၏။ ပူဖောင်းပင်များသည် နိုက်ထရိုဂျင်ဓာတ်ရရှိရန်'အင်းဆက်'ပိုးများကို ထောင်ဖမ်းယူသည်။ အပင်မှစစ်ထုတ်ပေးသေ , အရည်များသည် အင်းဆက်ပိုး၏ ခန္ဓာကိုယ်ကို **အရည်ဖြစ်အောင် ပြေပေးသည်။ ထိုအရည်ကို အပင်က စုပ်ယူသည်။**

ရင်းတို့ကို ကမ္ဘာအနှံ့တွေ့နိုင်သည်။ ရေထဲတွင်ပေါက်ပြီး အပွင့်များမှာ ရေပေါ်တွင် ပေါ်နေသည်။ ပင်စည်မှာသေးသွယ်ပြီး အမြစ်များ မရှိပေ။ သေးမျှင်ပြီး အစိတ်စိတ်ကွဲနေသော အရွက်များတွင် ပူဖောင်းငယ်များစွာ ရှိသည်။ ၎င်းတို့ဖြင့် အင်းဆက်ပိုးများကို ထောင်ဖမ်းယူသည်။




ပူ ဖောင်းပင်ရှိ ပူဖောင်း၏ အခင် အ မွေးများကို အင်းဆက်ပိုးက ဖိမိ လျှ ် အခင်ပွင့်ပြီးအင်းဆက်ပိုးသည် ရေနှ င့်အတူ ပူဖောင်းအတွင်းသို့ စုပ် သွင်း ံရသည်။



'ဗတ်တာဝပ်'ပင်၏ အရွက်အပေါ်မျက်နှာပြင်ရှိ စေးကပ်သော အမွေးများမှထွက်သည့် အရည်များဖြင့် အင်းဆက်ပိုးကို ကြေညက်စေသည်။



ပန်းရေစွတ်နွယ်သည် အရှေ့တောင်အာရှရှိ သစ်မာနွယ်ပင် ဖြစ်သည်။

## ခရာမျိုးရင်း

မျိုးစိတ် ၂၂၀၀ ရှိသည်။ အပူပိုင်းဒေသပေါက် သစ်ပျော့ပင်နှင့် ချုံပင်များ ဖြစ်သည်။ ဒွိလိင်ရှိသော ခရမ်းရောင် သို့မဟုတ် အပြာရောင်အပွင့်များ ရှိ၏။ အရွက်တွင် ဆူးရှိသည်။

ရှေးဂရိခေတ် ကောင်းစားစဉ်တွင် ဂရိကျောက်ဆစ်ပညာရှင်များသည် ခရာရွက်ပုံသဏ္ဌာန်များကို အဆောက်အအုံများ၌ လှပစွာ ထုလုပ်ခဲ့ကြ၏။ ၎င်းလက်ရာဒီဇိုင်းများကိုနှောင်းခေတ်'ကော်ရင်သီယမ်'ကျောက်တိုင်များ၌ပင် ဆက်ခံထုလုပ်ခဲ့သည်။



ခရာပင်ကို ဆားဓာတ်ပါသည့် ရွှံ့ညွန်များတွင် တွေ့ရသည်။



'အေကင်သတ် ဟာဆူတတ်'သည် သမပိုင်း ဒေသတွင် ပေါက်၏။



'ဂျကိုဗီနီယာ ကာနီယာ'သည် တနှစ်ပတ်လုံး ပွင့်သည်။

## ပန်းကန်စွန်းနွယ်မျိုးရင်း

မျိုးစိတ် ၁၂၀၀ ရှိသည်။ ကန်စွန်းဥဘွင် ကစီနှင့် သကြား ပါသည်။ သံဓာတ်နှင့် ဗီတာမင်ပါသော ရေကန်စွန်းပင်သည် အရှေ့တောင်အာရှ၏ ဟင်းရွက်တစ်မျိုး ဖြစ်သည်။ သစ်ပျော့နွယ်ပင်များ ဖြစ်သော်လည်း အချို့မှာ ချုံပင်ဖြစ်သည်။ ၎င်းတို့သည် အာရှနှင့်အမေရိကရှိ ပူနွေးသောဒေသများတွင် ပေါက်သည်။









တွားသွားသော 'ဇိုက်တက်' ပင်သည် အပူပိုင်းရှိ ပင်လယ်ကမ်းခြေတွင် ပေါက်သည်။

'ဗာဗီနာ ဟိုက်ဗရစ်ဒါ' သည် မျိုးစပ်ပင်တစ်မျိုး ဖြစ်သည်။



ကျွန်းပင်သည်အိန္ဒိယ၊မြန်မာနှင့်ထိုင်းနိုင်ငံတို့တွင်ပေါက်၏။



ကန်စွန်းကြီးပင်သည် တွား၍ပေါက်သည်။



ရေကန်စွန်းသည် သစ်ပျော့ပင် ဖြစ်၏။

လက်ဝဲဘက်ရှိ မြတ်လေးပင်သည်နွယ်ပင်ဖြစ်၏။ လက်ဝဲအစွန်ရှိ 'ဂျပန်ပတ်နွယ်ပေါင်း' ပင်သည် နှစ်ရှည်ခံ နွယ်ပင်ဖြစ်၏။ ကန်စွန်းမျိုးရင်းဝင် အပင်များ ဖြစ်သည်။

## ကျွန်းမျိုးရင်း

ကျွန်းပင်၏သစ်သားသည် ခိုင်ခံ့သောကြောင့် ပရိဘောဂနှင့်လှေ၊သင်္ဘောများ ပြုလုပ်ရာတွင် အသုံးဝင်သဖြင့် ၎င်းကို ရာစုနှစ် များစွာကပင် တန်ဖိုးထားခဲ့ကြသည်။ မျိုးစိတ် ၂၆၀၀ အနက် အများစု၌ လှပသောအပွင့်များ ပွင့်သည်။

အပင်များသည် သစ်ပျော့ပင်၊ ချုံပင်နှင့် သစ်မာပင်များ ဖြစ်သည်။ လေးထောင့်ပင်စည်ရှိ၏။ အပူပိုင်းနှင့် အပူလျော့ပိုင်းဒေသများတွင် အများဆုံးပေါက်၏။ အချို့ကို မြောက်သမပိုင်းဒေသများတွင် တွေ့နိုင်သည်။



စိန်နားပန်ပင်သည် အနံ့ရှိသော ချုံပင်ဖြစ်ပြီး ပင်စည်၌ ဆူးမွှားများ ရှိ၏။ အမေရိကအပူပိုင်းနှင့် အပူပိုင်းနိုင်ငံများတွင် ပေါက်သည်။



ပန်းပဒေသာပင်တွင် ပိရမစ်ပုံပန်းခိုင်ရှိသည်။ ဒေသရင်းမှာ အာဖရိကအပူပိုင်းဖြစ်သည်။

# ပင်စိမ်းမျိုးရင်း

မင်သော်၊ ပင်စိမ်း၊ 'မာဂျော်ရမ်'၊ 'ပက်ပါမင့်' နှင့် 'တိုင်း'ပင်တို့သည် ပင်စိမ်းမျိုးရင်းဝင်များ ဖြစ်သည်။ မျိုးစိတ် ၃၂၀၀ အနက် အချို့မျိုးစိတ်မှ ထွက်သော နံ့သာဆီကို ရေမွှေးတွင် ရနံ့သင်းစေရန် သုံးသည်။

မျိုးစိတ်များကို ကမ္ဘာအနှံ့တွေ့နိုင်သည်။ အများစုမှာ သစ်ပျော့ပင်သို့မဟုတ် ချုံပင်များ ဖြစ်၏။ လေးထောင့်ပုံပင်စည်နှင့် ရွက်ဆိုင်များသည် အပင်၏ထင်ရှားသော လက္ခဏာဖြစ်သည်။ အပွင့်၏ ပြန့်ကားသော အောက်နှုတ်ခမ်းတွင် ပျားများနားနေစဉ် ဝတ်ဆံဖိုများ ငိုက်ကျလာပြီး ပျားကိုဝတ်မှုန်ဖြင့် လိမ်းကျံပေးသည်။ ပျားဖြင့် ဝတ်မှုန်ကူးစေရန် ဖန်တီးချက် ဖြစ်သည်။



ရှေးကပင် 'လာဗင်ဒါ' ပင်၏ အဆီကို ဆပ်ပြာနှင့် ရေမွှေးတွင် ရနံ့သင်းစေရန် သုံးသည်။



ရောင်စုံ အရွက်များရှိသည့် ရွက်လှပန်းကို ပူနွေးသော ဒေသတွင် စိုက်သည်။



ဇီယာဖြူပင်၏အရွက်များမှ အဆီကို ဆေးဝါးတွင် သုံးသည်။



'ရို့စမေရီ' ပင်ကို ဟင်းခတ်အမွှေးအကြိုင် အဖြစ်လည်းကောင်း၊ ရေမွှေးပြုလုပ်ရာတွင်လည်းကောင်း သုံးသည်။



'ဂါဒင်ဆေ့'ပင်သည် ရနံ့ရှိချုံပင်ပုဖြစ်ပြီး အစားအစာတွင် ရနံ့သင်းစေရန်အပြင် လက်ဖက်ခြောက်နှင့် ဝိုင်ပြုလုပ်ရာတွင် သုံးသည်။



တိုင်းပင်များ ထူထပ်စွာပေါက်နေပုံ (တိုက်ကပ်နွယ်ပင်၏အရွက်များနှင့် ရောနေသည်။) ၎င်း၏အဆီကို ရေမွှေးပြုလုပ်ရာတွင် သုံးသည်။



'မြေအိုင်ဗီ'ပင်သည် နွေဦးရာသီ၌ ပွင့်သည်။



'အနာပျောက်ဆေး' ပင် သည် သမပိုင်းဒေသတွင် ပေါက်သည်။



'နဂါးခေါင်းအတု'ပင်သည် နှစ်ရှည်ခံပင် ဖြစ်သည်။



'ဂျပန် သွေးတိတ်'ပင်၏ အရွက်ကို သွေးတိတ်ဆေးအဖြစ် သုံးခဲ့သည်။



မင် သော်ပင်ကို အနံ့အရသာ အတွက် သုံးသည်။

## အကြောတစ်ထောင်မျိုးရင်း

ဤမျိုးရင်းဝင်အပင်များသည်ပေါင်းပင်များ ဖြစ်သည်။ အစေ့များကို လှောင်အိမ်မွေး ငှက်များကျွေးနိုင်သည်။ မျိုးစိတ်တခုကို တရုတ်ပရဆေးတွင် ဆေးတမည်အဖြစ် သုံးသည်။

မျိုးစိတ် ၂၀၀ ခန့်ရှိသည်။ သမပိုင်းဒေသများတွင် အတွေ့ရများသည်။ နှင်းဆီပွင့်ပုံ အနေအထားရှိသော အရွက်နှင့် ကတော့ပုံ အပွင့်ငယ်ရှိသည်။



အကြောတစ်ထောင်ပင်(အထက်)၊ အကြောတစ်ထောင်အပင်ကြီး (ယာ) ကို သမပိုင်းဒေသ၌တွေ့ရသည်။ ဆေးဖက်ဝင်သည်။




## ဗယ်လာရီယန်မျိုးရင်း

'ဗယ်လာရီယန်'မျိုးရင်းဝင် မျိုးစိတ် ၃၇၀ ခန့်ရှိသည်။ အပင်များကို ဆေးဝါးနှင့် ဟင်းခတ်အမွှေးအကြိုင်အဖြစ် သုံးသည်။ ဤမျိုးရင်းမှ မျိုးစုတမျိုး၏ အရွက်ကို အစိမ်းစားနိုင်သည်။ ဆေးဝါးအတွက်အသုံးပြုသည့်အဆီကို အခြားမျိုးစုဝင်အပင်များ၏ မြေအောက်ပင်စည်များမှ ထုတ်ယူသည်။ ပင်စည်ထိပ်တွင် စု၍ အပွင့်ပွင့်သည်။



ပန်းရောင်ပွင့်သော ဗယ်လာရီယန်ပင်သည် သေးသွယ်လှပသော်လည်း အနံ့မှာ ဆိုးရွားသည်။

## ဟန်းနီးဆတ်ကယ်မျိုးရင်း

'ဟန်းနီးဆတ်ကယ်' မျိုးရင်းဝင် အပွင့်များတွင် ချိုသောဝတ်ရည်ရှိသဖြင့် ငှက်ပိတုန်းနှင့် ရှည်လျားသောလျှာရှိသည့် 'အင်းဆက်' ပိုးများ ကြိုက်သည်။ မျိုးစိတ် ၂၇၅ မျိုးခန့် ရှိသည်။ မွှေးသောပန်းများသည် ဘီးပုံ၊ ကတော့ပုံ သို့မဟုတ် နှုတ်ခမ်းပုံရှိပြီး အဖြူမှအဝါသို့ အရောင်ပြောင်းနိုင်သည်။ အတွင်းခုံမာသီး သို့မဟုတ် 'ဗယ်ရီ' သီးရှိသည်။ အများစုသည် မြောက်သမပိုင်းဇုံများတွင် ပေါက်သည်။



'ဝေးဖဲရင်း' ပင်သည် ဥရောပတိုက် ထုံးမြေတွင်ပေါက်သော ချုံပင်မြင့် ဖြစ်၏။



ရနံ့အသင်းဆုံး ဤဟန်းနီးဆတ်ကယ်ပင်ကို ဟိမဝန္တာမှ အင်ဒိုနီးရှားအထိ တွေ့နိုင်၏။

# ကော်ဖီမျိုးရင်း

လက်ဖက်ရည်ကဲ့သို့ပင် ကော်ဖီသည်လည်း နှစ်ခြိုက်စွာ သုံးဆောင်ကြသော စားသောက်ဖွယ်တစ်မျိုး ဖြစ်သည်။ သို့သော် မျိုးရင်းဝင် အပင်များသည် ဆေးဝါးအတွက်လည်း ကျော်ကြားသည်။ 'ဆင်ကိုနာ'ပင်၏အခေါက်မှရသော 'ကွီနိုင်'ဆေးသည် ငှက်ဖျားရောဂါကို ကုသနိုင်ကြောင်း တွေ့ရှိချိန်မှစ၍ ဆေးကောင်းတမည် ဖြစ်ခဲ့သည်။ မျိုးစု 'အန်ကာရီယာ'သည် သားရေနယ်ရာ၌ အသုံးဝင်သည်။

ကော်ဖီမျိုးစိတ်များစွာ ရှိသည်။ ဒေသအလိုက် ကော်ဖီပင်မျိုးပေါ်မူတည်၍ အနံ့အရသာ ကွာခြားသောကြောင့် ၎င်းတို့ကို ရောစပ်ခြင်းဖြင့် ကော်ဖီအမျိုးမျိုး ရနိုင်သည်။ အမြဲစိမ်းချုံပင်မြင့်ဖြစ်ပြီး 'ဗယ်ရီ'သီးရှိသည်။ အသီးရင့်မှည့်ချိန်တွင် အစေ့များကို အခြောက်လှန်းပြီး အနံ့ရရှိရန် လှော်ရသည်။

ဤမျိုးရင်းဝင် အပင်များသည် သစ်ပျော့ပင်၊ ချုံပင်၊ နွယ်ပင်နှင့် သစ်မာပင်များ ဖြစ်သည်။ ၎င်းတို့ကို နွေးသောဒေသများတွင် တွေ့နိုင်သည်။ အရွက်များသည် ရွက်ဆိုင် သို့မဟုတ် စက်ဝိုင်းပတ် အနေအထား ရှိသည်။



ကော်ဖီပင်၏ဒေသရင်းမှာ အာဖရိကဖြစ်၏။ ယခုအခါ အပူပိုင်းဒေသများ၏ အရေးပါသော စီးပွားဖြစ်သီးနှံပင် ဖြစ်သည်။ ၎င်း၏အပွင့်သည် မွှေးသည်။



ဂျာဗားပုဏ္ဍရိက်ကို အလှစိုက်ပင်နှင့် စိုက်ပျိုးပင်အဖြစ် တွေ့ရသည်။ ပန်းရောင်နှင့် အဝါရောင်ပွင့်သော မျိုးပြားများလည်း ရှိသည်။



အနောက်အာဖရိကရှိ ပွင့်တူရွက်တူပင်တွင် ကြက်သွေးရောင် ပွင့်ဖတ်များ ရှိသည်။ အဝါ၊ အဖြူ၊ လိမ္မော်ရောင် အပွင့်များလည်း ရှိသည်။



ဇီဇဝါပွင့်တွင် မွှေးသော ရနံ့ ရှိသည်။



'မက်ဒါ'ပင်၏အမြစ်မှဆိုးဆေးအနီရ၏။



တောင်အမေရိက ဆင်ကိုနာပင်၏ အခေါက်မှရရှိသော ကွီနိုင်ကို ဆေးအဖြစ် သုံးသည်။

# ဗူးမျိုးရင်း

ရွှေဖရုံ၊ ဖရုံ၊ သခွား၊ ခွံကြမ်းသခွားမွေး၊ အပူပိုင်းအမေရိက ဖရဲမျိုးနှင့် ဖရဲများသည် ဗူးမျိုးရင်းဝင်အသီးများ ဖြစ်သည်။ အသားများကို ခြစ်ထုတ်၍ အသီးကို အခြောက်ခံလျက် လိုသလိုလှီးယူပြီး ဗူးများ၊ ခွက်များနှင့် တူရိယာပစ္စည်းများပြုလုပ်သည်။

မျိုးစိတ် ၇၅၀ ရှိသည်။ အမွေးထူသော တနှစ်ခံ သစ်ပျော့ပင်များဖြစ်ပြီး နွယ်မောင်းများဖြင့် နွယ်တက်သည်။ အဖိုပွင့်နှင့် အမပွင့်သည် မျိုးစိတ်ကိုလိုက်၍ တပင်တည်း သို့မဟုတ် သီးခြားအပင်တွင် ပွင့်လေ့ရှိသည်။ ကြီးမားသည့် 'ဗယ်ရီ' သီးများ ရှိသည်။




ဗူးခါးပင် (အထက်) သည် အပူပိုင်းဒေသတွင် ပေါက်သည်။ မာကျောသောအသီးခွံကို ရေဗူးအဖြစ် သုံးသည်။




ဂျပန်ရှိ 'ထရိုင်စကိုဆန်သီ' နွယ်ပင်၏ အသီးကိုစားနိုင်သော်လည်း ရင့်လျှင် အမြစ်၏နည်းတူ အဆိပ်ဖြစ်သည်။

သပွတ်သီး (ယာ) ကို စားနိုင်သည်။ သပွတ်အူကို တခါတရံ အိုးတိုက်ရာတွင် သုံးသည်။






သခွားသီးကို အစိမ်းစားနိုင်၏။ အမျိုးမျိုး အချဉ်တည်၍လည်း စီးပွားဖြစ် ရောင်းသည်။



ရွှေဖရုံပင်ကို ပူနွေးသော ဒေသများတွင် စိုက်သည်။ အမေရိကန်ပြည်ထောင်စုတွင် ရွှေဖရုံ အဆာသွတ်မုန့်ကို လူကြိုက်များသည်။



ကြက်ဟင်းခါးပင်ကို အပူပိုင်းဒေသများတွင် စိုက်သည်။




ဖရဲပင်၏ ဒေသရင်းမှာ အာဖရိက ဖြစ်၏။ အသီးသည် ချို၏။ အစေ့ကို လှော်စားရ၏။




အဖူး၊ လိမ္မော်နှင့် အစိမ်းနုရောင်ရှိ ခွံကြမ်းသခွားမွေးအသီးသည် ချိုသည်။

## ခေါင်းလောင်းပွင့်မျိုးရင်း

ဤမျိုးရင်းတွင် အပြာနှင့်ခရမ်းပြာရောင် ခေါင်းလောင်းပုံအပွင့်များ ရှိသည်။ မျိုးစိတ် ၁၅၀၀ ခန့်ရှိပြီး သစ်ပျော့ပင်များ ဖြစ်သည်။ မြောက်သမပိုင်း ဒေသတွင် ပေါက်သည်။ အချို့ကို အပူပိုင်းဒေသရှိ တောင်ကုန်းများပေါ်တွင် တွေ့နိုင်သည်။ ပင်စည်တွင် နို့စေးရှိသည်။



'ပလက်တီကိုဒွန် ဂရန်ဒီဖလောရတ်'



'လိုဗီလီယာ အီရီနတ်'ကိုပန်းခင်းများ တွင် စိုက်ပျိုးသည်။



'ကင်တာဗာရီခေါင်းလောင်းပွင့်'ပင်သည် နှစ်နှစ်ခံ အလှစိုက်ပန်းပင် ဖြစ်သည်။



'လိုဗီလီယာ ကီနိုင်စစ်'သည် အာဖရိကတိုက် ကင်ညာတောင်ပေါ်ရှိ သစ်တောတွင်ပေါက်သည်။ သုံးမီတာကျော် မြင့်သည်။

## ဒေစီမျိုးရင်း

'ဒေစီ'မျိုးရင်းတွင် မျိုးစိတ် ၂၀၀၀၀ ခန့်ရှိပြီး စေ့ရှက်စုံမျိုးရင်းများအနက် အဆင့်အမြင့်ဆုံး ဖြစ်၏။ အပွင့်ငယ်များသည် စုစည်းလျက် ဦးခေါင်းငယ် ပန်းခိုင်အဖြစ် ဖွဲ့စည်းထားသဖြင့် 'အင်းဆက်'ပိုး တကောင်တည်းက အပွင့်အားလုံး သို့မဟုတ် အချို့ကို ဝတ်မှုန်ကူးပေးနိုင်သည်။ ပန်းခိုင်များကို ပွင့်ခံရွက်များဖြင့် ဝန်းရံထားသည်။

စားရသော 'အာတီချုတ်'၊ ဆလတ်နှင့် ပန်းခင်းများတွင် တွေ့နိုင်သော ဂန္ဓမာ၊ ဒေလီယာတို့သည် ဒေစီမျိုးရင်းဝင်ဖြစ်သည်။ ဂန္ဓမာကိုလွန်ခဲ့သည့် နှစ် ၂၅၀၀ ခန့်ကပင် တရုတ်ပြည်၌ စိုက်ပျိုးခဲ့သည်။

နေကြာပင်များကို အမေရိကန်ပြည်ထောင်စုရှိ အင်ဒီးယန်းများက စတင်စိုက်ပျိုးခဲ့သည်။ နေလမ်းကြောင်းကိုလိုက်၍ပွင့်နေတတ်သောကြောင့် နေကြာပင်ကို နေ၏အမှတ်တံဆိပ်အဖြစ် ၎င်းတို့က မှတ်ယူခဲ့သည်။

ဆွီဒင်လူမျိုး ရုက္ခဗေဒပညာရှင် အင်ဒါဒါးလ်ကို ဂုဏ်ပြုမှည့်ခေါ်ခဲ့သော ဒေလီယာပင်များကို မျိုးစပ်ခြင်းဖြင့် မျိုးပြားများ ရရှိခဲ့သည်။

မျိုးစိတ်များသည် သစ်ပျော့ပင်ဖြစ်သည်။ နေကြာသည် နေ့ဘက်တွင်ပွင့်ပြီး ညဘက်တွင်ငုံသည်။ အစေ့နှင့်တူသော အသီးများတွင် ရှည်လျားသောအမွေးများရှိသဖြင့် မိခင်အပင်မှ ကြွေချိန်တွင် လေနှင့်အတူ ပျံ့လွင့်နိုင်သည်။



လှပသည့် ဒေလီယာ



'ကော်လာရက် ဒေလီယာ'



ကွင်းပြင်များတွင် ပေါက်သည့် 'သစ်ဆယ်'ပင်



တိရစ္ဆာန်များကို အဆိပ်သင့်စေသည့် ကပ်စေးနှဲကြီးပင်



နေကြာတစ်မျိုးဖြစ်သည့် 'လီယွန်တိုပိုဒီယမ် ဂျပွန်နီကမ်'



ဆေးအဖြစ်သုံးသည့် ဆေးဖက်ဝင် ဒေါနမျိုး



ဆီထွက်နေကြာပင်၊ အစေ့မှ ဆီရသည်။



'ဒန်ဒီလိုင်ယန်' ပင်ကို မြောက်သမပိုင်းဒေသများတွင် တွေ့ရသည်။ အသီးတွင် အမွေးပါသည်။ ဘောလုံးငယ်များနှင့်တူသည်။



ဒန်ဒီလိုင်ယန်အပွင့်ရှိ အစေ့များသည် အချိန် မှန်မှန် ထွက်ကျလေ့ရှိ၏။ ဇီဝနာရီဟု တင်စားခေါ်သည်။



အမေရိကရှိ 'ဂျေရုဆလင် အာတီချုတ်' တွင် ချက်စားနိုင်သော အာလူးနှင့်တူသည့် ကျူဗာများ ရှိသည်။



မက္ကဆီကန်မျိုး ထပ်တစ်ရာပန်းပင်သည် တနှစ်ခံပင် ဖြစ်သည်။



အိုးစိုက်ဂန္ဓမာပင်များ



'အိချိမိုညီ' ဂန္ဓမာအပွင့်ကြီးမျိုး



သြစတြေးလျပန်းခြောက်မျိုးသည် အပွင့်ကြာရှည်ခံခြင်းကြောင့် မညိုးပန်းဟု အမည်တွင်သည်။



ဆလတ်ပန်းပင်



ဆူးရှိ 'ဆိုးသစ်ဆယ်' ပင်



'နွားမျက်စိဒေဇီ' ပင်



'ကွန်းဖလားဝါး' ပင်



မော်လမြိုင်ပန်းပင်

## ဇော့ရှက်ထီးမျိုးရင်းများ

လူတို့သည် အပင်များကို အစာအတွက် စတင်စိုက်ပျိုးချိန်မှစ၍ မြက်မျိုးရင်းတွင် ပါဝင်သည့် စပါး၊ ဂျုံနှင့် ပြောင်းကဲ့သို့သော ဇော့ရှက်ထီးပင်များကို စိုက်ပျိုးခဲ့ကြသည်။ ဇော့ရှက်ထီးပင်များသည် ဇော့ရှက်စုံပင်များထက် ဖွဲ့စည်းပုံ ပို၍ရှင်းလင်းသည်။

### ရှင်မွေးလွှန်းမျိုးရင်း

ဤမျိုးရင်း၌ ရှည်လျားသောပင်စည်များရှိသည်။ သမပိုင်းဒေသရှိ ရွှံ့ညွန်၊ အိုင်များနှင့် ကန်များအတွင်း၌ ပေါက်သည်။ မျိုးစိတ် ၁၅ မျိုးခန့်၏ ပင်စည်နှင့် အရွက်များကို မြက်ဖျာများရက်လုပ်ရန်နှင့် အသီးခြောက်များကို ခေါင်းအုံးသွတ်ရန်သုံး၏။ တောင့်တင်းရှည်လျားသောအရွက်နှင့်လိင်တမျိုးတည်းပါသော အပွင့်ရှိသည်။

### အုတ်ခါးမျိုးရင်း

ဤမျိုးရင်းဝင်အပင်များသည် စိုစွတ်သောနေရာများတွင် အမြဲပေါက်လေ့ သည်။ အရွက်များသည် ပျော့ပျောင်းပြီး ရေမြှုပ်ကဲ့သို့သော ရွက်ညှာရှိသည် ကမ္ဘာ့မြောက်ဘက်ခြမ်းဒေသရှိ မျိုးစိတ် ၆၀ အနက် တမျိုး၏ အရွက်သဉ မြားပုံ ဖြစ်၏။ ၎င်းတို့၏ ‘ကွမ်’အတက်များကို စားသုံးနိုင်သည်။

### ရေအိုင်ပေါင်းပင်မျိုးရင်း

မျိုးစိတ် ၉၀ ခန့် ရှိသည်။ နှစ်ရှည်ခံပင်များဖြစ်ပြီး ရေချိုတွင် ပေါက်သည် အရွက်များသည် ရေမျက်နှာပြင်ပေါ်တွင် ပေါလောမျောလျက်ဖြစ်စေ၊ ေ အောက် မြုပ်လျက်ဖြစ်စေ အစာဖွဲ့စည်းနိုင်၏။ လိင်တမျိုးတည်း သို့မဟုတ် ဒွိလိင်ပွင့်များနှင့် အတွင်းခွံမာသီး သို့မဟုတ် ခွံမာတစ်စေ့သီးများ ရှိသည်။




ရှင်မွေးလွှန်းအပင်ကြီးမျိုးသည် သမပိုင်းဒေသရှိရွှံ့ညွန်နှင့်ကန်များထဲ၌ပေါက်၏။




အုတ်ခါးပင်သည် အရှယ်လတ်ပင်ဖြစ်ပြီး နွေတွင် ပွင့်၏။ ကစီပါသော ကွမ် အတက်ကို စားသုံးနိုင်သည်။




‘ရေအိုင်ပေါင်း’ ပင်၌ ‘ရိုင်ဇုမ်း’ ရှိပြီး ရွှံ့ညွန်ထဲတွင် ပေါက်သည်။ ဆင်တီမီတာ ၆၀ အထိ မြင့်သည်။

### ဆပ်သွားဖူးမျိုးရင်း

မျိုးစိတ် ၃၀၀ ခန့်ရှိပြီး သစ်မာပင်၊ ချုံပင်နှင့် နွယ်ပင်အထိ ရှိနိုင်သည်။ အာရှ၊ အာဖရိကမှ ပစိဖိတ်ဒေသများအထိ ပျံ့နှံ့သည်။ ဆူးပါသော အရွက်များသည် ပင်စည်ကို ခရုပတ်စီ၍ ထွက်၏။ အရွက်များကို ဖျာများ၊တောင်းများရက်လုပ်၏။အချို့အသီးများသည်အရည်ရွှမ်းပြီးအချို့မှာ မာကျော၏။ အသီးများကို စားသုံးနိုင်သည်။ ဆပ်သွားဖူး မျိုးစိတ်တခု၏ အရွက်ကို အစားအစာနှင့် ဖျော်ရည်များတွင် အမွှေးအကြိုင် အဖြစ် အသုံး ပြုသည်။ မျိုးစိတ် အချို့တွင် ပင်စည်ရှိ မြေပေါ်သို့ ပေါ်နေသော အမြစ်များသည် အပင်ကို ထောက်ပေးထားသည်။ လိင်တမျိုးတည်းပါသောအပွင့်ငယ်များအဆုပ်လိုက် ပွင့်သည်။





ဆပ်သွားဖူးပင်၏ ပင်လုံးထောက်မြစ် (ဝဲ)၊ ဆပ်သွားဖူးပင်ကြီး (အထက်) တွင် ဆူးရှိသည့် အရွက်ရှည်နှင့် မာကျောသော အသီးများရှိသည်။ အိန္ဒိယနှင့် ပစိဖိတ် သမုဒ္ဒရာကမ်းခြေတွင် တွေ့ရသည်။

## ငါးရှဥ့်မြက်မျိုးရင်း

ဤမျိုးရင်းဝင် အပင်များသည် ထူးခြားစွာပေါက်သည်။ မျိုးစိတ်တခုသည် ရေပေါ်တွင် ပေါလောမျောနေပြီး ကြာပွင့်ငယ်နှင့်တူသည်။ အချို့၌ရှည်လျားသောပင်စည်နှင့် အမြစ်အနည်းငယ်ရှိ၏။အချို့၌အမြစ်များစွာရှိပြီး အရွက်ဖားများ ငိုက်ကျနေသည်။ မျိုးစိတ်အလိုက်ရွက်ပြားမျိုးရှိသကဲ့သို့ သေးသွယ်ပြီး အရောင်ကြည်လင်သော အရွက်မျိုးလည်းရှိသည်။ အများစုသည် အပူပိုင်းဒေသရှိ ပင်လယ်ရေတိမ်ပိုင်း၌ ပေါက်သည်။ ရေချိုတွင် ပေါက်သော အပင်၏ အပွင့်များ၌ လိင်တမျိုးတည်းသာပါသည်။အမပွင့်များသည် ရေပေါ်တွင်ပေါ်နေပြီး အဖိုပွင့်များသည် ရေအောက်တွင်မြုပ်နေ၏။မျိုးပွားချိန်၌အဖိုပွင့်သည် ရေပေါ်သို့ပေါ်လာပြီး အမပွင့်နှင့် ယှဉ်တွဲလျက်မျောဃင်းဝတ်မှုန်ကူး၏။

## သုံးထောင့်မြက်မျိုးရင်း

မျိုးစိတ် ၃၂၀၀ ရှိပြီး မြက်နှင့် သဏ္ဌာန်တူသည်။ နှစ်ရှည်ခံပင်များဖြစ်ပြီး ရွှံ့ညွန်ထဲတွင် ပေါက်သည်။ အခေါင်းပိတ်၊ သုံးထောင့်ပင်စည်နှင့် ရှည်လျားသေးသွယ်သည့်အရွက်ရှိပြီး လိင်တမျိုးတည်း သို့မဟုတ် ဒွိလိင်အပွင့်များသည် အစုလိုက် ပွင့်သည်။ ပင်စည်နှင့်အရွက်တို့၌ 'ဆီလီကာ' ခေါ်တုပ်ဆောင်ခဲများ ပါဝင်သောကြောင့် ထိမိလျှင် ရှစေတတ်၏။



အလှမွေးငါးကန်တွင် စိုက်သော 'ဟိုက်ဒရီလာ ဗာတီစီလာတာ' ကို အရှေ့အာရှ ရှိလယ်ကွင်းနှင့်ကန်များ၌တွေ့နိုင်သည်။



ငါးရှဥ့်မြက်ကိုအလှမွေးငါးကန်တွင် လှပစေရန် စိုက်၏။



'ဆိုက်ပရတ် မိုက်ကရှိုင်ရီယာ' ၌ ဝက်မှင်ဘီးနှင့်တူသည့် ပွင့်ညှာမဲ့ ရေစိမ့်ပန်းခိုင်ရှိ၏။ ပင်စည်နှင့်အရွက်တွင် ဆီလီကာပါသဖြင့် တိရစ္ဆာန်များ မစားနိုင်ချေ။



အာရှ 'ဟိုက်ဒရိုကဲရစ်' ပင်တွင် ပေါလောမျောသည့် အရွက်များရှိပြီး အဖိုပင်နှင့် အမပင် သီးခြားရှိသည်။


အာဖရိက သုံးထောင့်မြက်ပင်စည်၏အူတိုင်ကို ရှေးခေတ် အီဂျစ်လူမျိုးများက စာရေးစက္ကူများ ပြုလုပ်၏။

# မြက်မျိုးရင်း

အနောက်တိုင်းအတွက် အာဟာရကိုပေးခဲ့သော ဂျုံ၊ ရာစုနှစ်များစွာကပင် တရုတ်လူမျိုးများ စိုက်ခဲ့သော စပါး၊ အမေရိကန် အင်ဒီးယန်းလူမျိုး အစဉ်အဆက်အာဟာရဖြစ်သော ပြောင်း၊ ကမ္ဘာဟောင်းရှိလယ်သမားနှင့် စစ်သားတို့၏ အာဟာရဖြစ်ခဲ့သော မုယောစပါးသည် မြက်မျိုးရင်းဝင်အပင်များဖြစ်သည်။

အစိမ်းရောင် အရွက်ငယ်များရှိသည့် မြက်ပင်များသည် မြက်ခင်းများအဖြစ်သာမက လှပသောဥယျာဉ်များ၊ ဝါးတောများအပြင် ကမ္ဘာအနှံ့ ပေါက်လျက်ရှိသည်။

မြက်မျိုးရင်းဝင်ကြံမှ ကမ္ဘာသုံးသကြား ၆၀ ရာခိုင်နှုန်းကိုရသည်။ ဝါးမှ အိမ်ဆောက်ပစ္စည်း၊ စက္ကူနှင့် အစားအစာ ရသည်။ မြက်ပင်များသည် မြေကြီးကို ရေတိုက်စားခြင်းမှ ကာကွယ်သည်။

မြက်ပင်၏ပင်စည်သည် အခေါင်းပွ ဆလင်ဒါပုံဖြစ်သည်။ အဆစ်နေရာတို့၌ အခေါင်းပိတ်ဖြစ်သည်။ အရွက်များသည် ရှက်လွှဲအနေအထားရှိပြီး အရွက်ရင်းသည် ပင်စည်ကိုဖုံးအုပ်လျက်ရှိသည်။ အစုလိုက်ပွင့်ပြီး လေဖြင့်ဝတ်မှုန်ကူးသည်။ ပြောင်းပင်၏ ပြောင်းဖူးမွေးများသည် ဝတ်ဆံမတိုင်များဖြစ်ပြီး လေဖြင့်ဝတ်မှုန်ကူးရန် အပြင်သို့ထိုးထွက်နေသည်။



အုတ် ဂျုံ အ ရိုင်း သည် ဥရောပတဝန်းလုံးတွင် ပျံ့နှံ့စွာ ပေါက်သည်။ စိုက်ပျိုးပင် အုတ်ဂျုံမျိုးယဉ်ကို လူနှင့် တိရစ္ဆာန်တို့ စားသုံးနိုင်သည်။



အိန္ဒိယကျိတ်ပင်သည် နှစ်ရှည်ခံပင် ဖြစ်သည်။ တောင်အာရှနှင့် အရှေ့အာရှတို့တွင် ပထမဆုံး စိုက်ပျိုးသောအပင် ဖြစ်ဟန်ရှိသည်။



အရှယ်လတ် တနှစ်ခံပင် 'လှုပ်ယမ်းမြက်' ၏ ဒေသရင်းမှာ မြေထဲပင်လယ် ဖြစ်သည်။



မုယောစပါးပင်၏ ဒေသရင်းမှာ အနောက်အာရှဖြစ်သည်။ အနောက်တိုင်းတွင် ၎င်းကို စားသုံးရန်နှင့် ဘီယာချက်ရန် ပထမဆုံး စိုက်ပျိုးသည့် ကောက်မျိုးဖြစ်ဟန် ရှိသည်။



ရိုင်းစပါးသည် အရှေ့မြောက်ဥရောပနှင့်အနောက်အာရှဒေသအတွက် အဓိကသီးနှံ ဖြစ်သည်။ ရိုင်းပေါင်မုန့်နှင့် ရိုင်းဝီစကီ ပြုလုပ်သည်။



ကြံပင်သည် အပူပိုင်းနိုင်ငံများတွင် စီးပွားဖြစ် စိုက်သော အပင်ဖြစ်သည်။



နှံစားပြောင်းပင်သည် တနှစ်ခံပင်ဖြစ်ပြီး အာဟာရဓာတ် ကြွယ်သည်။



ဝါးမှ အိမ်ဆောက်ပစ္စည်းများ ရသည်။ ၎င်းသည် အရှေ့တောင်အာရှတွင် လူကြိုက်များသည်။



ရှေးဦးလူတို့သည် ဂျုံကို ရေနှင့်ရော၍ အစေးပေါက်အောင် နယ်ပြီးနောက် ပူသောကျောက်ပြားပေါ်တွင်ဖုတ်၍ ပေါင်မုန့်ဖြစ်လာဟန်ရှိသည်။ လွန်ခဲ့သော ရာစုနှစ်အနည်းငယ်က အနောက်နိုင်ငံများတွင် မုယောစပါးအစား ဂျုံကို အဓိကအစာအဖြစ် စားသုံး၏။ ဂျုံသည် ဆန်ထက် ပရိုတင်းပိုများသည်။

## အရေးကြီးသောကောက်နှံများ

ပြောင်းဖူးသည် သမမန္ဒေးပိုင်းမှ အပူပိုင်းဒေသအထိ အရေးပါသော သီးနှံဖြစ်သည်။ ကိုလန်ဘတ်မှတ်တမ်းပြုခဲ့သည့် အချိန်အထိ ကမ္ဘာ့အနောက်ဘက်ခြမ်းမှလွဲ၍ ကျန်ဒေသရှိလူများ မကြားဖူးကြပေ။ အိန္ဒိယနိုင်ငံတွင် ပြောင်းဖူးပင်ကို အကြီးအကျယ်စိုက်ပျိုး၏။ ပြောင်းဖူးသည် ဂျုံကဲ့သို့ အာဟာရ မဖြစ်သော်လည်း အမေရိကတွင် နှစ်ပေါင်း ၆ ၀ ၀ ၀ ကျော်ခန့်က စတင်စိုက်ပျိုးခဲ့၏။ တောင်အာရှနှင့် အရှေ့တောင်အာရှရှိ သန်းပေါင်းများစွာသော လူတို့သည် စပါးကို မှီခိုအားထားရသည်။



လယ်သမားများသည် စပါးကိုလယ်ကွင်းများတွင် မိုးရေ သို့မဟုတ် မြစ်၊ ချောင်းများမှ သွယ်ယူသည့်ရေဖြင့် စိုက်ပျိုးသည်။



ပြောင်းဖူး၏အဖိုပွင့်များသည် ပန်းဖွားနှင့်တူသည့်ပွင့်ညှာမဲ့ ရေစီမှိုပန်းခိုင်၏ ထိပ်ဖျား၌ရှိပြီး အမပွင့်များသည် အောက်ဘက်၌ရှိ၏။









အစေ့များကို ရှေးဦးစွာ ပျိုးထောင်ရသည်။ (အထက်ဝဲ)၊ အစေ့မှ အပင်ပေါက်များ အသင့် ဖြစ်လာသည်။ (အထက်ယာ)၊ ၎င်းတို့ကို လယ်ကွင်း၌ ပြောင်းရွှေ့စိုက်သည်။ (အောက်ဝဲ)၊ စပါးမှည့်ချိန်၌ ရိတ်သိမ်း၍ ကြိတ်ခွဲပြီး ရောင်းချသည်။ (အောက်ယာ)

## အုန်းမျိုးရင်း

မျိုးစိတ် ၄၀၀၀ ရှိ၏။ အုန်းပင်၏ပင်စည်မှသစ်ရ၏။ အုန်းဆံကို ကြိုး၊ တံမြက်စည်းနှင့် ဖျာများပြုလုပ်နိုင်၏။ အုန်းဆီကို အုန်းသီးဆန်မှရ၏။ အုန်သီးဆန်ကို အစားအစာအမျိုးမျိုး ပြုလုပ်ရာဘွင် သုံး၏။ သကြားနှင့် ကစော်ရည်ကို အုန်းရည်မှရ၏။ ဝမ်းရောဂါဖြစ်သူ၏သွေးကြောထဲသို့ အုန်းနုရည်ကို သွင်းပေးခြင်းဖြင့် အသက်ကယ်နိုင်၏။

ကြိမ်ဖြင့် အိမ်ထောင်ပရိဘောဂများ ပြုလုပ်နိုင်၏။ ဆပ်ပြာနှင့်ဟင်းချက်ထောပတ်ကိုအုန်းဆီမှချက်ယူနိုင်၏။ဓနိရွက်များကို အမိုးအကာ၊ထီး၊ခြင်းနှင့် ဦးထုပ်များ ရက်လုပ်နိုင်၏။ ဓနိရည်မှ သကြား၊ အယ်လကိုဟောနှင့် ရှလကာရည်ရ၏။ အသီးကို စားသုံးနိုင်၏။ စွန်ပလွံပင်သည်လည်း ဤမျိုးရင်းတွင် ပါဝင်သည်။

အပင်များသည် သစ်မာချုံပင်၊ သစ်မာပင်နှင့် နွယ်ပင်များဖြစ်၏။ အရွက်များကြီးမားပြီး ငှက်မွေးပုံ သို့မဟုတ် ယပ်တောင်ပုံဖြစ်၏။ အပူပိုင်းနှင့်အပူလျော့ပိုင်းဒေသ (အထူး သဖြင့် အ ရှေ့တောင် အာရှ) တွင် ပေါက် ၏။ သေးငယ်သော အပွင့်များ အစုလိုက်ပွင့်ပြီး လိင်တမျိုးတည်း သို့မဟုတ် ဒွိလိင်ရှိ၏။ အသီးသည် အတွင်းခွံမာသီး ဖြစ်၏။ ပုံသဏ္ဌာန် အရွယ်အစား အမျိုးမျိုးရှိ၏။






လက်ဝဲဘက်ရှိ ထန်းပင်၏ ဒေသရင်းမှာ အာဖရိကအနောက်ပိုင်းဖြစ်သည်။ ယခုအခါ အိန္ဒိယနှင့် သီရိလင်္ကာတွင် စိုက်သည်။ အပင်နိမ့်များသည် စွန်ပလွံမျိုးနွယ် ဖြစ်၏။ လက်ယာဘက်ရှိ 'ဖော်ကျွန်း' ထန်းသည် ပူနွေးသောဒေသနှင့် သမပိုင်းဒေသများ ရှိရှားပါးသော ထန်းမျိုးဖြစ်သည်။

## ပိန်းမျိုးရင်း

ပိန်းမျိုးရင်းဝင် အပင်များသည် နှစ်ရှည်ခံ သစ်ပျော့ပင်ဖြစ်ပြီး အပူပိုင်းနှင့် အပူလျော့ပိုင်းဒေသတို့တွင် ပေါက်သည်။ မျိုးစိတ် ၁၅၀၀ ရှိသည်။ ပိန်းဥတွင် ကစီပါရှိပြီး ပစိဖိတ်ဒေသ၏ အရေးပါသော အစာတစ်မျိုးဖြစ်သည်။ ပိန်းဥဖြင့် ချက်သော 'ပွိုင်' ဟင်းလျာသည် ဟာဝိုင်ယီဒေသတွင် နာမည်ကြီးသည်။ ပိန်းများတွင် 'ရိုင်ဇုမ်း'၊ 'ကွမ်' အတက် သို့မဟုတ် 'ကျူဗာ'စသည်ဖြင့် အစာသိုလှောင်ထားသော မြေအောက်ပင်စည် အမျိုးမျိုးပါရှိ၏။ အချို့မှာ သစ်ကပ်ပင် ဖြစ်သည်။

တင်းပုတ်ပုံ 'စပေးဒစ်' ပန်းခိုင်ရှိပြီး အပွင့်ငယ်များ စုလျက်ရှိသည်။ အရောင်ရှိသောပန်းခိုင်ဖုံးသည် ပြန့်ကားသဖြင့် ပန်းခိုင်ငယ်စဉ်၌ ဖုံးအုပ်လျက်ရှိသည်။ အသီးမှာ 'ဗယ်ရီ' ဖြစ်သည်။



ကြိမ်သည် အမြဲစိမ်းချုံပင် ဖြစ်သည်။ ပင်စည်ကို လက်ကိုင်တုတ်အဖြစ် သုံး၏။



အုန်းပင်များသည် ပင်လယ်ကမ်းစပ်တွင် ပေါက်၏။ အုန်းသီးသည် ရေပေါ်တွင် ပေါလောမျောနိုင်၏။



မင်းပေါပင်ကို အိန္ဒိယမှ သြစတြေးလျအထိ တွေ့နိုင်၏။ ငိုက်ကျနေသောအရွက်နှင့် အပွင့်များရှိ၏။



အနောက်အာဖရိကရှိ ဆီထွက်အုန်း၏ အသီးဆန်မှ ဆီရ၏။



အရှေ့တောင်အာရှရှိ မီတာ ၃၀ အထိမြင့်နိုင်သော ကြိမ်ပင်၏ ပင်စည်ကို ခြင်းရက်လုပ်၏။




'တရားဟော စင်မြင့်ပေါ်ရှိ ဂျက်'ခေါ် 'အေရီစီမာ' ပင်ကို အာရှသမပိုင်းဒေသရှိ သစ်တောများတွင် တွေ့နိုင်၏။



၁၂၅ ဆင်တီမီတာအထိမြင့်သော ဆူမတ္တရာ ပိန်းပန်းခိုင်သည် နှစ်နှစ်အရွယ် ကလေး ထက်ပင် မြင့်သည်ကို နှိုင်းယှဉ်ပြထား၏။ ၎င်းသည် ကမ္ဘာပေါ်တွင် အကြီးဆုံးသော ပန်းခိုင် ဖြစ်သည်။ အပွင့်မဟုတ်ချေ။



ဆိုးရွားသော အနံ့ကြောင့် 'အနံ့ဆိုးပုံ့ကောင်ဂေါ်ဖီထုပ်'ခေါ် ပိန်းမျိုး ဖြစ်သည်။ မြောက်အမေရိကနှင့် အရှေ့မြောက်အာရှတွင် တွေ့ရသည်။



နှစ်ရှည်ခံပင် ဖြစ်သော 'အင်သူရီယမ်' ပိန်းပန်းပင်၏ ဒေသရင်းမှာ တောင်အမေရိက ဖြစ်သည်။ မှန်အိမ် (green house) နှင့် အပူပိုင်းဒေသရှိ ဥယျာဉ်များတွင် စိုက်လေ့ရှိသည်။



'လိုင်စီချီတွန် ကင်ချာတင်'သည် အရှေ့မြောက် အာရှဒေသတွင်ရှိပြီး တောက်ပသော အပွင့်များ ရှိသည်။



မြောက်သမပိုင်းရှိ ရွှံ့ညွန်တွင်ပေါက်သည့် လင်းနေပင်မှ ဆေးဖော်ရန်နှင့် ရေမွှေး ပြုလုပ်ရန် အဆီထုတ်ယူနိုင်၏။



အပူပိုင်းအမေရိကရှိ 'ဗီလိုဒင်ဒရွန်'ပင်သည် အလှစိုက်ပင် ဖြစ်သည်။



'ကလေဒီယမ် ဗိုင်ကာလာ'သည် အရှေ့တောင်အာရှတွင် အလေ့ကျပေါက်၏။

## နာနတ်မျိုးရင်း

နာနတ်မျိုးပင်များသည် ဘရာဇီးတွင် အလေ့ကျပေါက်၏။ ယခုအခါ အပူပိုင်းရာသီဥတုရှိသည့် ဒေသများတွင် စိုက်၏။ အကောင်းဆုံးနှင့် အကျော်ကြားဆုံး နာနတ်သည် ဟာဝိုင်ယီကျွန်းနှင့်အနောက်အိန္ဒိယကျွန်းစုမှ ထွက်၏။ ဖိလစ်ပိုင်လူမျိုးများသည် အရသာရှိသည့် နာနတ်မျိုးများ၏အရွက်မှ လျှော်မျှင်များကို ပါးလွှာပြီး လှပသည့် 'ဗာရွန်' အထည်စများ ရက်လုပ်သည်။ နာနတ်မျိုးစိတ် ၂၀၀၀ တို့သည် သစ်ကပ်ပင်များ ဖြစ်၏။ ဒွိလိင်ရှိသောအပွင့်များသည် ပင်စည်အဖျားတွင် အစုလိုက်ရှိ၏။ အပင်အများစုသည် ခွက်နှင့်တူသည့် ပင်စည်ဗဟိုပိုင်းတွင် ရေကို သိုလှောင်သည်။ ၎င်းအပိုင်းတွင်ထူထဲသော အရွက်များ ထပ်လျက် ရှိ၏။



လက်ဝဲဘက်တွင် နာနတ်ပင်ဖြစ်ပြီးလက်ယာဘက်၌သေးငယ်သော အပြာရောင်အပွင့်များရှိသည့် နာနတ်ပန်းခိုင်ဖြစ်သည်။





နာနတ်မျိုး စပိန်ရေညှိတွင် သေးသွယ်၍ တွဲလဲကျနေသော ပင်စည်ရှိ၏။




ဗေဒါပင်၏ ရွက်ညှာသည်ဖောင်းပွသဖြင့် ပေါလောမျောနိုင်သည်။ အပွင့်များ အဆုပ်လိုက် ပွင့်သည်။ ပွင့်ဖတ်နှင့်ပွင့်ချပ် ပုံသဏ္ဌာန်တူ၏။

## ဗေဒါမျိုးရင်း

မျိုးရင်းဝင် မျိုးစိတ် ၂၀ မျိုးတို့၏ ရွက်ညှာသည် ဖောင်းပွပြီး လေခိုနေသောကြောင့် ရေပေါ်တွင် ပေါလောမျော၏။

ဗေဒါသည် တောင်အမေရိကမှတဆင့် အပူပိုင်းဒေသများသို့ ပျံ့နှံ့သည်။ ၎င်းတို့သည် ရေကြောင်းကို ပိတ်ဆို့ကာ ဒုက္ခပေးတတ်သည်။ တရုတ်ပြည်တွင်မူ ဝက်စာအဖြစ် သုံးသည်။

## မြစ်ချိုမျိုးရင်း

မျိုးရင်းဝင်အပင်များသည် နှစ်ရှည်ခံပင်များ ဖြစ်သည်။ အရွက်များ ရွက်လွှဲအနေအထားရှိပြီး ခရမ်း၊ အဖြူနှင့် ပန်းရောင် ဒွိလိင်အပွင့်များ ရှိသည်။

မျိုးစိတ် ၆၀၀ အနက် အများစုသည် အပူပိုင်းနှင့် အပူလျော့ပိုင်းဒေသများတွင် ပေါက်သည်။





မြစ်ချိုပင် (ဝဲ) ၏ဒေသရင်းမှာ မြောက်အမေရိကဖြစ်သည်။ မီးကွင်းဂမုန်းပင် (ယာ) ၏ ဒေသရင်းမှာ မက္ကဆီကိုနှင့် အနောက်အိန္ဒိယကျွန်းစု ဖြစ်သည်။










သစ်ကျူပင် (အထက်) သည် မြစ်ကမ်းတလျှောက်တွင် ပေါက်သော အပင်ငယ်တစ်မျိုးဖြစ်ပြီး 'ဂျုန်ကတ် ဒီစီ ပီယင်' ( ယာ ) သည် အာရှသမပိုင်းတွင်ပေါက်သော အရွယ်လတ်ပင် ဖြစ်သည်။

## ကျူမျိုးရင်း

နှစ်ရှည်ခံသစ်ပျော့ပင်ဖြစ်ပြီး ပုံသဏ္ဌာန်နှင့် အသုံးဝင်ပုံတို့သည် မြက်မျိုးရင်းနှင့် တူ၏။ လျှပ်စစ်မီးလုံးများမပေါ်မီက ကျူပင်စည်၏အူတိုင်ကို မီးစာအဖြစ် အသုံးပြု၏။ အရွက်နှင့်တူသောအရာသည် အမှန်မှာ ဆလင်ဒါပုံပင်စည် ဖြစ်သည်။ ပင်စည်ကို ဖျာများ ရက်လုပ်၏။ ၎င်းတို့၏ ဒေသရင်းမှာ ကမ္ဘာ့မြောက်ဘက်ခြမ်း ဖြစ်၏။

## ဒက်ဖိုဒယ်မျိုးရင်း

'ဒက်ဖိုဒယ်'မျိုးရင်းဝင် အပင်များသည် သစ်တောနှင့် ဥယျာဉ်များအတွင်းတွင် နွေဦးကာလ၌ အပြင်လိုက်ပွင့်သည်။ 'ဖပ်'အတက်ပါသော သစ်ပျော့ပင်များ ဖြစ်ပြီး ဒွိလိင်အပွင့်များရှိ၏။ အသီးများရင့်မှည့်လျှင် သုံးစိတ်ကွဲသွားပြီး အစေ့ထွက်ကျ၏။ သေးသွယ်သည့် အရွက်ရှည်များသည် ဖပ်အတက်မှ ထွက်၏။ အမေရိကန်ရှိသဲကန္တာရတွင်ပေါက်သော နာနတ်ကြီးမျိုး၏ မျိုးစိတ်တခုမှ လျှော်မျှင်များကို စီးပွားဖြစ် ထုတ်ယူနိုင်သည်။



၁၀–၁၅ နှစ်တွင်မှ တကြိမ်သာပွင့်သော နာနတ်ကြီး မျိုး၏ပွင့်ကိုင်းသည် ၁၀ မီတာအထိ မြင့်နိုင်သည်။




'မြေထဲပင်လယ် နာစစ်ဆတ်' ပင်သည် သမပိုင်းဒေသတွင် ပေါက်ပြီး နွေဦးတွင် ပွင့်သည်။



'လေညင်းနှင်းပန်း'၏ဒေသရင်းမှာ ချီလီနှင့် ဘရာဇီး ဖြစ်သည်။



'နာစစ်ဆတ်' မျိုးပြားလေးမျိုး၏ အပွင့်များ ဖြစ်သည်။



'လစ်ကိုရစ် ရေဒီယာတာ'



ကိုယ်ရံကြီးပင်နှင့် အပွင့်

# နှင်းပန်းမျိုးရင်း

ခရစ်ယာန်ဘာသာဝင်တို့က နှင်းပန်းကိုမြင်လျှင် ၎င်းနှင့်နှိုးနွှယ်သော အီစတာပွဲတော်ကို သတိရကြသည်။ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ထန်းကြက်သွန်နှင့် ကညွတ်တို့သည် အစားအစာနှင့် ဟင်းခတ်အမွှေးအကြိုင်များရရှိသော မျိုးရင်းဝင် အပင်များဖြစ်သည်။ မျိုးရင်းဝင် 'ကျူးလစ်' ပန်း၊ 'ဟိုင်ယာဆင့်' ပန်းနှင့် 'အော်တမ်ကရိုကတ်' ပန်းများသည် သမပိုင်းဒေသဥယျာဉ်များအတွင်း ရောင်စုံဖူးပွင့်သည်။ အော်ဘမ်ကရိုကတ်ပင်မှ အဆစ်ရောင်ရောဂါကုသည့်ဆေး ထုတ်ယူနိုင်သည်။

မျိုးရင်းဝင်အပင် ၄၀၀၀ ခန့်ကို တဆင့်ခံမျိုးရင်းများအဖြစ် ခွဲထားသည်။ အရေးပါသော အပင်များမှာ ကျူးလစ်၊ အော်တမ်ကရိုကတ်၊ နေ့နှင်းပန်း၊ 'အက်စဖိုဒယ်'၊ ကြက်သွန်၊ စိန္တဘော်၊ 'ယတ်ကာ'၊ နှင်းပန်း၊ ကညွတ်တို့ဖြစ်သည်။ ၎င်းတို့သည် သမပိုင်းနှင့် အပူပိုင်းဒေသဘို့တွင် ပိုမိုဖြစ်ထွန်းသည်။

အပင်အများစုသည် နှစ်ရှည်ခံသစ်ပျော့ပင်များ ဖြစ်သည်။ တနှစ်ပတ်လုံး ရှင်သန်သည့် 'ဗပ်'အတက် သို့မဟုတ် မြေအောက်ရှိအစိဘ်အပိုင်းများမှ အပင်သစ်များပေါက်နိုင်သည်။ အများအားဖြင့် ဒွိလိင်အပွင့်ရှိသည်။ အသီးမှာ 'ကက်ပဆူး' သို့မဟုတ် အရည်ရွှမ်းသော 'ဗယ်ရီ' ဖြစ်သည်။




အရွယ်လတ်ပင်ဖြစ်သော 'နေ့နှင်းပန်း' ပင်သည် နှစ်ရှည်ခံပင်ဖြစ်၏။ အရှေ့အာရှသမပိုင်းဒေသများတွင် ဇူလိုင်လပတ်ဝန်းကျင်၌ ပွင့်သည်။



မြေထဲပင်လယ်ဒေသမှ လာသည့် ဥယျာဉ်စိုက် 'ဟိုင်ယာဆင့်' ပင်



ဥရောပတွင်လည်း စိုက်သော အနောက်အာရှ ကျူးလစ်တစ်မျိုး



တူရကီမှဥရောပသို့ပျံ့နှံ့လာသည့် 'ဒါဝင် ကျူးလစ်ပင်'



'အေမာနာ အီဒူလစ်'သည် ဂျပန်နိုင်ငံရှိ ကွင်းပြင်များတွင် အလေ့ကျ ပေါက်သည်။ နွေဦးရာသီတွင် ပွင့်သည်။



ခွေးသွား ဗိုင်အိုလက် ပင်သည် ဂျပန်နိုင်ငံရှိ တောင်စောင်းများပေါ်တွင် အလေ့ကျပေါက်သည်။



နွေဦးရာသီတွင် ပွင့်သော 'အီစတာ နှင်းပန်း' ပင်သည် မြောက်သမပိုင်းဒေသတွင် ပေါက်သည်။




အရွက်အခြေတွင် ပင်ပေါက်ဖူးငယ်များရှိသည့် ဥယျာဉ်စိုက် 'အရှေ့အာရှ ကျားနှင်းပန်း' ပင်



အဆုပ်လိုက်ပွင့်သော 'ဥရောပစပျစ်ဟိုင်ယာဆင့်' ပင်



ငိုက်ညွတ်နေသော 'အနက်ရောင်ဖရစ်တီလေရီ' ပွင့်



မြောက်သမပိုင်းဒေသရှိ 'ကုန်းမြင့်နှင်းပန်း' ပင်




ကြက်သွန်နီကို ကမ္ဘာတဝန်းလုံးတွင် အစာအတွက်စိုက်၏။ အပွင့်များသည် ပွင့်ကိုင်းရှည်၏ ထိပ်ဖျား၌ပွင့်သည်။ အရွက်သည်ပြွန်ငယ်နှင့်တူသည်။ ကြက်သွန်နီဥ၏အတွင်းပိုင်းကိုပြထားသည်။ (ယာ)



အာဖရိက သဲကန္တာရပေါက် ရှားစောင်းလက်ပပ်ပင်သည် အရည်ရွှမ်းပြီး ပွင့်ညှာမဲ့ရေစီမို့ပန်းခိုင်ရှည်များ ရှိသည်။




'မြောက်အမေရိက ယတ် ကာ' ပင်၏ ရှည်သော ပန်းခိုင်ကို 'ယတ်ကာ' ပိုးဖလံက ဝတ်မှုန်ကူးပေးသည်။




'တောင်ကြား နှင်းပန်း'ပင်သည် ကမ္ဘာပေါ်ရှိ သမပိုင်းဇုံ သစ်တောများတွင် အလေ့ကျ ပေါက်သည်။



'ဆော်လမွန်၏ တံဆိပ်တုံး'ပင်ကို အာရှနှင့် ဥရောပတွင် တွေ့ရသည်။



ကြက်သွန်နီအပွင့်ပုံ ဖြစ်၏။ ၎င်း၏ဒေသရင်းမှာ အနောက်အာရှ ဖြစ်သည်။



အရှေ့အာရှရှိ 'ငှက်ပျောနှင်းပန်း'ပင်



အာရှရှိ 'နေ့နှင်းပန်း' မျိုးစိတ်တစ်မျိုး



ဥရောပရှိ 'အော်တမ် ကရိုကတ်' ပင်



ဂျပန် 'ဖားပြုပ်နှင်းပန်း' ပင်

## အနက်ရောင်နှင်းပန်းမျိုးရင်း

'အနက်ရောင်နှင်းပန်း'မျိုးရင်းတွင် မျိုးရင်းဝင် အပင်အရေအတွက် နည်းသည်။ အပူပိုင်းဒေသတို့တွင် ပေါက်သောမျိုးစိတ်တခုတွင် ကစီကြွယ်ဝသည့် ဖောင်းပွသော မြေအောက်အင်္ဂါ ရှိသည်။ တဟီတီလူမျိုးများသည် မျိုးစိတ် တခု၏ ကစီပါဝင်သည့် ခါးသော'ကျူဗာ'ကို စားသည်။

မျိုးစိတ် ၃၀ တို့သည် နှစ်ရှည်ခံပင်များဖြစ်ပြီး ပင်စည်တိုများရှိ၏။ ဒွိလိင်ရှိသော အပွင့်များသည် အရွက်မရှိသော ကိုင်းရှည်များ၏ ထိပ်တွင် ပွင့်ခံရွက်များ ဝန်းရံလျက်ရှိသည်။ အသီးသည် 'ဗယ်ရီ'သီးဖြစ်၏။



မလေးရှားမှ ဇော်ဂျီမုတ်ဆိတ်ပင်သည် အနက်ရောင်အပွင့်များ အစုလိုက်ပွင့်၏။ အဖူးကို ပွင့်ခံရွက်များက ကာကွယ်ထား၏။

## မျောက်ဥမျိုးရင်း

မျောက်ဥပင်တွင် ကစီကြွယ်ဝသောကျူဗာများရှိသည်။ကြာရှည်စွာသိုလှောင်ထားနိုင်သဖြင့် ရှေးခေတ်က သင်္ဘောသားများနှင့် တံငါသည်များအတွက် ပင်လယ်ခရီးတွင် အဖိုးတန်အစာဖြစ်၏။ ပစိဖိတ်ဒေသတွင် မျောက်ဥသည် အရေးပါသော အစာဖြစ်သည်။

မျိုးစိတ် ၆၅၀ ရှိ၏။ နှစ်ရှည်ခံနွယ်ပင်များဖြစ်ပြီး ၎င်းတို့၏ ဒေသရင်းမှာ ပူနွေးသောဒေသများ ဖြစ်သည်။ မျောက်ဥပင်၏အသီးသည် 'ကက်ပဆူး' ဖြစ်သည်။သက်ရင့်ကျူဗာများသည် မိခင်အပင်မှ ကျိုးပဲ့ပြီးအပင်သစ်ပေါက်နိုင်၏။




မျောက်ဥပင်သည် နွယ်ပင်ဖြစ်ပြီး တရုတ်ပြည်နှင့် ဂျပန်ပြည်ရှိ တောင်များပေါ်တွင်တွေ့နိုင်၏။ ၎င်း၏ကျူဗာသည် ကစီကြွယ်ဝ၍ ယိုအဖြစ်လည်း ပြုလုပ်နိုင်၏။

## အိုင်းရစ်မျိုးရင်း

'အိုင်းရစ်'သည် ဂရိဘာသာဖြင့် သက်တံ့ဟု အဓိပ္ပာယ်ရသည်။ အိုင်းရစ် မျိုးရင်းဝင်အပွင့်များသည် လှပ၍ အရောင်စုံသောကြောင့် သက်တံ့ဟူသော အမည်နှင့် လိုက်ဖက်သည်။

မျိုးစိတ် ၁၅၀၀ ခန့် ရှိ၍ နှစ်ရှည်ခံသစ်ပျော့ပင်များဖြစ်ပြီး 'ဗပ်'အတက်သို့မဟုတ် 'ရိုင်ဇုမ်း' များရှိသည်။ အပွင့်တပွင့်တွင် ပွင့်ဖတ်၊ ပွင့်ချပ်၊ ဝတ်ဆံဖိုသုံးခုစီနှင့် မအင်္ဂါအုံတွင် အစေ့အိမ်ခန်း သုံးခန်း ရှိသည်။



'မျက်ဝန်းပြာ'မြက်သည် မြောက်သမပိုင်းဒေသမှ ဖြစ်သည်။



ဥရောပရှိ 'အလံဝါ'ပင်သည် စိမ့်တောများ၌ပေါက်သည်။



တောင်အာဖရိကရှိ 'ဖရီစီယာ ရီဖရက်တာ'၏ အပွင့်သည် မွှေး၏။



ကုံကုမံပင်၏ ဝတ်ဆံမထိပ်မှ အဝါရောင်အစာဆိုးဆေး ကုံကုမံကိုရ၏။



'အလံပြာ'ပင် သည် အရှေ့အာရှမှ ဖြစ်သည်။



သစ္စာပန်းမျိုးကို ပန်းအလှပြင်ရာ၌ အသုံးများသည်။

## ငှက်ပျောမျိုးရင်း

ငှက်ပျောပင်၏ပင်စည်ကို ရွက်ရင်းများဖြင့် ရစ်ပတ်ဖွဲ့စည်းထားသည်။ အသီးတခိုင်သီးပြီးလျှင် အပင်သေလေ့ရှိသည်။

မျိုးစိတ် ၁၅၀ ရှိသည်။ ပင်စည်တွင် အူတိုင်ရှိပြီး အရွက်သည် ကြီးမားသော ရွက်ပြားဖြစ်သည်။ငိုက်ကျနေသော ရိုးတံပေါ်တွင် အဆုပ်လိုက် ပန်းပွင့်သည်။ စိုက်ပျိုးယူသောမျိုးပြားများတွင် အသီးတင်ရန်အတွက် အပွင့်များ၌ ဝတ်မှုန်ကူးပြီး သန္ဓေအောင်ရန်မလိုသဖြင့် စားသုံးသော ငှက်ပျောသီးတွင် အစေ့များမရှိခြင်းဖြစ်သည်။ သို့သော် ငှက်ပျောအရိုင်းတို့၌ ကျောက်ခဲကဲ့သို့မာကျောသော အစေ့မည်းများရှိတတ်သည်။ ရုက္ခဗေဒအရ အသီးသည်'ဗယ်ရီ' သို့မဟုတ် 'ကက်ပဆူး' ဖြစ်သည်။

ငှက်ပျောပင်၏ဒေသရင်းမှာ အာရှ ဖြစ်သည်။ အသီးတွင် ကစီ၊သကြားနှင့် ဗီတာမင်အေတို့ပါဝင်သည်။ ဖိလစ်ပိုင်နိုင်ငံတွင်'မူဆာ တက္ကတီလစ်'ငှက်ပျော၏ပင်စည်မှ လျှော်မျှင်များကို ထုတ်ယူသည်။ ၎င်းလျှော်မျှင်များမှ ကြိုးနှင့် စက္ကူထုတ်ယူနိုင်သည်။ လျှော်မျှင်ကို မနီလာမြို့မှတဆင့် ကမ္ဘာသို့ တင်ပို့ရောင်းချခြင်းကြောင့် မနီလာလျှော်ဟုခေါ်သည်။



ငှက်ပျောပင်



အပူပိုင်းဥယျာဉ်စိုက်'ကဏန်းလက်မ'ပင်



မနီလာလျှော်ရသည့် မူဆာ တက္ကတီလစ်

## ဗုဒ္ဓသရဏမျိုးရင်း

ငှက်ပျောမျိုးနွယ်ဖြစ်သည့် ဗုဒ္ဓသရဏမျိုးစိတ်များတွင် စားသုံးနိုင်သော အသီးမရှိသဖြင့် စီးပွားရေးအရ အသုံးမဝင်ပေ။ မျိုးစိတ်တခု၌ အာဒါလွတ်ကဲ့သို့ပင် စားသုံးနိုင်သော ကစီပါဝင်သည့် ရိုင်ဇုမ်းရှိသည်။ အပင်များတွင် လှပသော အပွင့်နှင့် အရွက်များရှိသည်။

မျိုးစိတ် ၄၀ ပါဝင်ပြီး နှစ်ရှည်ခံသစ်ပျော့ပင်များ ဖြစ်သည်။ အရောင်တောက်သော အပွင့်များတွင် ပွင့်ချပ်ဟုထင်ရသည့် ဝတ်ဆံဖိုခြောက်ခု ရှိသည်။ ၎င်းခြောက်ခုအနက် တခုသာလျှင် မျိုးအောင်နိုင်သည်။



အပူပိုင်းနှင့် အပူလျော့ပိုင်း ဒေသ ရှိ ဗုဒ္ဓသရဏပင်



အမြစ်တွင်ကစီပါသည့် ဂျာဗား ဗုဒ္ဓသရဏပင်

## အာဒါလွတ်မျိုးရင်း

ဤမျိုးရင်းဝင်အပင်များ၏ အစင်းကြောင်းများပါသော အရွက်များသည် ဥယျာဉ်ကို အလှဆင်နိုင်သည်။ ရိုင်ဇုမ်းမှ ရရှိသော ကစီမှုန့်ကို ဟင်းချက်ရာတွင် သုံးသည်။

နှစ်ရှည်ခံပင် မျိုးပေါင်း ၃၅၀ ရှိပြီးအများစုမှာ အမေရိကတွင်ပေါက်သည်။ ပွင့်ခံရွက်များဖြင့် ငုံလျက်ရှိသောအပွင့်ငယ်များ အစုလိုက်ရှိသည်။



'ကယ်လာသီယာ လီတဇီ'ကို အရွက်များလှပမှုကြောင့် ကမ္ဘာအနှံ့စိုက်၏။ ဒေသရင်းမှာ အမေရိက ဖြစ်၏။

## ချင်းမျိုးရင်း

ချင်းနှင့်နနွင်းသည် ချင်းမျိုးရင်းဝင်အပင်၏ 'ရိုင်ဇုမ်း'ဖြစ်သည်။ဖာလာသည် အခြား ချင်းမျိုးရင်းဝင် အပင်တမျိုး၏ အစေ့ ဖြစ်သည်။ ၎င်းတို့သည် အရေးပါသော ဟင်းခတ်အမွှေးအကြိုင်များ ဖြစ်သည်။ ချင်းအဆီသည် အနံ့ ရှိသည်။ ရေမွှေးပြု လုပ်ရာတွင် သုံးနိုင်သည်။ မျိုးရင်းဝင်အပင် များမှ ဆေးဝါးထုတ်ယူနိုင်သည်။

မျိုးစိတ် ၁၄၀၀ ပါဝင်ပြီး နှစ်ရှည်ခံ သစ်ပျော့ပင်များဖြစ်၏။ အပူပိုင်းနှင့် အပူ လျော့ပိုင်းဒေသတွင် ပေါက်သည်။ အရွက် များမှာ လေးမီတာခန့်အထိ ရှည်လျား နိုင်သည်။ အခိုင်လိုက် ပွင့်သော ဒွိလိင် အပွင့်ရှိပြီး အရောင်တောက်ပသည့် ပွင့်ခံ ရွက်တို့ဖြင့် ငုံ၍ နေသည်။ ချင်းမျိုးစိတ် အများစု၌ စူးရှသော အနံ့ရှိသည်။




ချင်းပင်ကို ရိုင်ဇုမ်းအတွက် စိုက်သည်။ ချင်းပင်၏ အဆီကို ဆေးဝါးနှင့် ရေမွှေး ဖော်စပ်ရာတွင် သုံးသည်။



ဤလှပသော ပလတ်စတစ်ပန်း၏ ဒေသရင်းမှာ ဆူမတ္တရာ ဖြစ်၏။



ဟိမဝန္တာမှ နယူးဂီနီအထိတွေ့နိုင်သော ဆေးဖက်ဝင် ဖလံတောင်ဝေး ပင်၏ ရိုင်ဇုမ်းကို စားသုံးနိုင်သည်။



ဗနီလာပင်ကို အမျိုးသမီးတဦးက ဝတ်မှုန်ကူးပေးနေသည်။ အသီးနှင့် အစေ့များကို အနံ့အရသာရှိစေရန် သုံးသည်။

## သစ်ခွမျိုးရင်း

သစ်ခွဟုဆိုလျှင် အပူပိုင်း မိုးသစ်တောအတွင်းရှိ အရောင်အသွေးစုံသည့် အပွင့်၊ ပန်းဆိုင်တွင် အလှပြထားတတ်သော ပန်းမျိုး၊ လက်ဆောင်ပန်းစည်း အဖြစ် သမပိုင်းဒေသရှိ လူများက မြင်တတ်ကြသည်။

သို့သော် သစ်ခွလောကမှာ ထိုထက်ပင်ကျယ်ဝန်းသည်။ ဗနီလာရေခဲမုန့်ကို စားလျှင် သစ်ခွမျိုးရင်းဝင်အပင်ကို မြည်းစမ်းနေခြင်း ဖြစ်သည်။ ရေခဲမုန့်တွင် အနံ့အရသာရှိစေရန်သုံးသည့် 'ဗနီလာ'ပင်မှာ သစ်ခွမျိုးဖြစ်သည်။ မျိုးစိတ် ၁၅၀၀၀ ခန့်ရှိသည်။ မျိုးစိတ်အများဆုံးပါဝင်သော မျိုးရင်းတစ်ခုဖြစ်သည်။

သစ်ခွအများစုသည် အပူပိုင်းဒေသများတွင် သစ်ကပ်ပင်အဖြစ် ပေါက်လေ့ ရှိ၏။ သစ်ခွပန်းခိုင်သည် ကြာရှည်ခံသဖြင့် ပန်းအလှပြင်ရာတွင် အများဆုံး အသုံးပြုသည်။ သမပိုင်းဒေသရှိသစ်ခွများသည် မြေပေါ်၌ပေါက်သည်။

သစ်ခွတွင်ထူထဲပြီး သားရေကဲ့သို့သော အရွက်များရှိသည်။ သစ်ခွ၏ အပွင့် များသည် အခြားသောမျိုးရင်းဝင်အပွင့်များနှင့် ကွဲပြား ခြားနားသည်။ သို့သော် ၎င်းတို့တွင် တူညီသော အခြေခံလက္ခဏာရှိပြီး ပွင့်ချပ်သုံးခု၊ ပွင့်ဖတ် သုံးခုပါစမြဲဖြစ်သည်။ နှုတ်ခမ်းဟုခေါ်သော ပွင့်ချပ်သည် အရွယ်ကြီးပြီး ပွင့်ချိန် တွင် အပွင့်၏ အောက်ဘက်ပိုင်း၌ တည်ရှိသဖြင့် ဝတ်မှုန်ကူးသော အခါ 'အင်းဆက်'ပိုး နားနေစရာအဖြစ် ဖန်တီးပေးသည်။

အရွယ်၊ ပုံသဏ္ဍာန်၊ အရောင်၊ အနံ့နှင့် ပွင့်ချိန်တို့ပေါ်မူတည်၍ အပွင့်များ သည် ဝတ်မှုန်ကူးရန်အတွက် သက်ဆိုင်ရာ အင်းဆက်ပိုးကို ဆွဲဆောင်သည်။ မတူသည့်မျိုးစိတ်တို့ကို မျိုးစပ်ယူခြင်းဖြင့် လှပသော မျိုးစပ်သစ်ခွများကို ထုတ်လုပ်နိုင်ပြီဖြစ်သည်။



နေ့တွင် ပွင့်သော ‘ဂျပန်မြေပေါက် သစ်ခွ’



တခါပွင့်လျှင် တပွင့်သာပွင့်သော ‘လေးဒီးစလစ်ပါ’ သစ်ခွ



မျိုးစိတ် ၁၀၀၀ ရှိသည့် ‘ဒင်ဒရိုဗီယမ်’ သစ်ခွမှ မျိုးစပ်များစွာ ရရှိသည်။



လူကြိုက်များသည့် ‘ပါဖီယိုပယ်ဒီလမ်’ သစ်ခွ



‘ဗင်ဒါ’ သစ်ခွ၏ပန်းခိုင်သည် ဆင်တီမီတာ ၃၀ ရှည်ပြီး အပွင့် ခုနစ်ပွင့်ခန့် ရှိသည်။



အိန္ဒိယမှသည် ဂျပန်အထိပျံ့နှံ့သော ‘ဆင်ဗီဒီယမ်’ သစ်ခွတွင် မျိုးစိတ် ၅၀ရှိသည်။



‘ကက်တလီယာ’ သစ်ကပ်သစ်ခွကို မက္ကဆီကိုမှသည် ဘရာဇီးအထိ တွေ့နိုင်သည်။



သစ်ကပ်သစ်ခွပင်‘တေနီယိုဖိလမ် အော်ဗကျူုဆန်’၏ အမြစ်များသည် အပင်အတွက် အစာဖွဲ့စည်းနိုင်သည်။ ဤအပင်တို့၏ အပွင့်များသည် တနေ့တည်း တပြိုင်တည်း ပွင့်လေ့ရှိသည်။



မလေးရှားကျွန်းဆွယ်ရှိ ‘စီလိုဂျင်း’သစ်ခွ၏ အပွင့်ငယ်များသည် လှပသော်လည်း ညှိုးလွယ်သည်။

လူသားနှင့်အပင်လောကဆက်သွယ်မှုသည် ကမ္ဘာကြီးကို ဟန်ချက်ညီစေသည့် အကြောင်းတရပ်ဖြစ်သည်။ အပင်များမှ အစားအစာနှင့် အသုံးအဆောင် ပစ္စည်းထုတ်ယူရာတွင် သက်ရှိများ၏ ဂေဟဗေဒစနစ် ပျက်မသွားစေရန် သတိပြုရမည်။ ပိုးသတ်ဆေးပက်ဖျန်းရာ၌ အဖိုးတန်အပင်များနှင့် လူ့အကျိုးပြု 'အင်းဆက်' ပိုးများပါ မသေစေရန် ဂရုပြုရမည်။ အပင်ကြီးများ ခုတ်လှဲပြီးနောက် အစားထိုးစိုက်ခြင်းဖြင့် မြေပြိုခြင်းအန္တရာယ်ကို တားဆီးရမည်။ ကျွန်ုပ်တို့သည် လူနှင့်သဘာဝကို ဟန်ချက်ညီစေမှသာ လူတို့အတွက် အာဟာရကို အပင်မှ ရရှိနိုင်မည် ဖြစ်သည်။

လူနှင့်အပင်တို့ ဆက်သွယ်ရာတွင် အံ့မခန်းအောင်မြင်မှုများရှိသကဲ့သို့ ကြီးစွာသော ဆုံးရှုံးမှုများလည်းရှိသည်။ အမေရိကန်အင်ဒီးယန်းများသည် ပြောင်းမျိုးစိတ်အရိုင်းများကို စမ်းသပ်စိုက်ပျိုးရာမှ ပြောင်းယဉ်မျိုးများ ရရှိခဲ့ပြီး အစဉ်အဆက် ပင်ခြားမျိုးစပ်ယူခြင်းဖြင့် အထွက်ကောင်းသည့် မျိုးပြားများကို ရရှိခဲ့သည်။ ခရမ်းချဉ်ပင်ကဲ့သို့ အပင်များကိုလည်း အပူဒဏ်ခံနိုင်ရည်ရှိပြီး အရသာထူးကဲစေရန် မျိုးစပ် ဖန်တီးနိုင်ပြီ ဖြစ်သည်။ အပင်ရောဂါ၏ အကြောင်းရင်းများနှင့် ကာကွယ် ကုသနည်းများကိုလည်း တွေ့ရှိနေပြီ ဖြစ်သည်။

အပင်များနှင့်ပတ်သက်၍ လုပ်ဆောင်ချက်များသည် ကောင်းကျိုးကိုဖြစ်စေသကဲ့သို့ ဆိုးကျိုးကိုလည်း ဖြစ်စေသည်။ ရာသီဥတုနှင့် မြေသြဇာတို့၏အကျိုးဆက်ကို နားမလည်ခဲ့သဖြင့် ပင်နာကျရောဂါနှင့်ငတ်မွတ်ခေါင်းပါးခြင်းဘေးတို့ကို ရင်ဆိုင်ခဲ့ရသည်။ အမေရိကန်ပြည်ထောင်စုတွင် 'ဒီ ဒီ တီ' ပိုးသတ်ဆေးကြောင့် ငှက်မျိုးစိတ်များဥပဒ်ဖြစ်ခဲ့သည်။ ပင်လယ်သတ္တဝါများနှင့် နွားနို့အတွင်း၌ ၎င်းဆေးကို တွေ့ရှိရပြီးနောက် ဒီဒီတီသုံးခြင်းကို ပိတ်ပင်ခဲ့သည်။

ကျွန်ုပ်တို့သည် အပင်များအကြောင်းနှင့်စိုက်ပျိုးနည်းကို တဖြည်းဖြည်းသိရှိခဲ့သည်။ အပင်မျိုးစိတ်ပေါင်း နှစ်သိန်းခွဲရှိသည့်အနက် စိုက်ပျိုးသော မျိုးစိတ်ပေါင်းမှာ တစ်ထောင်ကျော်မျှသာ ဖြစ်သည်။ တိုးတက်လာသော လူဦးရေ၏ လိုအပ်ချက်အရ မြေယာတိုးချဲ့စိုက်ပျိုးရန်နှင့် စိုက်ပျိုးနည်းများ ပြောင်းလဲရန် လိုအပ်လာသည်။ ထို့ကြောင့် မကြာမီကာလတွင် အပင်သစ် အတော်များများ အရေးပါလာမည် ဖြစ်သည်။

ကမ္ဘာ့လူဦးရေမှာ နှစ်စဉ်တိုးနေသဖြင့် အာဟာရဖြစ်ပြီး အထွက်နှုန်းကောင်းသည့် သီးနှံများထွက်ရှိရန် အရေးကြီးသည်။ စိုက်ပျိုးရေးပါရဂူများ၏ **အဆိုအရ** အထွက်နှုန်းကို ၄၀၀ ရာခိုင်နှုန်းအထိ တိုးစေနိုင်မည်ဟု မျှော်လင့်ရသည်။ သိပ္ပံပညာရှင်များသည် ပင်လယ်အတွင်းမှ အစာထုတ်ယူနိုင်မည့် နည်းများနှင့် စိုက်ပျိုးနိုင်မည့် မြေသစ်မြေရိုင်းများကို ရှာဖွေကြံဆလျက်ရှိသည်။ အထူးစီမံထားသော ရေသွင်းနည်းဖြင့် စိုက်ပျိုးလျှင် သဲကန္တာရ၌ပင် သင့်လျော်သော သီးနှံပင်များစိုက်ပျိုးလာနိုင်မည်။



အစိမ်းရောင် 'ဒေါက်ဂလတ်ဖား' ပင်များကို ကနေဒါနိုင်ငံမြောက်ပိုင်းရှိ ဆီးနှင်းဖုံးနေသော တောင်မြင့်များ၏ရှေ့ဘက်တွင် တွေ့နိုင်သည်။ အသားမာပြီး အပ်ချောင်းပုံအရွက်များရှိသဖြင့် အေး၍ မြင့်သောဒေသတို့တွင် ပေါက်နိုင်သည်။ 'စပရု' ပင်နှင့် ထင်းရှူးပင်တို့ကဲ့သို့ အောင်မြင်စွာဖြစ်ထွန်းသောအပင်များ ဖြစ်သည်။




အပူချိန်ပြောင်းလဲသည်နှင့်အမျှ အပင်အမျိုးအစားများ ကွာခြားလာသည်။ တောင်များ၏အနိမ့်ပိုင်း ပူနွေးသောဒေသရှိ အပင်များသည် အပူပိုင်းဒေသရှိ အပင်များနှင့် ဆင်တူသည်။ ထိုအတူ သမပိုင်းဇုံရှိအပင်မျိုးသည် တောင်အမြင့်ပိုင်းဒေသရှိ အပင်မျိုးနှင့် ဆင်တူသည်။

## အပင်များနှင့် ကျွန်ုပ်တို့၏အနာဂတ်

အနာဂတ်တွင် စားကျက်မြေများ၌ စိုက်ခင်းသစ်များ အစားထိုးစိုက်ပျိုးရမည်။ ယနေ့လက်ရှိ စားကျက်မြေများတွင် လွတ်ကျောင်းထားသော တိရစ္ဆာန်မှရရှိသည့်ပရိုတင်းပမာဏသည်ထိုမြေပေါ်တွင်စိုက်ပျိုးနိုင်သည့် စိုက်ပျိုးပင်မှရရှိမည့်ပမာဏနှင့်နှိုင်းစာပါက ၁၀ ရာခိုင်နှုန်းခန့်သာ ဖြစ်မည်။ ကျွန်ုပ်တို့၏အခြေခံအာဟာရဓာတ်ကြွယ်ဝရေးနှင့် လူအားလုံး ဝလင်စွာစားသုံးနိုင်ရေးအတွက် စားကျက်မြေတွင် မွေးမြူရေးအစား သီးနှံပင် စိုက်ပျိုးရမည်။

အပင်မှရရှိသည့်အစာများတွင်ပရိုတင်းကြွယ်ဝရေးအတွက်အပင်မျိုးများကို ရွေးချယ်သန့်စင်နိုင်သကဲ့သို့ အပင်သစ်များလည်း အစားထိုးစိုက်ပျိုးနိုင်သည်။ သကြားမုန်လာပင်သည် ကြံပင်အစား သကြားထုတ်ယူနိုင်သောအပင်သစ်တစ်မျိုးဖြစ်သည်။အပင်များကိုအသုံးပြုနိုင်ရန်နှင့်သုတေသနပြုနိုင်ရန်သစ်တောများကိုထိန်းသိမ်းရန်လိုသည်။တိရစ္ဆာန်နှင့်အသုံးဝင်အပင်များကိုဥပဒ်မပေးနိုင်သည့်ဓာတုပစ္စည်းများလည်း ထုတ်လုပ်ရမည်။ ကျွန်ုပ်တို့လုပ်ကိုင်သမျှ လုပ်ငန်းသည် သဘာဝဟုခေါ်သောဟန်ချက်ညီစနစ်နှင့်သင့်တင့်ညီညွတ်မှုဖြစ်ရန်လိုအပ်သည်။

ကျွန်ုပ်တို့သည် ဂေဟဗေဒစနစ်ကိုပံ့ပိုးနိုင်သကဲ့သို့ ဖျက်ဆီးနိုင်သည်။ အပင်လောက၏ အသုံးဝင်မှုကဏ္ဍကို သဘောပေါက်ပြီး ထိန်းသိမ်းနိုင်ပါက အနာဂတ်အတွက် အလားအလာကောင်းမည်။

## အပင်ပေါက်ရာဒေသများ၏ ကွဲပြားမှု

ကျွန်ုပ်တို့သည်'ဗတ်'ပင်များကို အမှုပိုင်းသစ်တောတွင်တွေ့ရမည်မဟုတ်သကဲ့သို့ အပူပိုင်းသစ်ခွကိုလည်း အေးမြသောတန်ဒရာဒေသဘွင် တွေ့နိုင်မည်မဟုတ်ပေ။ ထိုသို့ဖြစ်ရခြင်းမှာ အပင်များသည် ဒေသ၏ပတ်ဝန်းကျင်နှင့် လိုက်လျောညီညွတ်စွာပေါက်ခြင်းကြောင့် ဖြစ်သည်။

အပူပိုင်းဒေသတွင် ပေါက်သောအပင်များသည် မိုးများခြင်းဒဏ်နှင့် အပင်အရိပ်ကျမှုကြောင့် စွတ်စိုထိုင်းမှိုင်းခြင်းဒဏ်တို့ကိုခံနိုင်သည်။ အချို့သောမိုးသစ်တောများတွင် နှစ်ပေါင်းသန်း ၁၃၀ တိုင်အောင် အဖျက်အဆီးကင်းစွာဖြင့် ပေါက်နေသော ဒေသခံအပင်မျိုးစိတ်ထောင်ပေါင်းများစွာရှိသည်။ အီကွေတာ၏ မြောက်ဘက်နှင့်တောင်ဘက်တို့တွင် နေရောင်တိုက်ရိုက်မရပဲ ရာသီဥတုလည်း တည်ငြိမ်ခြင်းကြောင့် အပင်မျိုးပြားနည်းပါးသည်။ သမပိုင်းဇုံရှိသစ်မာပင်နှင့် 'ကိုနီဖာ'ပင်များသည် မျိုးမပွားမီ နားနေရန် အေးသောရာသီ လိုအပ်သည်။ သဲကန္တာရတွင် ခြောက်သွေ့သော အပူဒဏ်ကိုခံနိုင်သည့် ရှားစောင်းပင်များနှင့် အခြားအပူဒဏ်ခံအပင်များသာရှိသည်။အလွန်အေးသောဒေသများ၌ထင်းရှူးပင်များ၊ 'စပရု'ပင်များသည် ချုံပင်သဖွယ်ဖြစ်လာသည်။ ရေခဲသည့်မြေပြင်၌ 'လိုင်ကင်'၊ ရေညှိနှင့်အကြမ်းခံသည့် မြက်မျိုးသာ ပေါက်နိုင်သည်။



ပင်လယ်ကမ်းစပ်ရှိအပင်များကိုဒီရေအတက်အကျက စိုးမိုးခြယ်လှယ်၏။ ၎င်းတို့သည် လှိုင်း၊ နေနှင့် လေတို့၏ ဒဏ်ကြောင့် စိုတလှည့်၊ ခြောက်တလှည့် ဖြစ်သည်။ အကြမ်းခံ ပင်လယ်ကျောက်ပွင့်နှင့် အညိုရောင်အယ်လဂျီများကို ကျောက်တုံးနှင့် ကျောက်ဆောင်ပေါ်တွင် တွေ့နိုင်သည်။





သဲကန္တာရဒေသများရှိ ရှားစောင်းပင်များသည် ဖောင်းပွနေသည့် ပင်စည်အတွင်း မိုးရေနှင့် နှင်းရေများကို သိုလှောင်လျက် ရှင်သန်သည်။ တနှစ်လျှင်တကြိမ်သာ ရွာတတ်သော မိုးနှင့်အတူ သဲကန္တာရဒေသ၌အပွင့်တို့ဖြင့် ဝေလေ့ရှိသည်။

အင်္ဂလန်ရှိ ရေကြည်ကန်တဝိုက်၌ ချုံပင်၊ ရွက်ကြွေပင်၊မြက်များနှင့် သမပိုင်းဇုံရှိ အပင်မျိုးများ ပေါက်နေသည်။



သမပိုင်းဒေသတွင် ရာသီဥတု လေးမျိုးရှိသဖြင့် အပင်၏ဖွံ့ဖြိုးမှုကိုရာသီအလိုက် အဆင့်ဆင့်ဖြစ်စေသည်။ ဆောင်းဦးပေါက်၌ အရွက်များကြွေသည်။ တန်ဒရာဒေသ (အောက်) တွင် 'လိုင်ကင်'၊ ရေညှိနှင့် မြက်များသာ ပေါက်သည်။





အာရှရှိ အပူပိုင်းမိုးသစ်တောတွင် မျိုးစိတ်များစွာရှိသည်။ ထိုသစ်တောမြေပေါ်သို့ နေရောင်ခြည် ၁ ရာခိုင်နှုန်းခန့်သာ ကျရောက်သည်။ အပူချိန်နှင့် စိုထိုင်းမှုသည် တနှစ်ပတ်လုံး ဖွံ့ဖြိုးရန်နှင့် ဖူးပွင့်ရန် အထောက်အကူပြုသည်။

## သဘာဝပေါက်ပင်များအပြောင်းအလဲ

အပင်များကိုမီးရှို့ခြင်း၊ခုတ်လှဲခြင်း၊ဓာတုဆေးများသုံးခြင်း၊ အဆောက်အအုံများဆောက်ခြင်းတို့ဖြင့် လူသည်သဘာဝဟန်ချက်ညီမှုကိုဖျက်ဆီးခဲ့ကြသည်။ ရောဂါကျခြင်း၊ အပင်များယှဉ်ပြိုင်ပေါက်ခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းတို့ကြောင့် အပင်သစ်များသည် ဒေသအတွင်းရှိအပင်ဟောင်းများနေရာတွင် ဝင်ရောက်လာသည်။ ကာလကြာသော် အပင်ဟောင်းများကပြန်လည်ကြီးစိုးလာတတ်သည်။ ဒေသတခုရှိ အပင်များသည် ပျက်သုဉ်းသွားပါက အပင်သစ်များသည် ၎င်းဒေသသို့ တိုးဝင်ပေါက်ရောက်ပြီး ဖုံးလွှမ်းလေ့ရှိသည်။



ရေရရှိသဖြင့် အပင်များစည်ပင်နေသော နိုင်းမြစ်ဝှမ်းဒေသနှင့် ရေမရရှိသဖြင့် အပင်မရှိသော အီဂျစ်သဲကန္တာရကို လမ်းက ခြားပေးထားသည်။



ပုံတွင်'ဖန်း' ပင်များသည် ဒေသတခုကို ဖုံးလွှမ်းလျက်ရှိသည်။ ထိုသို့ဖြစ်ခြင်းသည် အပင်များ ယှဉ်ပြိုင် ပေါက်ခြင်း ကြောင့် မဟုတ်ပဲ ထိုဒေသရှိ အပင်များကို လူတို့က ခုတ်လှဲလိုက်သောကြောင့် ဖြစ်သည်။



## လူနှင့်သဘာဝပေါက်ပင်များ

လူတို့သည် အလွန်ခေါင်သောဒေသများ၌ အပင်ပေါက်မှုကိုမည်သို့မျှဟန့်တားခြင်း မပြုနိုင်ပေ။ လူသည် ပေါင်းပင်များကိုဖယ်ရှားခြင်း၊ သစ်ပင်များကိုထိန်းသိမ်းပြုပြင်ခြင်း၊ခြံပုံစံအလှထွင်ခြင်း၊အပွင့်သစ်၊ အသီးဆန်းများဖန်တီးခြင်းတို့ကိုပြုလုပ်သည်။အပင်သစ်များကို ဒေသသစ်များသို့သွင်းယူခဲ့ခြင်းဖြင့် အပင်များပေါများလာစေနိုင်သော်လည်း သစ်ပင်ခုတ်လှဲခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းခြင်းဖြင့် အပင်များဆုတ်ယုတ်သည်။



မီးတောင်ပေါက်ကွဲခဲ့သော အရှေ့အိန္ဒိယကျွန်းစုရှိ အနောက် ကရက်ကတိုဝါ ဒေသတွင် ပင်လယ်ရေ၊ လေနှင့်တိရစ္ဆာန်များသယ်ဆောင်လာသောမျိုးစေ့များမှ အပင်တို့ ပေါက်လျက်ရှိသည်။

သစ်တောကိုအကြိမ်ကြိမ်မီးရှို့ပါက မြေအောက်အမြစ်အဖွဲ့အစည်းရှိသောမီးဒဏ်ခံနိုင်သည့်အပင်များ အစားထိုးပေါက်လာနိုင်သည်။



'လိုင်ကင်'များသည် လိုအပ်သောရေနှင့် နေရောင်ခြည်ရရန်အတွက်လက်ခံပင်တွင် မှီခိုသည်။

တိရစ္ဆာန်များကဲ့သို့ပင် အပင်များ၌လည်း 'ဗိုင်းရတ်' ရောဂါများ ကျရောက်နိုင်သည်။ လက်ဝဲဘက်တွင် ဗိုင်းရတ်ကျရောက်သဖြင့် အရောင် ကွက်ကျားဖြစ်ပြီး ဖွံ့ဖြိုးမှု တုံ့ဆိုင်းနေသော ပဲပင်များဖြစ်သည်။ လက်ယာဘက်တွင် ရောဂါဒဏ်ခံနိုင်သော ရှင်သန်နေသည့် ပဲပင်များဖြစ်သည်။







ဆန်သည် ကမ္ဘာပေါ်ရှိ လူအများစု၏ အဓိကအစားအစာဖြစ်သည်။ ရေရရှိနိုင်လျှင် စပါးကို တောင်စောင်းများတွင်လည်း လှေကားထစ်များပြုလုပ်၍ စိုက်ပျိုးနိုင်သည်။ လက်ယာဘက်တွင် မတ်စောက်သော တောင်စောင်းရှိ အပင်များကို ခုတ်ထွင်ထားသောကြောင့် လှေကားထစ်များပြုလုပ်ထားစေကာမူ မြေပြိုခြင်းနှင့် အပင်များပျက်စီးခြင်းကိုမကာကွယ်နိုင်ပေ။ မိုးရေနှင့်လေတိုက်စားသဖြင့်မြေပြိုနိုင်သည်။ ပြိုသွားသော မြေများတွင် အဖိုးတန်အပေါ်ယံမြေဆီလွှာများပါသွားသည်။

## လယ်ယာစိုက်ပျိုးခြင်း

ရှေးဦးလူ့အဖွဲ့အစည်းများသည် အလေ့ကျပေါက်သောအပင်များကိုတနေရာမှ တနေရာသို့ သယ်ယူခဲ့ကြသည်။ နှစ်ပေါင်း ၁၀၀၀၀ ခန့်က စတင်၍ မျိုးစေ့များ စုဆောင်းခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းတို့ကို ပြုလုပ်နိုင်ခဲ့သည်။ လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်းသည် လူ့အဖွဲ့အစည်းကို ပြောင်းလဲစေခဲ့သည်။ လူတိုင်းအတွက် ဖူလုံသောအစာကို စိုက်ပျိုးယူနိုင်ခဲ့ခြင်းကြောင့် လူသည် နေရာအတည်တကျ နေထိုင်နိုင်ခဲ့ကြသည်။

ဘိုးဘွားတို့၏ အမွေဖြစ်သော အတွေ့အကြုံများနှင့် တီထွင်စမ်းသပ်မှုများကြောင့် မြေကိုထွန်ယက်စိုက်ပျိုးရာ၌ တွေ့ရမည့် ပြဿနာများကို ဖြေရှင်းနိုင်ခဲ့ကြသည်။ အပင်များဖွံ့ဖြိုးမှုတွင် ရာသီဥတုသည် အဓိက ဖြစ်သည်။ လေနှင့်ရေက အဖိုးတန်ဓာတ်ဆားများကို တိုက်စားသဖြင့် မြေ၏သဘာဝပျက်စီးခြင်းကို သစ်မာပင် သို့မဟုတ် ချုံပင်များစိုက်ပျိုးခြင်းဖြင့် ကာကွယ်နိုင်သည်။

မြေမျက်နှာပြင်၊ မြေအမျိုးအစားနှင့်ရာသီဥတုသည် စိုက်ပျိုးရေးလုပ်ငန်းကို အောင်မြင်စေသော သော့ချက်များ ဖြစ်သည်။ ၎င်းအခြေအနေများကို လူက ကူညီထိန်းပေးရမည်။ မိုးပါးလျှင်ဖြစ်စေ၊ မြေကြီးက မိုးရေကို ထိန်းမထားနိုင်လျှင်ဖြစ်စေ ရေသွယ်မြောင်းများဖြင့် ရေဖြန့်ဝေပေးရမည်။ မြေကြီးအတွင်းရှိ ဓာတ်ပစ္စည်းများ အချိုးအစား မျှတသည့်အခြေအနေ ပျက်ပြယ်နေသောအခါ ပြုပြင်ရန် ဓာတ်မြေဩဇာ ကြဲပက်ပေးရမည်။ ဤသို့ဖြင့် နှစ်စဉ် မြေဩဇာ ပြန်လည် တက်လာနိုင်သည်။





တောင်တန်းများ၌ အထက်ပါပုံအတိုင်း ရေမြောင်းသွယ်ပေးခြင်းဖြင့် ရေမရသည့် လယ်ကွင်းများကို ရေရရှိစေသည်။ လက်ယာဘက်ရှိ နာနတ်လျှော်ပင်များ၏ ဘေးဝန်းကျင်တွင်ပေါက်သည့် ချုံပင်များကို မီးရှို့ဖျက်ဆီးခြင်းဖြင့် နာနတ်လျှော်ပင်များ ကောင်းစွာဖွံ့ဖြိုးနေသည်ကို တွေ့ရသည်။





ဒတ်ချ်စိုက်ခင်းအတွင်း၌ 'ဟိုင်ယာဆင့်'ပင်များကို ၎င်း၏ 'ဗပ်'အတက်များ ရောင်းချရန်အတွက် စိုက်ပျိုးထားသည်။ ဝယ်ယူသူများက ၎င်းတို့ကို ကိုယ်ပိုင်အိမ်နှင့် ပန်းခြံများတွင် ပြန်လည်စိုက်ပျိုးသည်။

ဟင်းသီးဟင်းရွက်ပင်များကို အတန်းလိုက်စီ၍စိုက်ထားသည်။ ၎င်းတို့၏ အမြစ်များ၊ ပင်စည်များ၊ အရွက်များနှင့် အသီးများသည် လူတို့အတွက် ကြွယ်ဝသောအာဟာရဓာတ်ကို ပေးသည်။



အမေရိကန်ပြည်ထောင်စု မွန်ဟာနာပြည်နယ်ရှိ ဂျုံခင်းနေရာဟောင်းတွင် နွားများလွှတ်ကျောင်းထားသည်။ ဤကွင်းနေရာအကျယ်အဝန်းမျိုးတွင် ဂျုံစိုက်ပျိုးပါက နွားမွေးမြူခြင်းထက် စရိတ်နည်းပြီး လူများအတွက် ပရိုတင်း ပိုမိုရရှိမည်။

## ပင်မှရရှိသည့် ... ကာများ

...ကိုစားသုံးသော အာလူး၊ အာလူး၊ ဟင်းခတ်အမွှေးအကြိုင်နှင့် မျိုးစေ့များတွင် ...ဟာမင်၊ပရိုတင်းနှင့် အခြားအာဟာရဓာတ်များပါသည်။ အဖိုးတန်သီးနှံများ ...ိုက်ပျိုးနိုင်သော ...နယ်မြေများကြောင့် စစ်ပွဲများဖြစ်ခဲ့ရသကဲ့သို့ အပင်ထွက် ...ာစာကြောင့်ပင်...နိုင်ငံနှင့်တနိုင်ငံဆက်သွယ်မှုရှိခဲ့သည်။အပင်ထွက်ပစ္စည်းနှင့် အပင်ထွက် 'ပစ်ဂမင့်' များသုံး၍ အထည်များကို အရောင်ဆိုး အလှဆင်ခြင်း၊ ပန်းချီ...ားတို့ ပြုခဲ့သည်။

မျိုး...များသည် အခြေခံစားကုန်တမျိုးဖြစ်သည်။ ကမ္ဘာတွင် အရေးကြီးဆုံး...သော မျိုးစေ့နှစ်မျိုးမှာ ဂျုံနှင့်စပါးတို့ဖြစ်သည်။ အသီးများနှင့် ဟင်းသီးဟင်းရွက်များသည် အစာခြေအင်္ဂါများ၌ အစာခြေခြင်းကို ကူညီရုံသာမက အာဟာရချို့တဲ့ခြင်းကြောင့်ဖြစ်သော ရောဂါများကို ကာကွယ်ပေးသည်။



...ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ စပါးလင်၊ နနွင်း၊ သစ်ကြံပိုး၊ ငရုတ်၊ စမုန်၊ ...သီး၊ လေးညှင်း၊ ငရုတ်ကောင်းတို့ကို ပုံတွင် ဖော်ပြထားသည်။ အများစု၏ ဒေသရင်းမှာ အရှေ့တိုင်းဖြစ်သည်။



အောက်ဘက်တန်းတွင် စပါး၊ ဆန်၊ ပြောင်း၊ ဘာလီနှင့် ဂျုံတို့ကိုလည်းကောင်း၊ အပေါ်ဘက်တန်းတွင် ပဲပိစပ်၊ မိုက်ဆိုးကုလားပဲ၊ မြေပဲနှင့် ပဲတီစိမ်းတို့ကိုလည်းကောင်း ဝဲမှယာသို့ အစဉ်အတိုင်း ပြထားသည်။ ၎င်းတို့အနက် ဂျုံတွင် ဗီတာမင်နှင့် ပရိုတင်း အများဆုံး ပါဝင်သည်။



အာဟာရဓာတ် ကြွယ်ဝသော ခရမ်းချဉ်၊ ဆလတ်၊ ဂေါ်ဖီထုပ်၊ ငရုတ်၊ ခရမ်း၊ သခွား၊ ဂေါ်ဖီပန်း၊ ကြက်သွန်၊ မုန်လာဥဝါနှင့် အခြားအသီးအရွက်များ ဖြစ်သည်။



ဟင်းသီးဟင်းရွက်များကို ...ဂေါ်ဖီပန်းများကို ပွင့်အားအကောင်းဆုံး အချိန်တွင် ခူးနေပုံ ဖြ...





အသီးများတွင် ပုံသဏ္ဍာန်၊ အရောင်နှင့် အရသာ အမျိုးမျိုးရှိပြီး ဗီတာမင်နှင့် 'ဖရတ်တို့' သကြား ပါဝင်သည်။အပေါ်ပုံတွင်ပန်းသီး၊စပျစ်သီး၊ဖရဲသီး၊ ဒူးရင်းသီးနှင့် သဘောသီးများကို ပြထားသည်။



မြေပဲများကို ဖော်နေပုံ ဖြစ်သည်။ မြေပဲသည် ပရိုတင်းကြွယ်ဝသော သီးနှံတမျိုးဖြစ်ပြီး ၎င်းကို အမျိုးမျိုး အသုံးပြုနိုင်သည်။

ဂျပန်နိုင်ငံတွင် အစိမ်းရောင် ပင်လယ်ကျောက်ပွင့် ကြီးများကို ဝါးတိုင်များ တွင် ချည် ထားသော ထန်း လျှော် ပိုက် ကွန်ဖြင့် ဆောင်းမှ နွေဦးပေါက် အထိ သိမ်းယူသည်။ ထို့နောက် စင်များပေါ်တွင် ဖြန့်၍ အခြောက်လှန်းသည်။

လိမ္မော်သီးများကို ဆွတ်ခူးနေပုံ ဖြစ်သည်။ အသီးသည် ဗီတာမင် စီ ကြွယ်ဝသည်။ လိမ္မော်ပင်သည် ပူနွေးသော ရာသီဥတုကို နှစ်သက်သည်။







အပင်များသည် အထည်အလိပ်လုပ်ငန်းအတွက် အရေးကြီးသော ကုန်ကြမ်းပစ္စည်းများဖြစ်သည်။ ဝါကို ချည်မျှင်အဖြစ် ချည်ငင်ပြီးနောက် အမျိုးမျိုးသုံးနိုင်သော အထည်အလိပ်ရက်လုပ်သည်။ လက်ဝဲဘက်တွင် အပင်ထွက်ပစ္စည်းဖြင့် ပြုလုပ်ထားသော အထည်စ၊ ရှပ်အင်္ကျီနှင့် အပ်ချည်တို့ကို ပြထားသည်။

## အပင်များ၏အသုံးဝင်မှု

နှစ်ထောင်ပေါင်းများစွာကပင် အပင်များကိုစုဆောင်းယူခဲ့ကြပြီး အသက်ရှင်ရေးနှင့် ယဉ်ကျေးမှုထွန်းကားရေးအတွက် အသုံးချခဲ့သည်။အပင်အချို့ကို နဂိုအတိုင်း အသုံးပြုနိုင်သည်။ အများစုကိုမူ ထုထောင်းခြင်း၊ပြုတ်ခြင်း၊ ရက်လုပ်ခြင်း၊ထွင်းထုခြင်းစသောနည်းများဖြင့် ပြုပြင်လျက် အမျိုးမျိုးအသုံးပြုသည်။





မက္ကဆီကန်လူမျိုးတဦး ခြင်းတောင်းရက်လုပ်နေသည်။ အပင်ထွက်ပစ္စည်းများဖြင့် ရက်လုပ်ထားသော ခြင်းတောင်းနှင့်အခြားပစ္စည်းများ (ဝဲ) ဖြစ်သည်။



စက္ကူကို လက်ဖြင့်ပြုလုပ်နေပုံ ဖြစ်သည်။ အပင်ရှိ မာကျောသော ‘ဆယ်လူလို’ လျှော်မျှင်များကို ရေစိမ်ပြီး ကြေမွအောင်ရိုက်သည်။ ထို့နောက် စကာဖြင့်ဖိ၍ ရေကိုညှစ်ထုတ်သည်။





ပုံတွင် ဗူးသီးခြောက်ဖြင့် ပြုလုပ်သော တူရိယာပစ္စည်းများ၊ ဝါးကျည်တောက်၊ သစ်သားခေါင်းအိမ်နှင့် အခြားပစ္စည်းများကို ပြထားသည်။



အပင်ထွက်ပစ္စည်းများဖြင့်သာ ဆောက်လုပ်ထားသော မလေးရှား အိမ်တစ်အိမ်ပုံ ဖြစ်သည်။

အင်ဒိုနီးရှား၊ တိုရာဂျာလူမျိုးစု၏ရိုးရာအိမ်ကို အပင်ထွက်ပစ္စည်းများ သုံး၍ဆောက်ထားသည်။ (ပုံကိုစာမျက်နှာ ၁၁၀ တွင် ကြည့်ပါ။)



# ဝေါဟာရစာရင်း

| | |
|---|---|
| ကဏန်းရှားစောင်းပင် | Crab cactus |
| ကဏန်းလက်မပင် | Lobster claw |
| ကရင်ဗယ်ရီ | Cran berry |
| ကလေဒီယမ်ဗိုင်ကာလာ | *Caladium bicolor* |
| ကလိုဗာအနီပင် | Red clover |
| ကလိုဗာအဖြူပင် | White clover |
| ကလိုရိုပလတ် | Chloroplast |
| ကလိုရိုဖီး | Chlorophyll |
| ကလိုရိုဖိုက်တာ | Chlorophyta |
| ကလိုင်မာစီယမ် အမေရိကန်နမ် | *Climacium americanum* |
| ကလမ်မက်တစ် ပေတင် | *Clematis patens* |
| ကလမ်မက်တစ် ဖလော်ရီဒါ | *Clematis florida* |
| ကာလီဖိုးနီးယားပေါ်ပီပင် | California poppy |
| ကားလဗွန်လင်နေ | Karl von Linné |
| ကေတိုဆီရော့ | Chaetoceros |
| ကော့ကိုလစ်သိုဖိုရီဒါ | Coccolithophorida |
| ကော်တီနယ်လတ် ရှီအိုင်တာကေ | *Cortinellus shiitake* |
| ကော်နတ် ကော်ဆွန် | *Cornus kouson* |
| ကော်လာပါ ရေစီမိုဆာ | *Caulerpa racemosa* |
| ကော်လာရက် ဒေလီယာ | Collarette dahlia |
| ကော်လူနာ ဗာလဂါရစ် | *Calluna vulgaris* |
| ကိုနီဖာပင် | Conifer |
| ကိုရီဒဲလစ် အင်ဆိုက်ဆာ | *Corydalis incisa* |
| ကိုလိုနီ | Colony |
| ကက်ချဖလိုင်းပင် | Catchfly |
| ကက်တလီယာသစ်ခွ | Cattleya |
| ကင်တာဗာရီခေါင်းလောင်းပွင့်ပင် | Canterbury bell |
| ကုန်း | Cone |
| ကုန်းမြင့်နှင်းပန်းပင် | Highland lily |
| ကပ်ပါးသဘော | Parasitism |
| ကမ်မီလီယာ ဆာဆန်ကွာ | *Camellia sasanqua* |
| ကယ်ရိုတင်း ခရိုမိုပလတ် | Carotene chromoplast |
| ကယ်လာသီယာ လီတဇီ | *Calathea lietzei* |
| ကျူတီကယ် | Cuticle |
| ကျူဗာ | Tuber |
| ကျူးလစ်သစ်မာပင် | Tulip tree |
| ကျောက်ခဲပင် | Stone plant |
| ကြိုးချုံဖုတ်ပင် | String bush |
| ကြက်သွေးရောင်ပင်ပါနယ်ပင် | Scarlet pimpernel |
| ကြောင်မြီးပန်းပင် | Chenille plant |
| ကွဲပြားရင့်မာခြင်း | Differentiation |
| ကွင်းအယ်လီဇဘက်နှင်းဆီ | Queen Elizabeth rose |
| ကွန်ဂျူဂေးရှင်း | Conjugation |
| ကွန်းဖလားဝါးပင် | Cornflower |
| ကွမ်အတက် | Corm |

| | |
|---|---|
| ခီမိုဗက်တီးရီးယား | Chemobacteria |
| ခေမီဆိုက်ပရစ် ပီစီဖာရာ | *Chamaecyparis pisifera* |
| ခိုလေးရီးယား ဗိုဂိုတင်းဆစ် | *Kohleria bogotensis* |
| ချူးယင်းဂမ်း | Chewing gum |
| ချက်စနတ်ပင် | Chestnut |
| ခွေးနှင်းဆီ | Dog rose |
| ခွန်ဒရတ် ခရစ်စပတ် | *Chondrus crispus* |
| ခွန်ဒရတ် အော်စီလေးတတ် | *Chondrus ocellatus* |

| | |
|---|---|
| ဂရေ့စဖူးပီနှင်းဆီ | Graceful Peace rose |
| ဂရိတ်တား ဆယ်လန်ဒိုင်းပင် | Greater celandine |
| ဂလီယိုထရစ်ကီယာ | Gloeotrichia |
| ဂလူတာ ရင်ဂတ် | *Gluta renghas* |
| ဂလော့ဆီနီယာပင် | Gloxinia |
| ဂလိုင်ကီနီယာဖန်းပင် | Gleichenia |
| ဂါဒင်ဆေ့ပင် | Garden sage |
| ဂေါ်လဂီကီရိယာ | Golgi apparatus |
| ဂိုးလဒင်း ဒီလီရှတ် | Golden delicious |
| ဂေါက်ဝိပင် | Goutweed |
| ဂင်ကိုပင် | Gingko |
| ဂျကိုဗီနီယာ ကာနီယာ | *Jacobinia carnea* |
| ဂျပန်ကလိုဗာပင် | Japanese clover |
| ဂျပန်ကွင့်ပင် | Japanese quince |
| ဂျပန်ဆီဒန်ပင် | Japanese sedum |
| ဂျပန်ပေါ့ပလာပင် | Japanese poplar |
| ဂျပန်ပတ်နွယ်ပေါင်းပင် | Japanese bindweed |
| ဂျပန်ဗာဗယ်ရီပင် | Japanese barberry |
| ဂျပန်မြေပေါက်သစ်ခွ | Japanese ground orchid |
| ဂျပန်သွေးတိတ်ပင် | Japanese woundwort |
| ဂျပန်အနက်ရောင်အော်လဒါပင် | Japanese black alder |
| ဂျရေနီယမ် ခရာမာရီ | *Geranium krameri* |
| ဂျရေနီယမ် အီရီယိုစတီမွန် | *Geranium eriostemon* |
| ဂျာဗား ပါစလေပင် | Javanese parsley |
| ဂျီလီဒီယမ် ကာတီလေဂျီနီယမ် | *Gelidium cartilagineum* |
| ဂျူနီပါပင် | Juniper |
| ဂျေရုဆလင် အာတီချုတ် | Jerusalem artichoke |
| ဂျင်မနိုဒီနီယမ် | Gymnodinium |
| ဂျင်ရှင်ပင် | Gentian |
| ဂျိုင်းယင့်နော့ဝီပင် | Giant knotweed |
| ဂျိုင်းယင့်ဝါးတားလီလီကြာပင် | Giant waterlily |
| ဂျန်ကတ် ဒီစီပီယင် | *Juncus decipiens* |

| | |
|---|---|
| ငှက်တောင်ပေါ်ပီပင် | Plume poppy |
| ငှက်တောင်မင်တံပင် | Quillwort |
| ငှက်ပျောနှင်းပန်းပင် | Plantain lily |
| ငှက်မျက်စိပင် | Bird's eye |

| | |
|---|---|
| စတားကင်း | Star king |
| စတော့ပင် | Stock |
| စတိုမာ | Stoma |
| စတက် | Staph |
| စတက်ပီလီယာ | Stapelia |
| စတက်ဖိုင်လိုကော့ကတ် | Staphylococcus |
| စထရိုဖင်းသတ်ပင် | Strophanthus |
| စထရက်ပတိုကော့ကတ် ဟေမိုလိုက်တီကတ် | *Streptococcus haemolyticus* |

| | |
|---|---|
| စပရူပင် | Spruce |
| စပိုင်ရီယာ ပရူနီဖိုလီယာ | *Spiraea prunifolia* |
| စပိုင်ရူလီနာပင် | Spirulina |
| စပိန်ရေညှိပင် | Spanish moss |
| စဖက်ဂနမ်ပင် | Sphagnum |
| စီကွိုင်ယာပင် | Sequoia |
| စီဒါပင် | Cedar |
| စီရာတော့တယ်ရစ် သယ်လစ်ထရွိုက်ဒီ | *Ceratopteris thalictroides* |
| စီလိုဂျင်းသစ်ခွ | Coelogyne |
| စူလတန်ဘုရင်၏ထီးပင် | Sultan's parasol |
| စက္ကူပိုးစာပင် | Paper mulberry |
| စက္ကူအခေါက်ပင် | Paperbark tree |
| စိန့်ဂျွန်စဝပ်ပင် | Saint-John's-wort |
| | |
| ဆာဂူအာရိုရှားစောင်းပင် | Saguaro cactus |
| ဆီဆယ်ပီနီယာ ဂျပွန်နီကာ | *Caesalpinia japonica* |
| ဆီဒမ် ကန့်ရှာတီကမ် | *Sedum kamtschaticum* |
| ဆီရေရှမ် ဖတ်စကမ် | *Ceratium fuscum* |
| ဆော်လမွန်၏ တံဆိပ်တုံးပင် | Solomon's seal |
| ဆိုရယ်ပင် | Sorrel |
| ဆိုးသစ်ဆယ်ပင် | Sowthistle |
| ဆက်ကဇီဖရက်ပင် | Saxifrage |
| ဆက်ပရိုလက်ဂနီယာ မိုနိုက်ကာ | *Saprolegnia monoica* |
| ဆိုက်ကလာမင်ပင် | Cyclamen |
| ဆိုက်တီဆတ် စကိုပေးရီးယတ် | *Cytisus scoparius* |
| ဆိုက်တိုပလာဇမ် | Cytoplasm |
| ဆိုက်ပရက်ပင် | Cypress |
| ဆိုက်ပရတ် မိုက်ကရွိုင်ရီယာ | *Cyperus microiria* |
| ဆိုက်လိုဖိုက် | Psilophyte |
| ဆင်ကိုကော့ကတ် | Synechococcus |
| ဆင်ကိုနာပင် | Cinchona |
| ဆင်ဗီဒီယမ်သစ်ခွ | Cymbidium |
| ဆင့်ကဲဖြစ်စဉ်ဇာစ်မြစ် | Evolutionary root |
| ဆောင်းဟေဇယ်ပင် | Winter hazel |
| ဆိုင်လိုတမ် နယူဒမ် | *Psilotum nudum* |
| ဆိုင်အေသီယာဖန်းပင် | Cyathea |
| ဆစ်ကမိုးပင် | Sycamore |
| ဆစ်ထရတ် ဂျပွန်နီကာ | *Citrus japonica* |
| ဆပ်ဗယ်ရီပင် | Soapberry |
| ဆယ်လဗီနီယာ | Salvinia |
| ဆယ်လာဂျီနယ်လာ ဝီလဒီနိုဗီအိုင် | *Selaginella wildenovii* |
| ဆယ်လီယိုတာ ကင်ပက်စထရစ် | *Psalliota campestris* |
| ဆယ်လူလို့ | Cellulose |
| | |
| ညနေပရင်းမရို့ပင် | Evening-primrose |
| | |
| တဘက်စိမ့်ခြင်း | Osmosis |
| တရားဟောစင်မြင့်ပေါ်ရှိဂျက်ပင် | Jack-in-the-pulpit |
| တရုတ်ခေါင်းလောင်းပန်း | Chinese bellflower |
| တရုတ်ဟက်ဗယ်ရီပင် | Chinese hackberry |
| တရုတ်အဖူးနီပင် | Chinese redbud |
| တီ–၂ ဗက်တီရီယိုဖေ့ | T 2 bacteriophage |
| တေနီယိုဖီလမ် အော်ဗကျူဆန် | *Taeniophyllum obtusum* |
| တက်စေးစီး | Taxaceae |
| တင်းပုတ်မှို | Club fungus |
| တင်းပုတ်ရေညှိပင် | Club moss |
| တောင်ကုန်းချယ်ရီပင် | Hill cherry |
| တောင်ကြားနှင်းပန်းပင် | Lily of the valley |
| တိုင်းပင် | Thyme |
| တစ်ရှူး | Tissue |
| တယ်ရီဒိုဖိုက်တာ | Pteridophyta |
| တယ်ရိုကယ်ရီယာ ရွိုင်ဖိုလီယာ | *Pterocarya rhoifolia* |
| တယ်ရစ် မာလတီဖီဒါ | *Pteris multifida* |
| | |
| ထရိုင်စကိုဆန်သီပင် | Triscosanthes |
| ထရိုင်ဆီရေရှမ် | Triceratium |
| | |
| ဒရော်ဆာရေးစီး | Droseraceae |
| ဒရယ်ဖို့ချိုဖန်းပင် | Stag's horn fern |
| ဒါဝင် ကျူးလစ်ပင် | Darwin tulip |
| ဒီဂျိဝါသီယာ ခရိုင်ဆင်သာ | *Degeworthia chrysantha* |
| ဒီအင်အေ | DNA (Deoxy-ribose nucleic acid) |
| | |
| ဒူဇီယာ | Deutzia |
| ဒေါ့ဂဝုပင် | Dogwood |
| ဒေါ့ပင် | Dock |
| ဒက်ဖနီ ဆူဒို-မီဇာရီယမ် | *Daphne pseudo-mezereum* |
| ဒက်ဖနီမွှေးပင် | Sweet daphne |
| ဒက်ဖိုဒယ်ပင် | Daffodil |
| ဒေါက်ဂလတ်ဖားပင် | Douglas fir |
| ဒင်ဒရိုဗီယမ်သစ်ခွ | Dendrobium |
| ဒိုင်နိုဖလက်ဂျယ်လိတ် | Dinoflagellate |
| ဒိုင်ယန်သတ် ဂျပွန်နီကတ် | *Dianthus japonicus* |
| ဒိုင်ယန်သတ် ဗာဗေးတတ် | *Dianthus barbatus* |
| ဒိုင်အာတမ် | Diatom |
| ဒစ်ချီဒီယာ အက်စတီဖာနာ | *Dischidia astephana* |
| ဒတ်ချ်ဆေးတံပင် | Dutchman's pipe |
| ဒန်ဒီလိုင်ယန်ပင် | Dandelion |
| | |
| နဂါးခေါင်းအတုပင် | False dragonhead |
| နဂါးလျှာဖန်းပင် | Dragon tongue fern |
| နယူကလီယ | Nucleus |
| နယူကလီအစ်အက်ဆစ် | Nucleic acid |
| နယူးဂီနီ သစ်မာတွားသွားပင် | New Guinea creeper |
| နာစစ်ဆတ်ပင် | Narcissus |
| နီတမ်ပင် | Gnetum |
| နီဖရိုလစ်ပစ် ကော်ဒီဖိုလီယာ | *Nephrolepis cordifolia* |
| နီယမ် ကတ်စပီဒေတမ် | *Mnium cuspidatum* |
| နေ့နှင်းပန်းပင် | Day lily |
| နော့စတော့ | Nostoc |
| နော့တီလူကာ | Noctiluca |
| နွားမျက်စိဒေစီပင် | Wild ox-eye daisy |
| | |
| ပဇိုက်ဇာ | Peziza |
| ပရူနတ် တိုမင်တိုဆာ | *Prunus tomentosa* |
| ပရူနတ် ဒိုမက်စတီကာ | *Prunus domestica* |

| | |
|---|---|
| ပရူနတ် မူမီ | *Prunus mume* |
| ပရိုတိုပလာဇမ် | Protoplasm |
| ပရင်းမရို့ပင် | Primrose |
| ပလက်တီကိုဒွန် ဂရန်ဒီဖလောရတ် | *Platycodon grandiflorus* |
| ပလိန်းပင် | Plane |
| ပါစလိန်းပင် | Purslane |
| ပါနက်ဆတ် မြက်ပင် | Grass of Parnassus |
| ပါဖီယိုပယ်ဒီလမ်သစ်ခွ | Paphiopedilum |
| ပါမီလီယာ တူဗူလိုဆာ | *Parmelia tubulosa* |
| ပီကျူနီယာပင် | Petunia |
| ပီတိုင်းပင် | Petai |
| ပီအိုနီ သစ်မာပင် | Tree peony |
| ပုလင်းဆေးဝက်မှင်ဘီးပင် | Bottle-brush tree |
| ပေါ့ပလာပင် | Poplar |
| ပေါ်တူလက်ကာ ဂရန်ဒီဖလော်ရာ | *Portulaca grandiflora* |
| ပေါ်ဖီရာ တီနီရာကီဂျယ်လမ် | *Porphyra tenerakijellum* |
| ပေါ်လီဂလာ | Polygala |
| ပေါ်လီဂလေးစီး | Polygalaceae |
| ပေါ်လီထရစ်ကမ် ဂျူနီပါရီနမ် | *Polytrichum juniperinum* |
| ပေါ်လိုနီယာပင် | Paulownia |
| ပိုဂိုနေတမ် မက်ကရိုဖီလမ် | *Pogonatum macrophyllum* |
| ပင်စီပင် | Pansy |
| ပင်နယူလေးရီးယား | Pinnularia |
| ပင်နီဆီလီယမ် | Penicillium |
| ပင်ရေပြန်ခြင်း | Transpiration |
| ပင်လယ်ကျွေပေါင်းပင် | Gulfweed |
| ပင်လယ် ဆလတ်ပင် | Sea lettuce |
| ပစ်ဂမီဝါးတားလီလီကြာပင် | Pygmy waterlily |
| ပစ်ဂမင့် | Pigment |
| ပတ်ဖဘော | Puffball |
| ပယ်လာဂိုနီယမ် ဆက်ဇမိုနီယမ် | *Pelargonium sazmonium* |
| ပယ်လီဆိတ် | Palisade |
| ပျံ့နှံ့ရောနှောခြင်း | Diffusion |
| ပြောင်းပေါ်ပီပင် | Corn poppy |
| | |
| ဖယောင်းပင် | Wax tree |
| ဖရီစီယာ ရီဖရက်တာ | *Freesia refracta* |
| ဖရုတ်တီကို့ လိုင်ကင် | Fruticose lichen |
| ဖရွန်း | Frond |
| ဖားပင် | Fir |
| ဖားပြုပ်နှင်းပန်းပင် | Toad lily |
| ဖီလိုဒင်ဒရွန်ပင် | Philodendron |
| ဖော်ကျွန်းထန်းပင် | Fortune's palm |
| ဖော်ဂက်မီနော့ပင် | Forget-me-not |
| ဖိုတိုဗက်တီးရီးယား | Photobacteria |
| ဖန်းဂတ် | Fungus |
| ဖန်းပင် | Fern |
| ဖျူရှီယာ ဟိုက်ဗရစ်ဒါ | *Fuschia hybrida* |
| ဖျူးကတ် အီဗင်နေစင် | *Fucus evanescens* |
| | |
| ဗနီလာပင် | Vanilla |
| ဗရက်ကင်ပင် | Bracken |
| ဗရိုင်ယာပင် | Briar |
| ဗရိုင်ယိုဖိုက်တာ | Bryophyta |

| | |
|---|---|
| ဗလူးဗယ်ရီပင် | Blueberry |
| ဗလတ်ဒါရက်ပင် | Bladderwrack |
| ဗာဇင်နီယာပင် | Bazzania |
| ဗာဗီနာ ဟိုက်ဗရစ်ဒါ | *Verbena hybrida* |
| ဗာဗယ်ရီပင် | Barberry |
| ဗာလဆာပင် | Balsa tree |
| ဗီပင် | Beech |
| ဗေအိုဗတ်ပင် | Baobab |
| ဗဲဟက်သာပင် | Bell heather |
| ဗိုလီတတ် အီဒူလစ် | *Boletus edulis* |
| ဗက်ဆီဒီယိုကပ် | Basidiocarp |
| ဗက်ဆီဒီယိုစပိုး | Basidiospore |
| ဗက်ဆီဒီယမ် | Basidium |
| ဗက်ဆီလိုင် | Bacilli |
| ဗိုက်တက်ပင် | Vitex |
| ဗိုက်တစ် ထရိုင်ဖိုလီယာ | *Vitis trifolia* |
| ဗင်ဂျီယာ အာထရိုပါပျူရီယာ | *Bangia atropurpurea* |
| ဗင်ဇိုင်းသစ်မာပင် | Benzoin tree |
| ဗင်ဒါသစ်ခွ | Vanda |
| ဗိုင်အိုလာ ဂရစ်ပိုဆာရက် | *Viola grypoceras* |
| ဗိုင်အိုလက်မျိုးရင်း | Violet family |
| ဗစ်စကမ် အယ်လဗမ် | *Viscum album* |
| ဗစ်ဒယ်ဖီးယား | Biddulphia |
| ဗတ်ပင် | Birch |
| ဗတ်ခဝှိပင် | Buckwheat |
| ဗတ်တာကပ်ပင် | Buttercup |
| ဗတ်တာဝပ်ပင် | Butterwort |
| ဗတ်လီယာ ဒေဗီဒီ | *Buddleya davidi* |
| ဗုဒ္ဓလက်ချောင်းတော်များအပင် | Buddha's fingers |
| ဗန့်ဗယ်ရီပင် | Bunchberry |
| ဗပ်အတက် | Bulb |
| ဗယ်ရင်ဝပ်ပင် | Barrenwort |
| ဗယ်လာဒိုနာပင် | Belladonna |
| ဗယ်လာရီယန်ပင် | Valerian |
| | |
| ဘရာဇီးတစ်စေ့သီးမျိုးရင်း | Brazil-nut-tree family |
| ဘဲဝပင် | Octopus tree |
| | |
| မရဏဦးထုပ်မှို | Death-cap |
| မဟော်နီယာ ဂျပွန်နီကာ | *Mahonia japonica* |
| မာကင်ရှာ ပေါ်လီမော်ဖာ | *Marchantia polymorpha* |
| မာဂျော်ရမ် | Marjoram |
| မာတယ်ပင် | Myrtle |
| မီဆင်ဗရိုင်ယန်သမမ်မျိုးရင်း | Mesembryanthemum family |
| | |
| မီလိုဆီရာ | Melosira |
| မီးပေါင်းပင် | Fireweed |
| မူဆာ တက္ကတီလစ် | *Musa textilis* |
| မေပယ်ပင် | Maple |
| မော်ရယ်မှို | Morel |
| မက်ကရင်ဂါပင် | Macaranga tree |
| မက်ဂနိုလီယာ ကိုဗတ် | *Magnolia kobus* |
| မက်ဂနိုလီယာ ဂရန်ဒီဖလော်ရာ | *Magnolia grandiflora* |
| မက်ဂနိုလီယာ လီလီဖလော်ရာ | *Magnolia liliiflora* |

| | |
|---|---|
| မက်တာစီကွိုင်ယာပင် | Metasequoia |
| မက်ဒါပင် | Madder |
| မက်မန်းယူးပင် | Plum yew |
| မက္ကဆီကိုရှားစောင်းပင် | Mexican catcus |
| မိုက်ကရိုစစ်စတစ် | Microcystis |
| မိုက်ချီလီယာ ဖီဂို | *Michelia figo* |
| မိုက်တိုခွန်ဒရီးယား | Mitochondria |
| မယ်ရစ်စမိုပီဒီယာ | Merismopedia |
| မျိုးစု | Genus |
| မျိုးစိတ် | Species |
| မျိုးဆက်တလှည့်စီဖြစ်ခြင်း | Alternation of generations |
| မျိုးပြား | Variety |
| မျိုးယဉ် | Cultivar |
| မျိုးရင်း | Family |
| မျက်ဝန်းပြာမြက်ပင် | Blue-eyed grass |
| မြေခွေးလက်အိတ်ပင် | Foxglove |
| မြေထဲပင်လယ် နာစစ်ဆတ်ပင် | Mediterranean narcissus |
| မြေပြင်ကြယ်ပွင့်မှို | Earth star |
| မြေအိုင်ဗီပင် | Ground ivy |
| မြက်ထုံးကြီးပင် | Giant knotgrass |
| မြောက်အမေရိက ယတ်ကာပင် | North American yucca |
| မြင်းမြီးပင် | Horsetail |
| မြွေလျှာဖန်းပင် | Adder's tongue fern |
| | |
| ယူချီယူမာ ဂရာစီလစ် | *Eucheuma gracilis* |
| ယူဂလီနွိုက် | Euglenoid |
| ယူဂျီနီယာ ကယ်ရီယိုဖီးလတ် | *Eugenia caryophyllus* |
| ယူဂျီနီယာ အေကွီယာ | *Eugenia aquea* |
| ယူဖော်ဗီယာ စပလင်ဒင် | *Euphorbia splendens* |
| ယူဖော်ဗီယာ ဟယ်လီယိုစကိုပီယာ | *Euphorbia helioscopia* |
| ယူးပင် | Yew |
| ယင်ကောင်မှို | Fly agaric |
| | |
| ရီစီအိုကာပတ် နေတင် | *Ricciocarpus natans* |
| ရူးဗတ် | Rubus |
| ရေခဲပင် | Ice plant |
| ရေသူမယပ်တောင်ပင် | Mermaid's fan |
| ရေသူမဝိုင်ဖန်ခွက်ပင် | Mermaid's wineglass |
| ရေအိုင်ပေါင်းပင် | Pondweed |
| ရိုဒီမီနီယာ ပေါ်လီနိုတာ | *Rhodymenia polynota* |
| ရိုဒိုဒင်ဒရွန် ဂျပွန်နီကတ် | *Rhododendron japonicus* |
| ရိုဒိုဒင်ဒရွန် မက်ကရိုဆက်ပလမ် | *Rhododendron macrosepalum* |
| ရို့စမေရီပင် | Rosemary |
| ရက်ဖလီဆီယာပင် | Rafflesia |
| ရင်ဂတ်ပင် | Ranghas |
| ရိုင်ဇုမ်း | Rhizome |
| ရတ်စဘယ်ရီပင် | Raspberry |
| ရှိဆိုရယ်ပင် | Sheep sorrel |
| ရှိုရီးယား ကာတစ်ဆီအိုင် | *Shorea curtisii* |
| ရှိုင်ဇိုသရစ် | Schizothrix |
| | |
| လာဗင်ဒါပင် | Lavender |
| လာမီနေးရီးယား ဂျပွန်နီကာ | *Laminaria japonica* |
| လီယွန်တိုပိုဒီယမ် ဂျပွန်နီကမ် | *Leontopodium japonicum* |
| လူပင်အပင် | Lupin |
| လူသေလက်ချောင်းမျှားအပင် | Dead men's fingers |
| လေညင်းနှင်းပန်းပင် | Zephyr lily |
| လေးဒီးစလစ်ပါ သစ်ခွ | Lady's slipper |
| လော်ရယ်ပင် | Laurel |
| လိုဗီလီယာ ကီနိုင်စစ် | *Lobelia keniensis* |
| လိုဗီလီယာ အီရိုနတ် | *Lobelia erinus* |
| လက်ဘနွန်စီဒါပင် | Lebanon cedar |
| လင်ဒင်ပင် | Linden tree |
| လိုင်ကင် | Lichen |
| လိုင်စီချီတွန် ကင်ချာတင် | *Lysichiton camtshatense* |
| လစ်ကိုရစ် ရေဒီယာတာ | *Lycoris radiata* |
| လစ်ဂနမ် ဗိုက်တေ | Lignum vitae |
| လစ်ဗာဝပ် | Liverwort |
| လတ်ချ်ပင် | Larch |
| လန်ဒန်ပလိန်းပင် | London plane |
| လုံမပျိုကေသာဖန်းပင် | Maidenhair fern |
| လွန်းပုံအိတ်အရွက်ပင် | Spindle-shaped bladderleaf |
| လှုပ်ယမ်းမြက်ပင် | Quaking grass |
| | |
| ဝါမီယာ ဆတ်ဖရူတီကိုဆာ | *Wormia suffruticosa* |
| ဝါးတားစတစ်ချဝပ်ပင် | Water stitchwort |
| ဝေးဖဲရင်းပင် | Wayfaring |
| ဝဲလဝစ်ရှီယာ ဗေနီစီအိုင် | *Welwitschia bainesii* |
| ဝက်အူချောင်းပင် | Sausage tree |
| ဝင်းတားဂရင်း | Wintergreen |
| ဝစ်စတီးရီးယားပင် | Wisteria |
| ဝစ်ဟေဇယ်ပင် | Witch hazel |
| ဝှစ်ဖန်းပင် | Whisk fern |
| | |
| သကြားမေပယ်ပင် | Sugar maple |
| သရစ်ပင် | Thrift |
| သူယာပင် | Thuja |
| သူယော့ပစစ်ပင် | Thujopsis |
| သစ်ဆယ်ပင် | Thistle |
| သန္တာမှို | Coral fungus |
| သယ်လတ် | Thallus |
| | |
| ဟိမဝန္တာ စီဒါပင် | Himalayan cedar |
| ဟေဇယ်နတ်ပင် | Hazelnut |
| ဟော်လီပင် | Holly |
| ဟော်သွန်ပင် | Hawthorn |
| ဟောက်စလိပင် | Houseleek |
| ဟိုက်ဒရီလာ ဗာတီစီလာတာ | *Hydrilla verticillata* |
| ဟိုက်ဒရိုကဲရစ်ပင် | Hydrocharis |
| ဟင်းမလော့ပင် | Hemlock |
| ဟိုင်ယာဆင့်ပင် | Hyacinth |
| ဟစ်ဗစ်စကတ် ဂျပန်မျိုး | Japanese sea hibiscus |
| ဟစ်ဗစ်စကတ် ဆီးရီးယားမျိုး | Syrian hibiscus |
| ဟစ်ဗစ်စကတ် တရုတ်မျိုး | *Hibiscus manihot* |
| ဟန်းနီးဆတ်ကယ်ပင် | Honeysuckle |

| | |
|---|---|
| ဟယ်လီဗိုရတ် | Helleborus |
| ဟွန်ကင်ယာ ဖိစီဖိုလီယာ | *Honckenya ficifolia* |
| ဟွန်ဒူရတ် မဟော်ဂနီ | Honduras mahogany |
| | |
| အကေးရှားပင် | Acacia |
| အစာဖွဲ့စည်းခြင်း | Photosynthesis |
| အနာပျောက်ဆေးပင် | Self-heal |
| အနံ့ဆိုးဖျံကောင်ဂေါ်ဖီထုပ်ပင် | Skunk cabbage |
| အနက်ရောင်နှင်းပန်းမျိုးရင်း | Black-lily family |
| အနက်ရောင်ဖရစ်တီလေရီပင် | Black fritillary |
| အပြန်အလှန် အကျိုးပြုသဘော | Symbiosis |
| အမျိုးသမီးလက်ချောင်းအပင် | Lady's finger |
| အမျိုးအစားခွဲခြားခြင်း | Classification |
| အမြောက်ဆန်ပင် | Cannonball tree |
| အရှေ့တိုင်း ယူးပင် | Oriental yew |
| အရှေ့အာရှ ကျားနှင်းပန်းပင် | East Asian tiger lily |
| အလံပြာပင် | Blue flag |
| အလံဝါပင် | Yellow flag |
| အာချီဗက်တီးရီးယား | Archaebacteria |
| အာတီချုတ် | Artichoke |
| အာဖရိကကျူးလစ်သစ်မာပင် | African tulip tree |
| အာဖရိက ဗိုင်အိုလက်ပင် | African violet |
| အာမီလေးရီးယား အီဒိုဒက် | *Armillaria edodes* |
| အာရှအိန္ဒိယဆေးတံပင် | Asian Indian pipe |
| အာအင်အေ | RNA(Ribose nucleic acid) |
| အားဂေါ့မှို | Ergot |
| အီချီမိုညီဂန္ဓမာပန်း | Ichimonyi chrysanthemum |
| အီစတာနှင်းပန်းပင် | Easter lily |
| အီတလီ ဆိုက်ပရက်ပင် | Italian cypress |
| အီပီစီယာပင် | Episcia |
| အီဖီဒရာပင် | Ephedra |
| အေကင်သတ် ဟာဆူတတ် | *Acanthus hirsutus* |
| အေကွန်နီတမ် | Aconitum |
| အေဇိုလာ | Azolla |
| အေတီပီ | ATP (Adenosine triphosphate) |

| | |
|---|---|
| အေဒိုနစ် အေမူရင်းဆစ် | *Adonis amurensis* |
| အေဗီစင်နီယာ မာရီနာ | *Avicennia marina* |
| အေမာနာ အီဒူလစ် | *Amana edulis* |
| အဲလမ်းပင် | Elm |
| အော်စမန်ဒါ ဂျပ္ပန်နီကာ | *Osmunda japonica* |
| အော်တိုဂရတ်ပင် | Autograph tree |
| အော်တမ် ကရိုကတ်ပင် | Autumn crocus |
| အော်လဒါပင် | Alder |
| အက်ကီးဗီးယား ကွင်နေးတား | *Akebia quinata* |
| အက်ကီးဗီးယား ထရိုင်ဖိုလီယေးတား | *Akebia trifoliata* |
| အက်စကိုကပ် | Ascocarp |
| အက်စပါဂျီလတ် အိုရိုင်ဇေ | *Aspergillus oryzae* |
| အက်စဖိုဒယ်ပင် | Asphodel |
| အက်ဗော်နီမျိုးရင်း | Ebony family |
| အောက်ဇာလစ်ပင် | Oxalis |
| အိုက်စလန်ရေညှိပင် | Iceland moss |
| အင်ကီယန်သတ် ပီရူလေးတတ် | *Enkianthus perulatus* |
| အင်ဂျယ်လီကာပင် | Angelica |
| အင်ဇိုင်း | Enzyme |
| အင်ထရိုမော်ဖာ ကွန်ပရက်ဆာ | *Enteromorpha compressa* |
| အင်ဒိုဒါမိုဖိုက်တွန် ကွန်ဆင်ထရိကမ် | *Endodermpohyton concentricum* |
| အင်ဒိုပလတ်စမစ် ရက်တီကူလမ် | Endoplasmic reticulum |
| အင်နီမို ရက်ဒီယာနာ | *Anemone raddeana* |
| အင်သူရီယမ် | Anthurium |
| အိုင်းရစ်မျိုးရင်း | Iris family |
| အန်ကာရီယာ | Uncaria |
| အိန္ဒိယကျိတ်ပင် | Job's tears |
| အိန္ဒိယရာဘာပင် | India rubber tree |
| အယ်ရီကာ မမ်မိုဆာ | *Erica mammosa* |
| အယ်လဂျီကိုလိုနီ | Algae colony |
| အယ်လပိုင်းစနိုးဗဲပင် | Alpine snowbell |
| ဥယျာဉ်စိုက်မေပယ်ပင် | Garden maple |
| ဥရောပ စပျစ် ဟိုင်ယာဆင့်ပင် | European grape hyacinth |



ကက်တလီယာသစ်ခွ



အုန်းငှက်ပျော



ရေတကောင်းပင်



ဒင်ဒရိုဗီယမ်သစ်ခွ



ဗေအိုဗတ်သစ်မာပင်



သစ်မာဖန်းပင်



ဗင်ဒါသစ်ခွ



မွန်စတယ်ရာ ဒီလီစီယိုဆာ



အုန်းပင်


ဆပ်သွားဖူးပင်


ခေါင်ရန်း


ဆာဂူအာရိုရှားစောင်းကြီး


ဗောဓိညောင်


စိန်ပန်း


ပါပိုင်းရတ်


ရာဘာပင်


ပုလင်းပုံအုန်းမျိုး


ဂျိုင်းယင့်ဝါးတားလီလီ

Read more Shwe Thway Journals at




➜ Click below link ➜

https://www.facebook.com/shwethwayjournal/